ရောင်လမ်း

၁၉၅၇ ဖေဖြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957 **The Mirror Daily**

၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၃ ရက် တနင်္ဂနေနေ့ 10, Sunday April 2016 (စာမျက်နှာ ၂)

သီတဂူဆရာတော်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်လွှာ

နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ စိတ်ဓာတ်ရေးခေါင်းဆောင်များ အားလုံးကို တိုက်တွန်းလိုပါသည်။ ပန်းချီဆရာသည် ကြည်လင်သောစိတ်ကိုမွေး၍ လှပသော ကြည်နူးဖွယ်ကောင်းသော ပန်းချီကားချပ်ကို ရေးဆွဲသကဲ့သို့ သင်တို့၊ ငါတို့၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး ပန်းချီဆရာများအားလုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သဒ္ဓါ၊ ပညာဟူသော လှပသောစိတ်ဓာတ်များမွေး၍ သင်တို့၊ ငါတို့နေရာ ဤကမ္ဘာကို လှပပျော်ရွှင်ဖွယ်ကောင်းသော ကမ္ဘာကြီးတစ်ခုဖြစ်လာအောင် (လှပသောပန်းချီကားတစ်ချပ်ကို ရေးဆွဲသကဲ့သို့) ဝိုင်းဝန်း၍ ရေးဆွဲပေးကြပါဟု တောင်းပန်တိုက်တွန်းလိုက်ရပါသည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတိုင်းကို လှပအောင်ဖန်တီးနိုင်ကြပါစေ
"သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ"

စာမျက်နှာ - ၃

ကိုယ်စီအသိတရားဖြင့် ပျော်ရွှင်စွာဆင်နွဲ မန်းသကြီန်အတာရေသဘင်ပွဲ

မကြာမီရက်ပိုင်းအတွင်း ကျရောက်တော့မည့် မန္တလေးမြို့တော် မဟာသကြီန်ပွဲတော်ကြီးကို အေးချမ်းပျော်ရွှင်စွာ နွဲပျော်နိုင်စေရန် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်။

မန္တလေး ၈ဖြီ ၉

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာတို့၏ ရိုးရာမဟာသကြီန်ပွဲတော်ကြီးကို မြန်မာနိုင်ငံအနှံ့အပြား ပျော်ရွှင်စွာဆင်နွဲကြတော့မည်ဖြစ်ရာ မန္တလေးမြို့တွင်လည်း သကြီန်ပွဲတော်နွဲပျော်ရန် မန္တလေးပြည်သူများက ပြင်ဆင်လျက်ရှိနေပေသည်။

ယခုနှစ်သကြီန်ပွဲတော်ကြီးကို အတိတ်ထူး၊ နမိတ်ထူးများဖြစ်ပေါ်စေရန်ရည်ရွယ်၍ မန္တလေးမြို့တွင် ပထမဆုံး အကြိမ်အဖြစ် သကြီန်အကြိုနေ့ အရုဏ်တက်တွင် သံယာအပါး ၁၀၀၀ ကို ဘုံဆွမ်းလောင်းလှူပွဲကျင်းပပြီး ညနေပိုင်းတွင် မြို့တော်မဟာသကြီန်မဏ္ဍပ်၌ ကျောင်းသူအင်အား ၁၅၀၀ နှင့် မန်းသည်ပင်ညိမ်းအဖွဲ့တို့၏ အဆို၊ အကများနှင့်အတူ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မန်းသကြီန်ပွဲတော်ကြီးကို ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် သကြီန်ပွဲတော်ဆင်နွဲရန် မန္တလေးကျေးပတ်လည်နှင့် မြို့တွင်းမဏ္ဍပ်ဆောက်လုပ်မှုအခြေအနေမှာလည်း ယမန်နှစ်ထက်များပြားစွာ ဆောက်လုပ်ထားသည့်အတွက် ယခုနှစ်မန္တလေးသကြီန်ပွဲတော်ကြီးသည် အထူးစည်ကားပျော်ရွှင်ဖွယ်ကောင်းမည့်ပွဲတော်ကြီးအဖြစ် မန်းပြည်သူများကမျှော်လင့်လျက်ရှိနေကြသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❍

မန္တလေးမြို့တော် မဟာသကြီန်မဏ္ဍပ် တည်ဆောက်ပြီးစီးနေသည်ကို တွေ့ရစဉ်။

ရေးမှူး

မေတ္တာလွှမ်းခြုံကာ မြန်မာနိုင်ငံ အောင်မြင်တိုးတက်ပါစေသတည်း

ပြည်သူလူထု၏ မဲပေးရွေးချယ် တစ်ခဲနက်ထောက်ခံမှုဖြင့် ပြည်သူ့အစိုးရ ပေါ်ပေါက်လာခဲ့သည်မှာ ရက်ပိုင်းမျှသာရှိသေးသော်လည်း ပြည်သူလူထု၏ အကျိုးနှင့်ဆန္ဒကို ရှေးရှုပြီးဆောင်ရွက်သည့် မြန်ဆန်သွက်လက်သော ခပ်စိပ်စိပ် လုပ်ရှားမှုများက မဲပေးရကျိုးနပ်ပေသည်ဟု ပြည်သူလူထု၏ အစိတ်အပိုင်း အသီးသီးက သဘောကျအားပေးနေခဲ့သည်။

ပြည်သူ့အစိုးရသစ်၏ အားသာချက်ကြီးတစ်ရပ်မှာ အမုန်းနှင့် အာဃာတ ကင်းစင်ပြီး မေတ္တာရှေ့ထားသော အခြေခံသဘောထားပင် ဖြစ်သည်ဟု ယူဆပါသည်။

မေတ္တာတရားကို ရှေ့ထားသည့် နိုင်ငံအုပ်ချုပ်ရေးစနစ်ဟူသည့် သဘောထားတွင်-

ရန်ပြုလာသည်ကို ရန်ကိုရန်ချင်း တုံ့နှင်းနေခြင်းဖြင့် အကျိုးမဲ့အဖြစ်မခံ။ မိမိကို နှိပ်စက်ကလူပြုခဲ့သူပင်ဖြစ်စေ အာဃာတဖြင့် လက်စားချေရေး စဉ်းပင် မစဉ်းစား။ အမုန်းတရား အမုန်းစကားပွားနေသူများကို ဘက်တုပ်ပြိုင်မနေဘဲ မေတ္တာထားနိုင်ရေးသာ ဂရုပြုပွားများ။ အယူအဆမတူသူကို အယူအဆမတူ ခွင့်ပေးကာ၊ သဘောထားချင်း မတူသူများကို သဘောမတူခွင့်ပေးကာ တရားမျှတမှု၊ တန်းတူညီမှု၊ လူ့အခွင့်အရေး၊ ဥပဒေတို့နှင့်အညီဖြစ်ရေးတို့ကိုသာ အဓိက အာရုံထားခြင်းတို့ ပါဝင်နေသည်။

ယင်းသို့သော မေတ္တာတရားကို ယုံကြည်အားထားသော အယူအဆနှင့် သဘောထားက အစိုးရသစ်၏ အားသာချက်ဖြစ်သည်ဟု ယူဆပါသည်။

အုပ်ချုပ်ရေးတာဝန်ယူနေရသူများ၊ ဥပဒေပြုရေးတာဝန်ယူနေရသူများ၊ တရားစီရင်ရေးတာဝန်ယူနေရသူများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကိုသာ ရှေးရှု၍ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားဘက် စိတ်မျှမလည်နိုင်အောင် ခေါင်းဆောင်လုပ်သူက ဦးဆောင်ကာ စည်းရုံးထိန်းကွပ်ထားနိုင်ဖို့ အားထုတ်နေခြင်းသည်လည်း အားရစရာဖြစ်ပါသည်။ သည်လိုသာထိန်းကွပ်နိုင်ပြီဆိုလျှင် လက်ငင်းရင်ဆိုင်နေရသော ကိုယ်ကျိုးရှာမှု၊ မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု စသည့် ပြဿနာများကို အများအပြား လျော့ကျသွားအောင် လုပ်နိုင်မည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး နှစ်အနည်းငယ်မျှသာ ပြည်သူတို့၏ လွတ်လပ်ရေး ဒီမိုကရေစီရေး၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် တန်းတူညီရေး တို့ အတော်အသင့်ရှိခဲ့ရပြီး စီးပွားရေးပြေလည်သောနိုင်ငံ ဖြစ်ခဲ့ရသည်။ အဲသည်နောက် နှစ်ပေါင်းများစွာ ရာစုနှစ်ဝက်ကျော်က အာဏာရှင်အဆက်ဆက်၏ ဖိနှိပ်မှု၊ ကိုယ်ကျိုးရှာမှု၊ အခွင့်ထူးခံမှု၊ ပြည်သူလူထုအပေါ် မညှာတာမှုတို့ကြောင့် ဆင်းရဲမွဲတေသော တိုင်းပြည်အဖြစ်ရောက်ခဲ့ရသည်။ ပြည်သူတို့မှာလည်း စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံလိုအပ်ချက်များအားလုံး ဒုတ်ဒုတ်ထိ ကျဆင်းခဲ့ရသည်။

ဤလိုအခြေအနေမှနေ၍ တိုင်းပြည်ကို အစကပြန်လည်စတင် ထူထောင်ရန် ပြည်သူ့အစိုးရအနေဖြင့် ပြည်သူ့အားကို အများကြီးလိုမည်ဖြစ်ပါသည်။ ပြည်သူလူထု၏ ထောက်ခံအားပေးကူညီမှုပေါ်တွင် ရပ်တည်၍ ပြည်တွင်းဖူလုံရေး၊ တိုးတက်ဖွံ့ဖြိုးရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နှစ်ဦးနှစ်ဝ အကျိုးတူ ဆက်ဆံနိုင်ရေးတို့ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်အပါအဝင် လူတန်းစားမျိုးစုံ၊ လူထုအဖွဲ့အစည်းမျိုးစုံတို့က တိုင်းပြည်နှင့် လူမျိုးအပေါ် မှန်ကန်သော မေတ္တာစေတနာတို့ဖြင့် အမျိုးသားသင့်မြတ်ရေးသဘောထားကို နာနာကိုင်စွဲပြီး တိုင်းပြည်တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြစေဖို့ နှစ်သစ်ကူးအကြို ဆုတောင်းရင်း တိုက်တွန်းလိုက်ရပါသည်။ ။



နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူ ၁၉၉ ဦးလွှတ်ပေးခဲ့

နေပြည်တော် ဧပြီ ၉

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများနှင့် စပ်လျဉ်းသည့်အမှုများမှ ရုပ်သိမ်းပြီးသူ ၁၃၈ ဦးကို ယမန်နေ့က လွှတ်ပေးပြီး ဖြစ်ကြောင်း သတင်းဖော်ပြပြီးဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထပ်မံရရှိသော သတင်းများအရ အမျိုးသား ၅၀ နှင့် အမျိုးသမီး ၁၁ ဦး ထပ်မံလွှတ်ပေးခဲ့သဖြင့် ယမန်နေ့က လွှတ်ပေးမှုစုစုပေါင်းမှာ အမျိုးသား ၁၆၁ ဦး၊ အမျိုးသမီး ၃၆ ဦးနှင့် ကလေးနှစ်ဦး စုစုပေါင်း ၁၉၉ ဦး ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးအကျဉ်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့်ဆက်နွယ်ပြီး အမှုရင်ဆိုင်နေကြရသူများအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းသောအမှုမှ ဧပြီ ၈ ရက်နေ့တွင် လွှတ်ပေးခဲ့သူများစာရင်း

စဉ်	တိုင်းဒေသကြီး ပြည်နယ်	မြို့နယ် အရေအတွက်	အမှုအရေ အတွက်	တရားခံ				မှတ်ချက်
				အမျိုးသား	အမျိုးသမီး	ကလေး	ပေါင်း	
၁	ပဲခူးတိုင်းဒေသကြီး	၂	၄	၇၆	၁၃	၂	၉၁	
၂	မကွေးတိုင်းဒေသကြီး	၁	၁	၁၄	၈	-	၂၂	
၃	ရန်ကုန်တိုင်းဒေသကြီး	၂၂	၆၇	၃၄	၁၂	-	၄၆	
၄	မန္တလေးတိုင်းဒေသကြီး	၃	၁၆	၃၇	၃	-	၄၀	
	စုစုပေါင်း	၂၈	၈၈	၁၆၁	၃၆	၂	၁၉၉	

အလုပ်သမားရေးရာဥပဒေ အသိပညာပေးဆွေးနွေး

ပဲခူး ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့စက်မှုနယ်မြေရှိ မြန်စတားအထည်ချုပ်စက်ရုံ၌ အလုပ်သမားရေးရာဥပဒေ အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအမည်ပြောင်းလဲခြင်းနှင့် ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ယခင်ဒဏ်ကြေး ၅၀၀ ကျပ်မှ သိန်း ၂၀ အထိ တိုးမြှင့်ထားခြင်းများကိုလည်းကောင်း၊ အသက်(၁၄)နှစ် မပြည့်သေးသော ကလေးလုပ်သားများခိုင်းစေခြင်း မပြုရန်နှင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းအတိုင်းထက်ပို၍ အချိန်ပိုခိုင်းစေခြင်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး အလုပ်သမားဥပဒေကို လေးစားလိုက်နာရန် ပိုမိုလိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၅၁ ခုနှစ်ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေနှင့် ၂၀၁၆ ခုနှစ် ဆိုင်မျိုးနှင့်အလုပ်ဌာနများ၏ ဥပဒေများကို တာဝန်ရှိသူများက အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီးနောက် တက်ရောက်လာကြသော ပဲခူးမြို့နယ်စက်ရုံများရှိ အလုပ်သမားဝန်ထမ်းများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)** ❐

ရေးမှူး
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာ်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်း၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေနွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးရုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရေးမှူး Mirror Publication 1991
၁၉၉၅ ခုနှစ် ဧပြီ ၁၆ တွင် စတင်ထည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆-၃၅၁ ၂၆၊ စာတည်းအဖွဲ့ ၀၆-၃၅၁ ၂၈၊ ၀၆-၃၅၁ ၃၀၀၊ ဖက်စ် ၀၆-၃၅၁ ၃၀၀၊
ရန်ကုန်စုံရုံးခွဲ - အမှတ် ၇၃ ၅၂ လမ်းနှင့် မဟာဗဒုံလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉ ၂၈၃ ၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဒီမံ/ဌေးရင်း ၀၁-၂၉ ၂၈၃၅၊ ဖြန့်ချိရေး ၀၁-၂၉ ၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၀၊ ဖက်စ် ၀၁-၂၀၃၃၅

သီတဂူဆရာတော် အရှင်ဥဏ္ဍိသရ နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာ

နှစ်သစ်ကူး မဂ်လာအခါသမယတွင် သီတဂူဆရာတော် အရှင်ဥဏ္ဍိသရ က ကြေးမုံသတင်းစာမှတစ်ဆင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးကို နှုတ်ခွန်းဆက်လွှာ ပို့သလိုက်သည်ကို ဖော်ပြလိုက်ပါသည်။

တစ်နှစ်ဟောင်း၍ တစ်နှစ်ပြောင်းခဲ့ပြန်ပါပြီ။ နှစ်တွေ၊ ခေတ်တွေ ပြောင်းသလို 'ရှုပ်'၊ 'နာမ်' ခန္ဓာတို့လည်း ဟောင်း၍ဟောင်း၍ ပြောင်းလဲခဲ့ပေါင်းများလုပါပြီ။

ဟောင်း၍ဟောင်း၍ ထားပစ်ခဲ့ရတဲ့နှစ်တွေမှာ ငါ့အတွက်၊ မိမိအတွက် သူတစ်ပါးလူသားတို့အတွက် ငါ၏လုပ်ဆောင်ချက်ကြောင့် အကျိုးအမြတ်ဘယ်လောက်ဖြစ်ထွန်း ကျန်ရစ်ခဲ့သလဲဆိုတာ စိစစ်စဉ်းစားသင့်ပါသည်။ မြတ်ဗုဒ္ဓက ဇာတ်တော်မှာ ဟောထားတာတစ်ခုရှိပါသည်။

'အချိန်သည် အချိန်ကိုစားသောကြောင့် အချိန်တွေကုန်၏။ အချိန်က လူကိုစားသောကြောင့် လူတွေလည်း ကုန်နေ၏။ အချိန်ကို နိုင်အောင်မစားနိုင်လျှင် ဘဝမှာ အရှုံးထွက်မည်။ ဘဝအတွက် အမြတ်ထွက်အောင် အချိန်ကို နိုင်အောင်စားရမည်' လို့ ဟောပါသည်။

ဒါကြောင့် မိမိတို့ဘဝတစ်သက်တာမှာ မိမိတို့လုပ်ထားသမျှ အလုပ်တို့၏အကျိုးအမြတ်များနှင့် ဆုံးရှုံးနစ်နာမှုများကို ပြန်လည်သုံးသပ်ကြပါလို့ တိုက်တွန်းလိုပါသည်။

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာတွင် ဤလောကတစ်ခုလုံးခြုံ 'ရှုပ်'၊ 'နာမ်'- နှစ်ပါးရှိသည်ဟု ဟောတော်မူပါသည်။ ထိုနှစ်ပါးတို့တွင် 'နာမ်'တရားက 'ရှုပ်' တရားကို ဦးဆောင်သည်ဟု ဟောတော်မူပါသည်။ 'နာမ်'(စိတ်)သည် 'ရှုပ်' လောကကို ဦးဆောင်နေပါသည်။ လူတို့စိတ်သည် လောကကြီးတစ်ခုလုံး၏ ရှေ့သွားခေါင်းဆောင်ဖြစ်ပါသည်။ လူ့စိတ်သည် အရာရာကိုဦးဆောင်ပါသည်။ ကောင်းမြတ်သောစိတ်သည် သာယာလှပသောကမ္ဘာကို ဖန်တီးတတ်သည်။ ယုတ်ညံ့သောစိတ်သည် အယုတ်ဆိုးသောကမ္ဘာကို ဖန်ဆင်းပါသည်။ ဤသည်ကား နိယာမ(Natural Law)ပင် ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတို့နှင့် တွဲဖက်နေသောစိတ်သည် အစွန်းရောက်၍ အရုပ်ဆိုးသောစိတ်ဖြစ်ပါသည်။ လောဘအစွန်းရောက်လျှင် လုယက်သိမ်းပိုက်ခြင်းတွေ အလွန်များကာ ကမ္ဘာကြီး အရုပ်ဆိုးနေပေလိမ့်မည်။ ဒေါသ၊ မာန အစွန်းရောက်လျှင် တိုက်ခိုက်သတ်ဖြတ် နှိပ်စက်ခြင်းဖြင့် ကမ္ဘာကြီး အရုပ်ဆိုးနေပါလိမ့်မည်။ မောဟစွန်း၊ အတ္တစွန်းရောက်လျှင်တော့ ပဋိပက္ခတွေ၊ တိုက်ခိုက်ခြင်းတွေနှင့် ကမ္ဘာကြီး အရုပ်ဆိုးနေပါလိမ့်မည်။

အထက်ဖော်ပြပါ အစွန်းရောက်စိတ်တွေကြောင့် ယနေ့ကမ္ဘာကြီးဟာ အလွန်အရုပ်ဆိုးနေပါပြီ။ ထို့ကြောင့် ဒီနေ့ ဒီနှစ်သစ်ကူးပွဲတော်ကြီးမှာ အစွန်းရောက်စိတ်တွေကို အလယ်လမ်းသို့ပြန်ရောက်အောင် ဝိုင်းဝန်းတောင်းဆိုပေးကြပါလို့ တိုက်တွန်းလိုက်ပါသည်။

လူ့စိတ်သည် ပန်းချီဆရာနှင့် တူတယ်လို့ မြတ်ဗုဒ္ဓဟောပါသည်။ ဒါဆိုလျှင် ဒီနေ့ကမ္ဘာ့နိုင်ငံခေါင်းဆောင်တွေအားလုံးက ကမ္ဘာကြီးရဲ့ ပန်းချီဆရာတွေပဲပေါ့။ ပန်းချီဆရာသည် ကြောက်မက်ဖွယ်ကောင်းသော ဘီလူး၊ သရဲ၊ လူဆိုးကားချပ်များကို ဆွဲတတ်သလို- ချစ်ခင်ပျော်ရွှင်ဖွယ်ကောင်းသော နတ်သမီး၊ နတ်သား၊ ပန်းဥယျာဉ် ပန်းချီကားများကိုလည်း ရေးဆွဲတတ်ပါတယ်။ ယနေ့ကမ္ဘာမှာ နိုင်ငံတော်တော်ခပ်များများ အလှပျက်၊ အရုပ်ဆိုးနေကြပါပြီ။

ထို့ကြောင့် နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ လူမှုရေးခေါင်းဆောင်များ၊ စိတ်ဓာတ်ရေးခေါင်းဆောင်များအားလုံးကို တိုက်တွန်းလိုပါသည်။ ပန်းချီဆရာသည် ကြည်လင်သော စိတ်ကိုမွေး၍ လှပသော၊ ကြည်နူးဖွယ်ကောင်းသော ပန်းချီကားချပ်ကို ရေးဆွဲသကဲ့သို့ သင်တို့၊ ငါတို့၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး ပန်းချီဆရာများအားလုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သဒ္ဓါ၊ ပညာ ဟူသော လှပသောစိတ်ဓာတ်များ မွေး၍ သင်တို့၊ ငါတို့နေရာ ဤကမ္ဘာကို လှပပျော်ရွှင်ဖွယ်ကောင်းသော ကမ္ဘာကြီးတစ်ခုဖြစ်လာအောင် (လှပသော ပန်းချီကားတစ်ချပ်ကို ရေးဆွဲသကဲ့သို့) ဝိုင်းဝန်း၍ ရေးဆွဲပေးကြပါဟု တောင်းပန်တိုက်တွန်း လိုက်ရပါသည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတိုင်းကို
လုပ်အောင် ဖန်တီးနိုင်ကြပါစေ
"သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ"

သီတဂူဆရာတော်
နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာ
၈. ၄. ၂၀၁၆

လွှတ်တော်များသည် ရှေ့ဆက်လုပ်ဆောင်ရမည့်လမ်းကြောင်းတွင် ထင်သာမြင်သာရှိအောင် ဆောင်ရွက်နိုင်မှသာ အောင်မြင်မည်

ရန်ကုန် ဧပြီ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော် မီဒီယာခန်းမ၌တွေ့ဆုံပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ ယနေ့ နိုင်ငံတော်တွင် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်ပြောင်းစနစ်ပြောင်းသို့ သွားရောက်မည့်အချိန်ဖြစ်၍ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများကိုယ်စား ဆောင်ရွက်ရသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာကြီး(၃)ရပ်တွင် ဥပဒေပြုရေးအာဏာကို ပီပီပြင်ပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများ၏ လိုအပ်ချက်နှင့် ဆန္ဒများကိုလည်း ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မိမိတို့ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် အခက်အခဲမရှိစေရန်လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို သေချာစွာ သိရှိနားလည်ထားရန် လိုအပ်ကြောင်း။

လွှတ်တော်များသည် ရှေ့ဆက်လုပ်ဆောင်ရမည့် လမ်းကြောင်းတွင် ထင်သာမြင်သာရှိအောင် ဆောင်ရွက်နိုင်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျရာတာဝန်ကို လေးစားတန်ဖိုးထား၍ ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်ကိုလည်း မှန်မှန်ကန်ကန်သုံးစွဲကြရန်နှင့် ကိုယ်စားလှယ်၏ကျင့်ဝတ်သိက္ခာနှင့်အညီ ပြောဆိုပြုမူနေထိုင်ကြရန် လိုအပ်ကြောင်း။

ယနေ့ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲများ မထားရှိဘဲ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားကို ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ဖြင့် အားလုံးညှိုးနှိုင်းနှိုင်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့စာလုပ်အားခငွေများ လျှာ့ဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့စာ လုပ်အားခရငွေများကို ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့ အောက်ဝါးနတ်ချောင်းကျေးရွာရှိ လူမှုစောင့်ရှောက်ရေးဂေဟာနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) သိမ်ချောင်းဝန်ထမ်းအိမ်ရာသို့ ယနေ့ သွားရောက်လျှာ့ဒါန်းခဲ့သည်။

ရှေးဦးစွာ လွှတ်တော်ဥက္ကဋ္ဌသည် မော်ဘီမြို့ ဝါးနတ်ချောင်းကျေးရွာရှိ လေလွင့်ကလေးငယ်များနှင့် တောင်းရမ်းစားသောက်သူများအတွက် ဖွင့်လှစ်ထားသော လူမှုစောင့်ရှောက်ရေး(အခြေအနေမဲ့ ထိန်းသိမ်းစောင့်ရှောက်ရေး)ဂေဟာသို့ သွားရောက်ပြီး ဂေဟာရှိအမျိုးသမီးဆောင်သန့်ရှင်းရေးအတွက် ဝန်ထမ်းဌားရမ်းခြင်းကိစ္စများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စများ၊ ဂေဟာရှိလူများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေမှုရှိစေရန် မှာကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက" လွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးရဲ့တစ်နေ့စာရတဲ့ လုပ်အားခတွေကို လျှာတာပါ။ ဒီမှာတွေ့တာက သန့်ရှင်းရေးအားနည်းချက်ပဲ။ သူတို့အတွက် သန့်ရှင်းရေးဝန်ထမ်းဌားဖို့ပြောထားခဲ့တယ်။ ကျွေးမွေးတာကတော့ အလှူရှင်တွေရှိတဲ့အတွက် ကောင်းပါတယ်။ အနုံအသက်မကောင်းလို့ ကျန်းမာရေးထိခိုက်နိုင်တဲ့အတွက် လိုအပ်တာတွေဆောင်ရွက်ဖို့ မှာကြားခဲ့ပါတယ်"ဟုပြောသည်။

အဆိုပါ မော်ဘီမြို့ အောက်ဝါးနတ်ချောင်းကျေးရွာရှိ လူမှုစောင့်ရှောက်ရေးဂေဟာအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များက ငွေကျပ် ၁၃ သိန်း ၅ သောင်းကိုလျှာ့ဒါန်းပြီး၊ Myanmar Helper ပရဟိတအဖွဲ့နှင့် ခိုလှုံရာ ပရဟိတအဖွဲ့တို့မှ သန့်ရှင်းရေးအသုံးစရိတ် ငွေကျပ် ၁၀ သိန်းကို လျှာ့ဒါန်းသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ သန့်ရှင်းရေးဝန်ထမ်းမိသားစုများနေထိုင်ရာ သိမ်ချောင်းဝန်ထမ်းအိမ်ရာသို့ သွားရောက်ပြီး ဝန်ထမ်းမိသားစုများနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေကျပ် ၉၆၀၀၀၀ လျှာ့ဒါန်းခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီက" ဒီဝင်းက သန့်ရှင်းရေးစည်ပင်ဝန်ထမ်းမိသားစုတွေနေတာပါ။ အခန်းလေးတွေကကျဉ်းတော့ သူတို့နေတဲ့ မိသားစုအတိုင်းအတာအတွက် တော်တော်ကြီးအဆင်မပြေတာတွေ့ရတယ်။ ကျန်းမာရေးစောင့်ရှောက်မှုကလည်း မရှိသလောက်ပဲ။ အခုနောက်ပိုင်းတစ်ပတ်တစ်ခါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ပေးတာတို့၊ အာဟာရကျွေးမွေးတာတို့ ပုံမှန်လေးလုပ်ပေးဖြစ်ပါတယ်။ ဒီထဲက ကလေးတွေကိုလည်း အသက်မွေးပညာနဲ့ပတ်သက်လို့ သင်တန်းတွေပေးသွားဖို့လည်း ရှိပါတယ်" ဟု ပြောသည်။

အဆိုပါလျှာ့ဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များတက်ရောက်ကြသည်။ **(သီသီမင်း)**

မြို့မဟောင်းများအသင်းက နှစ်ရက်ကြာ၍ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ မြို့မကျောင်းလမ်းနှင့် စကားဝါလမ်းပေါ်ရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ဧပြီ ၉ ရက် ညချမ်းချိန်ခါတွင် နှစ်သစ် သင်္ကြန်ပွဲတော်ကြီးဆိုပွဲကို ကျင်းပခဲ့သည်။

နှစ်သစ်ကူးအကြို သင်္ကြန်ပွဲတော်ကို မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ပဋ္ဌမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းသည် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများနှင့် အခြားသမိုင်းဝင်အထိမ်းအမှတ်နေ့အခမ်းအနားများကို နှစ်စဉ်မပျက်ကျင်းပဆင်နွဲသည့်အသင်းဖြစ်သည်။ သင်္ကြန်နှစ်ဦးအကြိုပွဲတော်ကို အသင်းဝင်များ၏ စုစည်းမှု၊ ညီညွတ်မှုနှင့် ချစ်ခင်ရင်းနှီးမှုများအပေါ် အခြေခံကာ စိတ်သစ်လူသစ်ဖြင့် နိုင်ငံတော်အတွက် ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးဟူသော ရည်မှန်းချက်များဖြင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။

သင်္ကြန်ပွဲတော်အကြိုနေ့ ကျင်းပရန် ပြက္ခဒိန်ရက်အလိုအားဖြင့် နှစ်ရက်ခန့်အလိုတွင် ဤသို့ကျင်းပခဲ့ရကြောင်းကို အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားရာတွင် မြို့မဟောင်းများအသင်းဝင်များသည် အသက်အရွယ်ကြီးရင့်သူများ အများစုပါဝင်နေခြင်း၊ သင်္ကြန်ရက်ကာလများအတွင်း အသင်းဝင်များ၏ နေရပ်များတွင် လူမှုရေးအရလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်တာဝန်ကျရောက်ခြင်း၊ အချို့သော မြို့မကျောင်းသား ကျောင်းသူဟောင်းများမှာ သင်္ကြန်တွင်၌ တရားဘာဝနာပွားများခြင်း၊ ခရီးသွားခြင်းများ ပြုလုပ်ရန်ရှိသဖြင့် ယခုကဲ့သို့ သင်္ကြန်အကြိုပွဲတော်ကို နှစ်ရက်စော ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ခေတ်သစ်၊ စနစ်သစ်၊ အစိုးရသစ်လက်ထက်တွင် ပိုမိုကောင်းမွန်သော အတွေးအမြင်သစ်များဖြင့် မတူကွဲပြားခြားနားသော အယူအဆရှိကြသည့် အဖွဲ့အစည်းများအားလုံး နိုင်ငံတော်အကျိုးကိုရှေးရှု၍ ပူးပေါင်းလုပ်ဆောင်ကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးတည်ဆောက်နိုင်ပါစေကြောင်း မြို့မဟောင်းများအဖွဲ့က ဆန္ဒပြုပါသည်ဟု ပြောကြားသည်။

ခင်မောင်ဝင်း(ကြေးမုံ)

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်း မပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့၊ နောက် နံပါတ်ပြား မပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

❍ ရှေ့ဖုံးမှ

မန္တလေးသင်္ကြန်ပွဲတော်ကြီးကို ဘေးအန္တရာယ်ကင်းရှင်း၍ အေးချမ်းပျော်ရွှင်စွာဆင်နွဲနိုင်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများကလည်း မဏ္ဍာပ်ခိုင်ခံ့မှု၊ မဏ္ဍာပ်တိုင်းတွင် CCTV ကင်မရာများတပ်ဆင်ထားရှိမှု၊ လုံခြုံရေးအင်အားချထားမှုနှင့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် မဏ္ဍာပ်အသီးသီးသို့ စစ်ဆေးမှုများ ပြုလုပ်နေသည့်အပြင် မြို့တွင်း၊ မြို့ပြင်ယာဉ်ကြောကြပ်တည်းမှုမဖြစ်ပေါ်စေရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မူးယစ်ရမ်းကား၍ ခိုက်ရန်ဖြစ်ပွားမှုများကို ကာကွယ်ရန်အတွက် ရဲတပ်ဖွဲ့အင်အားနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားများကိုလည်း မဏ္ဍာပ်အသီးသီး၊ လမ်းနေရာအသီးသီးတို့တွင် စနစ်တကျတာဝန်ချထားမှုများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင်လည်း သင်္ကြန်ကာလအတွင်းဖြစ်ပွားတတ်သည့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အရေးပေါ်ဖြစ်စဉ်များကုသပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည့်အပြင် မန္တလေးမြို့ရှိ လူမှုကူညီရေးအသင်းများမှလည်း လူနာတင်ယာဉ်များနှင့် အဖွဲ့ဝင်အင်အားများကိုလည်း အသင့်ပြင်ဆင်ထားရှိကြောင်း သိရသည်။

မကြာမီရက်ပိုင်းအတွင်းကျရောက်တော့မည့် မန္တလေးမြို့တော်မဟာသင်္ကြန်ပွဲတော်ကြီးကို အေးချမ်းပျော်ရွှင်စွာနွဲပျော်နိုင်စေရန် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်သည်နှင့်အညီ မန္တလေးပြည်သူများမှလည်း ကိုယ်စီအသိတရားရှိစွာဖြင့် ပျော်ရွှင်စွာဆင်နွဲနိုင်ပါစေကြောင်း မေတ္တာဖြင့် အကြံပြုရေးသားလိုက်ရပေသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သပြေပန်းနဲ့ ရေဗျန်းမည်

❋ ရေများရေနိုင် မီးများမီးနိုင်တဲ့
မီးများစဉ်တုန်းကတော့
ပြည်သူတွေမီးလိုပူခဲ့ကြ
နှစ်ပေါင်း(၅၀)တောင်မက
စားရေးအတွက် မီးလိုပူရ
နေရေးအတွက် မီးလိုပူရ။

❋ အခုတော့ ရေများပြီ
ပြည်သူတွေ ရင်ဝယ်သားလို
အေးမြရမည်။
စားရေးနဲ့ နေရေးအတည်
ရင်အေးကြစေမည့်အကြောင်း
နှစ်သစ်မှာဆုမွန်ချွေလို့
သပြေညို ကိုယ်စီဖျန်းပါ့မယ်
အေးချမ်းစေကြောင်း။

ဇအုပ်ခိုင်

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအားပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမဂ်လာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မဂ်လာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွေ့ပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမဂ်လာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊
(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာပါဝင် ဆင်နွဲနိုင်ရန်၊
(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေ ပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊
(ဃ) မြန်မာမှ၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊
(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊
(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊
(ဃ) သူတစ်ပါး(သို့မဟုတ်) အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊
(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန်ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊
(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ သင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

ငါးနှစ်သက်တမ်းရှိပြီဖြစ်တဲ့ ဆီးရီးယား ပြည်တွင်းစစ်မှာ ရုရှားနိုင်ငံဟာ သူ့ရဲ့အဓိက မဟာမိတ်ဖြစ်တဲ့ ဆီးရီးယား သမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရကို ကျားကန်ပေးဖို့စစ်ရေးအရ စွက်ဖက်မှုတွေကို အခိုင်အမာ ဝင်ရောက်ဆောင်ရွက်လာတာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ကာလကို ဆီးရီးယားနိုင်ငံမှာ ရုရှားနိုင်ငံရဲ့ ပထမစစ်ဆင်ရေးအရ စွက်ဖက်မှုကာလလို့ ရှုမြင်ကြပါတယ်။ ရုရှားနိုင်ငံရဲ့ စစ်ရေးအရ ကူညီပံ့ပိုးစွက်ဖက်မှုတွေကြောင့် ဆီးရီးယားသမ္မတ အာဆတ်ရဲ့ အစိုးရတပ်ဖွဲ့တွေဟာ ရှုံးပွဲတွေဆက်ပြီး အခြေအနေမကောင်းရာကနေ အပေါ်စီးအနေအထားလို့ ပြောနိုင်တဲ့အထိ အခြေအနေကောင်းလာပါတယ်။ ဒီတော့ ရုရှားနိုင်ငံစစ်ရေးစွက်ဖက်မှုတွေရဲ့ အဓိကရည်ရွယ်ချက်တွေက ဘာတွေလဲ။ ပထမရည်ရွယ်ချက်ကတော့ သမ္မတအာဆတ်ရဲ့ အစိုးရတပ်ဖွဲ့တွေကို အပေါ်စီးအနေအထားမျိုးရောက်လာအောင် ကျားကန်ပေးရင်း အနောက်နိုင်ငံတွေကို ဆီးရီးယားပြည်တွင်းစစ်မှာ စစ်ရေးအရ ပါဝင်စွက်ဖက်မှုတွေ တိုးမြှင့်ဆောင်ရွက်လာခဲ့ရင် အလျော်အစားကြီးလိမ့်မယ်ဆိုတာကို သတိပေးချင်တာပါ။ ဆီးရီးယားပြည်တွင်းစစ်မှာ အပြစ်မဲ့ပြည်သူတွေ သေဆုံးနေရတာကို ဟန့်တားကာကွယ်နိုင်ဖို့ လေယာဉ်မပျံသန်းရဇုန် ဒါမှမဟုတ် ဗုံးမကြဲရဇုန်တွေ သတ်မှတ်ဖို့ အနောက်နိုင်ငံတွေမှာ ဆွေးနွေးပြောဆိုနေတာမျိုးတွေ ရှိနေပါတယ်။ အာရပ်စော်ဘွားများနိုင်ငံ (UAE) နဲ့ ဆော်ဒီအာရေဗျနိုင်ငံတို့ကလည်း ဆီးရီးယားနိုင်ငံထဲ သူတို့မြေပြင်တပ်ဖွဲ့တွေ စေလွှတ်ဖို့ သုံးသပ်နေတာမျိုးတွေ ဆောင်ရွက်နေတာပါ။ ဒုတိယရည်ရွယ်ချက်ကတော့ ကမ္ဘာ့နိုင်ငံရေးမှာ အရေးအကြီးဆုံးဒေသဖြစ်တဲ့ အရှေ့အလယ်ပိုင်းဒေသမှာ သူ့ရဲ့ ဩဇာအာဏာနဲ့ လိုသလိုစိတ်ကြိုက်ပုံဖော်နိုင်စွမ်းကိုမြှင့်တင်ပြီး ရုရှားနိုင်ငံဟာ အမေရိကန်နိုင်ငံနဲ့ တန်းတူ မဟာအင်အားကြီးနိုင်ငံဆိုတာကို ပုံဖော်လိုတာပါ။

ဒီအဓိက မဟာဗျူဟာရည်မှန်းချက် နှစ်ရပ်နဲ့အတူ ပူးတွဲပါဝင်နေတဲ့ရုရှားနိုင်ငံရဲ့ နောက်ရည်မှန်းချက်နှစ်ရပ်ကတော့ အရှေ့အလယ်ပိုင်းဒေသရဲ့ တည်ငြိမ်မှုကို ထိန်းသိမ်းဖို့နဲ့ အစွန်းရောက်ဘာသာရေးအကြမ်းဖက်အဖွဲ့တွေရဲ့အနေအထားကို အားပျော့သွားအောင် ဖန်တီးဖို့ပါ။ ဆီးရီးယားသမ္မတ အာဆတ်အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်ကတော့ ရုရှားနိုင်ငံရဲ့စစ်ရေးပံ့ပိုးကူညီမှုတွေနဲ့ အစိုးရအပေါ် ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဓိကအတိုက်အခံတပ်ဖွဲ့တွေရဲ့အင်အားကို ရိုက်ချိုးဖို့ပါ။ ဒီလို ရိုက်ချိုးနိုင်ခဲ့ရင် အစွန်းရောက်ဘာသာရေးအကြမ်းဖက်အဖွဲ့တွေရဲ့ ဩဇာကြီးနိုင်မှုက ပိုကျယ်ပြန့်လာနိုင်ပါတယ်။ အဲဒီလို အနေအထားမျိုးမှာ အမေရိကန်နိုင်ငံအပါအဝင် အတိုက်အခံတပ်ဖွဲ့တွေကို ပံ့ပိုးကူညီနေတဲ့ နိုင်ငံတွေအဖို့ ဆီးရီးယားပြည်တွင်းစစ်ကို နိုင်ငံရေးအရအဖြေရှာရေးမှာ သမ္မတ အာဆတ်ရဲ့ အခန်းကဏ္ဍကို လက်ခံလိုက်တာက မနှစ်မြို့စရာဖြစ်ပေမယ့် အဖိုးအသက်သာဆုံး ရွေးချယ်စရာ ဖြစ်လာနိုင်ပါတယ်။ ဒီရွေးချယ်မှုကတစ်ဆင့် အစွန်းရောက် ဘာသာရေးအကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းရာမှာ အမေရိကန်နိုင်ငံဟာ ရုရှားနိုင်ငံနဲ့တောင် ပူးပေါင်းလာနိုင်တယ်လို့ မျှော်လင့်နေတာပါ။ သမ္မတအာဆတ်ဟာ သူ့ရဲ့နိုင်ငံရေး ရည်မှန်းချက်အောင်မြင်နိုင်ဖို့ အပြစ်မဲ့ဆီးရီးယား ပြည်သူတွေရဲ့အသက်ကိုစတေးပြီး ရက်ရက်စက်စက်ဆောင်ရွက်ခဲ့ပါတယ်။ ဆီးရီးယား အတိုက်အခံတပ်ဖွဲ့တွေ အခြေစိုက်တဲ့ဒေသတွေကိုထိုးစစ်ဆင်ရာမှာ သမ္မတ အာဆတ်ရဲ့ အစိုးရတပ်ဖွဲ့တွေက ဆီးရီးယားပြည်သူတွေရဲ့အသက်ကို မင့်ကွက်ဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပါတယ်။ အတိုက်အခံတပ်ဖွဲ့တွေကို ထောက်ခံကူညီနေတဲ့ ဆီးရီးယားပြည်သူတွေကိုပါရောပြီး ပြစ်ဒဏ်ခတ်တဲ့သဘောပါ။ ရုရှားလေကြောင်း စစ်ဆင်ရေးတွေကလည်း အစွန်းရောက်ဘာသာရေး အကြမ်းဖက်အဖွဲ့တွေကို မတိုက်ဘဲ အတိုက်အခံတပ်ဖွဲ့တွေ အခြေစိုက်ရာဒေသတွေကို ဆေးရုံလိုနေရာမျိုးပါမချန် တိုက်ခိုက်ခဲ့ပါတယ်။ ရည်ရွယ်ချက်က ဆီးရီးယားအတိုက် အခံတပ်ဖွဲ့တွေ ထိန်းချုပ်ထားတဲ့ဒေသတွေကို လူသူနေမရတဲ့ ဒေသတွေအဖြစ် ဖန်တီးပြီး အတိုက်အခံတပ်ဖွဲ့တွေအပေါ် ထောက်ခံမှုတွေကို ရိုက်ချိုးနိုင်ဖို့ပါ။

ရုရှားနိုင်ငံက ဆီးရီးယားသမ္မတ အာဆတ်တပ်ဖွဲ့တွေကို စစ်ရေးအကူပံ့ပိုးကူညီနေပေမယ့် ဆီးရီးယားနိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်ရာမှာတော့ ရုရှားသမ္မတပူတင်နဲ့ ဆီးရီးယားသမ္မတ အာဆတ်တို့ ကွဲလွဲမှုတွေရှိနေပါတယ်။ ရုရှားသမ္မတပူတင်ရဲ့ ရည်မှန်းချက်က ၂၀၁၅ ခုနှစ်အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ ဗီယင်နာငြိမ်းချမ်းရေးညီလာခံက ထွက်ပေါ်လာတဲ့ ဆီးရီးယားပြည်တွင်းစစ်ရပ်စဲရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ဖို့ပါ။ ဗီလမ်းပြမြေပုံအရ တစ်နိုင်ငံလုံးအပစ်ရပ်စဲ (အစွန်းရောက် ဘာသာရေးအဖွဲ့တွေတော့ အကျုံးမဝင်ပါဘူး) ပြီး ခြောက်လအတွင်း အသွင်ကူးပြောင်းရေး အစိုးရဖွဲ့စည်းပြီး (၁၈)လအတွင်း ကုလသမဂ္ဂက ကြီးမှူးကျင်းပမယ့် ရွေးကောက်ပွဲတွေကို ကျင်းပရမှာပါ။ သမ္မတအာဆတ်ကတော့ စစ်ရေးအရ အသာရလာခဲ့ရင် ဗီယင်နာငြိမ်းချမ်းရေးလမ်းပြမြေပုံကို ဘေးဖယ်ပြီး သူ့စိတ်တိုင်းကျ ချုပ်ကိုင်အကောင်အထည်ဖော်ချင်တာပါ။ သမ္မတအာဆတ်ရဲ့ ဒီသဘောထားကြောင့် ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗီတာလီချာကင်က "သမ္မတအာဆတ် အစိုးရရဲ့ စစ်ရေးအောင်မြင်သူတွေဟာ ရုရှားနိုင်ငံရဲ့ ပံ့ပိုးကူညီမှုတွေကြောင့် ရလာတာဖြစ်ပြီး ရုရှားနိုင်ငံရဲ့ ဆီးရီးယားပြည်တွင်းစစ်ရပ်စဲရေး၊ နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ရေးဦးဆောင်ကြီးပမ်းမှုအပေါ် ကဖျက်ယဖျက်လုပ်လာခဲ့ရင် တန်ဖိုးကြီးကြီးပေးရလိမ့်မယ်"လို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်နေ့မှာ ပြောင်ထုတ်ဖော်သတိပေးခဲ့ပါတယ်။ ဒါပေမယ့် သမ္မတအာဆတ် အစိုးရအဖွဲ့ဟာ ရရှိလာနေတဲ့ စစ်ရေးအောင်ပွဲတွေကြောင့် ရုရှားနိုင်ငံရဲ့ သတိပေးချက်ကို နားဝင်ခဲ့ပုံမရပါဘူး။ ၂၀၁၆ ခုနှစ် မတ် ၁၂ ရက်မှာ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက အစိုးရတပ်ဖွဲ့တွေအနေနဲ့ ဆီးရီးယားနိုင်ငံရဲ့ အချုပ်အခြာ အာဏာပိုင်နယ်မြေတွေကို တစ်လက်မမကျော် ပြန်သိမ်းပိုက်မှာဖြစ်ပြီး သမ္မတအာဆတ်ရဲ့ အခန်းကဏ္ဍကို ဂျီနီဗာငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ လုံးဝထည့်သွင်းဆွေးနွေးမှာ မဟုတ်ဘူး" လို့ ခပ်တင်းတင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက ဒီလိုပြောပြီးလို့ နှစ်ရက်အကြာ မတ် ၁၄ ရက်မှာတော့ ရုရှားသမ္မတ ပူတင်က ဆီးရီးယားနိုင်ငံအတွင်းမှာ တပ်စွဲထားတဲ့ ရုရှားတပ်ဖွဲ့တွေကို ပြန်ရုပ်သိမ်းမယ်လို့ ရုတ်တရက် ကြေညာခဲ့ပါတယ်။

ရုရှားသမ္မတ ပူတင်ရဲ့ ဒီကြေညာချက်ထုတ်ပြန်ချိန်မှာ ဆီးရီးယားအစိုးရကိုယ်စားလှယ်အဖွဲ့ဟာ ဂျီနီဗာငြိမ်းချမ်းရေးညီလာခံတက်ဖို့ ရောက်ခါစပဲရှိပါတယ်။ ရုရှားအစိုးရကရော ဆီးရီးယားအစိုးရကပါ ဒီကြေညာချက်ဟာပူးတွဲညှိနှိုင်းထုတ်ပြန်ခဲ့တာပါလို့ တရားဝင်ပြောဆိုပေမယ့် ဖြစ်စဉ်တွေကို ချိတ်ဆက်စဉ်းစားလိုက်ရင် ဒီကြေညာချက်ကို ရုရှားနိုင်ငံက တစ်ဖက်သတ်ထုတ်ပြန်ခဲ့တာကပေါ်လွင်ပါတယ်။ ဖြစ်စဉ်တွေကို ပြန်ကြည့်ရင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှာ ကျင်းပခဲ့တဲ့ ဂျီနီဗာငြိမ်းချမ်းရေးညီလာခံမှာ ဆီးရီးယားအတိုက်အခံတပ်ဖွဲ့တွေကလမ်းပြမြေပုံအရ အသွင်ကူးပြောင်းရေး အစိုးရဖွဲ့စည်းတဲ့အခါ သမ္မတအာဆတ်ရဲ့ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားဖို့ လုံးဝငြင်းဆိုခဲ့တာပါ။ ဒီငြင်းဆိုမှုရဲ့ ရလဒ်အနေနဲ့ ရုရှားနိုင်ငံက ဆီးရီးယားအတိုက်အခံတပ်ဖွဲ့တွေအပေါ် လေကြောင်းစစ်ဆင်ရေးတွေကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ကစပြီး အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့ပါတယ်။ ရုရှားနိုင်ငံနဲ့ ဒီလေကြောင်းစစ်ဆင်ရေးကြောင့် ဆီးရီးယားအတိုက်အခံတပ်ဖွဲ့တွေ အကြီးအကျယ်အထိနာလာတဲ့အခါ ဆီးရီးယားအတိုက်အခံတပ်ဖွဲ့တွေရော အမေရိကန်နိုင်ငံအပါအဝင် အတိုက်အခံတပ်ဖွဲ့တွေကို ကူညီနေတဲ့ မဟာမိတ်နိုင်ငံတွေကပါ အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့များမှာ သမ္မတအာဆတ်ရဲ့ အခန်းကဏ္ဍပါဝင်ရေးကို မငြင်းနိုင်ဖြစ်လာပါတယ်။ အကျိုးဆက်ကတော့ ဆီးရီးယားပြည်တွင်းစစ်ရပ်စဲနိုင်ဖို့ ရန်လိုမှုအဆုံးသတ်ရေး သဘောတူညီမှုကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်က ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာ ညှိနှိုင်းရရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်မှာ တရားဝင် လက်မှတ်ရေးထိုးခဲ့ကြတာပါ။ ဖေဖော်ဝါရီ ၂၇ ရက်ကစပြီး ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံအတွင်းမှာ ဆောင်ရွက်နေတဲ့ စစ်ဆင်ရေးအားလုံး သိသိသာသာလျှော့ချခဲ့တာက တိုက်ခိုက်မှုမဟုတ်ပါဘူး။ ရုရှားနိုင်ငံက စစ်ဆင်ရေးအရှိန်အဟုန်တွေ လျှော့ချရာမှာ သူ့တစ်နိုင်ငံတည်း ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ သမ္မတအာဆတ်တပ်ဖွဲ့တွေရဲ့ စစ်ရေးလှုပ်ရှားမှုတွေကိုပါ တစ်ပြိုင်တည်း လျှော့ချအောင် ဖိအားပေးဆောင်ရွက်ခဲ့တာပါ။

ပြောရရင် ရုရှားနိုင်ငံက အမေရိကန်နိုင်ငံနဲ့ လက်တွဲပြီး အကောင်အထည်ဖော်နေတဲ့ ဆီးရီးယားပြည်တွင်းစစ်ရပ်စဲရေး လမ်းပြမြေပုံကို ဆီးရီးယားသမ္မတအာဆတ်က လိုလိုလားလားရှိတာမဟုတ်ပါဘူး။ အသွင်ကူးပြောင်းရေး အစိုးရဖွဲ့စည်းလာခဲ့ရင် သူတို့ အစိုးရအင်အားစုတွေရဲ့ ရပ်တည်ရေးကို ထိပါးလာမယ်လို့ သမ္မတအာဆတ်အစိုးရအဖွဲ့က ယူဆထားတာပါ။ ဒါကြောင့် မတ် ၁၄ ရက်မှာ ရုရှားသမ္မတပူတင်က ဆီးရီးယားနိုင်ငံတွင်းမှာရှိတဲ့ ရုရှားစစ်အင်အားကို လျှော့ချမယ်လို့ ထုတ်ပြန်ကြေညာပြီး သမ္မတပူတင်က အာဆတ်အပေါ် ဖိအားပေးခဲ့တာပါ။ တစ်ချိန်တည်းမှာပဲ ဒီလိုစစ်အင်အားလျှော့ချရေးကြောင့် ရုရှားသမ္မတပူတင်ဟာ သူ့ရဲ့ရပ်တည်ချက်ကို လက်ခံလာအောင် အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေကို နားချရာမှာပိုပြီး အဖွင့်သာတဲ့အနေအထားမျိုး ရလာပါတယ်။ ရုရှားနိုင်ငံရဲ့ အဓိကအားသာချက်ကတော့ လိုအပ်လာခဲ့ရင် ဆီးရီးယားနိုင်ငံတွင်းမှာရှိတဲ့ သူ့ရဲ့စစ်အင်အားကို အချိန်မရွေး ပြန်မြှင့်တင်နိုင်တာပါ။ ဒီအနေအထားဟာ ရုရှားနိုင်ငံကို ဆီးရီးယားပြည်တွင်းစစ်ကိစ္စ ကိုင်တွယ်ရာမှာ သူ့စိတ်တိုင်းကြပုံဖော်နိုင်တဲ့ အဖွင့်အရေးပေးအပ်ထားပါတယ်။ အမျိုးသားရေးအကျိုးစီးပွားရှုထောင့်က ပြောရရင်တော့ ဆီးရီးယားပြည်တွင်းစစ်အရေးမှာ ရုရှားနိုင်ငံပဲ အသာစီးရရ၊ အမေရိကန်နိုင်ငံပဲ အသာစီးရရ အမှန်တကယ် နစ်နာပေးဆပ်ရသူတွေကတော့ ဆီးရီးယားပြည်သူတွေပါပဲ။ သမိုင်းတရားခံကို တိတိကျကျ ပြောပါဆိုရင်တော့ ဆီးရီးယားပြည်သူတွေရဲ့ ဒီမိုကရေစီရေးလိုလားချက်တွေကို နိုင်ငံရေးအရ ညှိနှိုင်းအဖြေမရှာဘဲ စစ်ရေးအရအကြမ်းဖက်နှိပ်နင်းခဲ့တဲ့ ဆီးရီးယားသမ္မတ အာဆတ်ကိုပဲ ညွှန်ပြရမှာပါ။

ဆီးရီးယားသမ္မတ ဘာရှား အယ်လ်အာဆတ်နှင့် ရုရှားသမ္မတ ပူတင်တို့ တွေ့ဆုံစဉ်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ သင်္ကြန်အထူး အစုန်/အဆန်ရထား ထပ်မံတိုးချဲ့ပြေးဆွဲ

ရန်ကုန် ဧပြီ ၉

၁၃၇၇ ခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်-မန္တလေးလမ်းပိုင်းအမြန်ရထားစီးလက်မှတ် ဝယ်ယူသူခရီးသည်များပိုမိုများပြားလာခဲ့ပြီဖြစ်သောကြောင့် သင်္ကြန်အထူးရထား RBE (၅) တွဲ(၁) ဆိုင်းစီဖြင့် အစုန်/အဆန်ရထားအားယနေ့ညနေပိုင်းမှစတင်ကာ ထပ်မံတိုးချဲ့ပြေးဆွဲနေပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ထားသည်။

အဆိုပါ RBE (၅) တွဲ(၁) ဆိုင်းစီဖြစ်သည့် အစုန်/အဆန်ရထားအား ဧပြီ ၉ ရက်မှ ဧပြီ ၁၂ ရက်ထိလည်းကောင်း၊ သင်္ကြန်ကာလအပြီး ဧပြီ ၁၇ ရက်မှ ဧပြီ ၁၈ ရက်ထိလည်းကောင်း ရန်ကုန်ဘူတာကြီးနှင့် မန္တလေးဘူတာ ဘက်တို့မှ ခရီးစဉ်အချိန်တူတစ်ပြိုင်တည်း ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ ညနေ ၃ နာရီခွဲ ထွက်ခွာမည့် အဆန် RBE (၅) တွဲ(၁) ဆိုင်းမှာ မန္တလေးဘူတာသို့ နံနက် ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကာ မန္တလေးဘူတာမှ ညနေ ၃ နာရီခွဲ ထွက်ခွာမည့် အစုန် RBE (၅) တွဲ(၁) ဆိုင်းမှာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၆ နာရီ ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် လမ်းပိုင်းအလိုက် ကြားဘူတာများဖြစ်သော တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာတို့၌လည်း ဆိုက်ရပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း ရထားစီးခရီးသည်များ ပိုမိုများပြားလာမှုနှင့် စပ်လျဉ်း၍ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ(ပို့ဆောင်ရေး)ဦးကျော်စိုးလင်းက "ရထားစီးခရီးသည်တွေ အဆင်ပြေစေဖို့ လက်ရှိပြေးဆွဲနေတဲ့ သင်္ကြန်ရထားအပြင် ဒီ RBE (၅) တွဲ(၁) ဆိုင်းအစုန်/အဆန်ရထားကို ထပ်မံအပိုပြေးဆွဲပေးလိုက်တာပါ။ ရထားမှတ်တမ်းလက်ရှိခွဲတမ်းနဲ့ မလုံလောက်တဲ့အပြင် ခရီးသည်က ပုံမှန်ရထားပြေးဆွဲချိန်ထက် စာရင် ၁၀ ဆလောက်များပြားလာပါတယ်။ ဒါကြောင့် တစ်တွဲကို ၁၀ ဦးနှုန်းနဲ့ ထိုင်ခုံမဲ့ ရောင်းချပေးနေရပါတယ်။ ခရီးသည်စီးနင်းမှုကအဆမတန်များပြားလာတော့ လက်မှတ်ကရောင်းအားနဲ့ ဝယ်အားမမျှတတော့ဘူး ဖြစ်နေပါတယ်။ အမှတ်(၅) အဆန်ဆိုအထက်တန်းတွဲမှာထိုင်ခုံ (၄၂)ခုံ ပဲရှိပါတယ်။ ခရီးသည်တစ်ဦးကို ငါးစောင်နှုန်းနဲ့ ရောင်းပေးလိုက်ရင် ခရီးသည်ရှစ်ဦးလောက်ဝယ်တာနဲ့ အထက်တန်းလက်မှတ်က ကုန်သလိုဖြစ်သွားတော့ ကျန်အခြားခရီးသည်တွေ ကလည်းကျွန်တော်တို့ကို နည်းနည်းအမြင်မကြည်သလိုမျိုးတော့ရှိပါတယ်။ သို့သော် ကျွန်တော်တို့က အခက်အခဲတွေကြားက အားလုံးအဆင်ပြေစေဖို့ ထိုင်ခုံမဲ့လက်မှတ်တွေကို ရောင်းချပေးသွားမှာပါ"ဟု ရှင်းပြသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်ရထား ရိုးရိုးတန်းတွဲ လက်မှတ်ဝယ်ယူနေသောအမျိုးသမီးတစ်ဦးက "ကားလက်မှတ်ဝယ်တာမရတော့လို့ရထားနဲ့မန္တလေးကိုသွားမှာပါ။ ကားလက်မှတ်က အပြင်ကဝယ်တော့ အဆမတန်များနေပါတယ်။ ဒါကြောင့် ရထားနဲ့သွားမှာပါ။။ ခုလည်း ရထားလက်မှတ်ထိုင်ခုံမရတော့ဘူးဆိုပေမယ့် ထိုင်ခုံမဲ့လက်မှတ်ရတော့လည်းအဆင်ပြေတာပါပဲ။ သင်္ကြန်ရာသီဆိုတော့ထိုင်ခုံတော့အခက်အခဲဖြစ်မှာပါပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ရထားလက်မှတ်ခက အပိုကြေးလည်းမပေးရဘူး။ နက်ဖြန်ကျွန်မတို့သွားမယ့်ခရီးစဉ်အတွက်လည်းအဆင်ပြေတော့ ထိုင်ခုံမဲ့လက်မှတ်ရောင်းပေးသူတွေကိုကျေးဇူးတင်ပါတယ်"ဟု လက်မှတ်ဝယ်ယူအပြီး ကျေးဇူးတင်စကားဆိုသည်။

လက်ရှိ ရောင်းချပေးနေသောလက်မှတ်ရုံများ၌ တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ(ပို့ဆောင်ရေး)ဦးကျော်စိုးလင်းအပါအဝင် မြန်မာ့မီးရထားမှ အရာရှိများ၊ ကြီးကြပ်ရေးမှူးဖြင့် ကြပ်မတ်ရောင်းချပေးလျက်ရှိကာ ခရီးသည်များသိလိုသည်များမေးမြန်းပါက ဖြေကြားပေးလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲမည့် သင်္ကြန်အထူးရထား RBE (၅) တွဲ(၁) ဆိုင်း အစုန်/အဆန်ရထား လက်မှတ်တစ်စောင်လျှင် ပထမတန်းလက်မှတ်ခနှုန်းထားဖြင့် ငွေကျပ် ၅၈၀၀ သတ်မှတ်ထားရှိကြောင်း၊ မနက်ရောင်းချမည့် လက်မှတ်စောင်ရေများကို ခရီးသည်များသိရှိစေရေးအတွက်လည်း မရောင်းချမီတစ်ရက်ကြိုတင်ရက်ဖြစ်သော ညနေ ၆ နာရီတွင်လက်မှတ်ရုံများ၌ ကြေညာအသိပေးထားကြောင်းနှင့် ယခုနှစ်သင်္ကြန်ကာလအတွင်းရထားစီးခရီးသည်ဦးရေမှာ ပုံမှန်ရထားစီးခရီးသည်ဦးရေထက် ၁၀ ဆအထိ အဆမတန်တိုးမြင့်ခဲ့ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

(စိုးဝင်း-MLA)

ကြိုးကြာဌက်တို့ရဲ့ မိုင်ထောင်ချီခရီးစဉ်

ဒေါက်တာအောင်ကြီး

အဠလီမောင်မောင်၊ ခင်မောင်တိုး၊ ကြိုးကြာသံ

အဠလီမောင်မောင်နှင့် ခင်မောင်တိုး၏ ကြိုးကြာသံက ပန်းခရမ်းပြာ ခေတ်လူငယ်တွေရဲ့ ရင်ကို အကြီးအကျယ် လှိုင်းထစေခဲ့ပါသတဲ့။ ဒီလူငယ်လေးတွေ လူကြီးဘဝကူးသည်အထိ ဒီကြိုးကြာသံက သူတို့ရင်ထဲ တကျည်ကျည်အော်မြည်ဆဲဖြစ်ပါသတဲ့။

"မိုးဦးဝင်ရောက်လာတဲ့အခါ
နိုးမကို ဖြတ်ပျံရင်း
မြောက်ဘက်ကို ဦးတည်လှည့်ကာ
သားပေါက်ရာအရပ်ဆီ မိုင်ထောင်ချီ
ပျံလေပြီ
ကြိုးကြာဌက်တို့ရဲ့ မိုင်ထောင်ချီ ခရီးစဉ် "

နွေဦးပေါက်တော့ ဆောင်းခိုဌက်တွေ မြောက်အရပ်ဆီ ရော်ရည်ပြန်ကြပြီ။ သူတို့ဘဝဖြစ်စဉ်ထဲ အရေးပါအရာရောက်ဆုံးလုပ်ငန်းတစ်ခုလုပ်ဖို့ မြောက်အရပ်ကို ဦးတည်ခဲ့တာ။

အနားနီးသူ သက်လုံမကောင်းရင်

သီချင်းဒုတိယအပိုဒ်ကို နားထောင်စက အမှုမဲ့အမှတ်မဲ့။ ဂရုတစိုက် နားထောင်ကြည့်မှ စာဆိုရဲ့ စေတနာနားလည်လာတာ။ လမ်းကြောင်းမှန် ရွေးချယ်ခြင်းက မျိုးဆက်တစ်ခုရဲ့ အားမာန်တဲ့။ မွေးရပ်မြေဆီ အုပ်ဖွဲ့ချီလာတဲ့ ကြိုးကြာတွေ မိမိအနီးအနားကပ်ရက် ပျံနေတဲ့အကောင် သက်လုံမကောင်းရင် မိမိပါ သူနဲ့ရောပြီး လမ်းခုလတ်မှာ ကျန်ရစ်ခဲ့၊ ကျရှုံးခဲ့ရ။

"မျိုးဆက်ရဲ့ အားမာန်တစ်ခုပါ
လမ်းကြောင်းမှန် ရွေးချယ်ခြင်း
အနားနီးသူ သက်လုံမကောင်းရင်
မွေးဖွားရာအရပ်ဆီ မိုင်ထောင်ချီ ပျံနေရင်း
ကြိုးကြာဌက်တချို့လေ ချီလာစဉ် ကျန်ရစ်ပြီ"

ကြိုးကြာလို ရာသီပြောင်းမှာ စားကျက်ပြောင်းတဲ့ဌက်တွေ အုပ်ဖွဲ့ပျံသန်းရင် အင်္ဂလိပ်အက္ခရာ V ပုံ ပျံသန်းလေ့ရှိ သတဲ့။ ဘာကြောင့် ဒီပုံသဏ္ဌာန်ကို သူတို့ ရွေးချယ်ကြတာပါလိမ့်။ ဌက်တွေ ဒီလိုပုံစံအုပ်ဖွဲ့ပျံခဲ့ရင် သူတို့ရဲ့ ရင်ခုန်နှုန်းက ထီးတည်းပျံစဉ်ကထက် သိသိသာသာ ကျဆင်းသွားသည်တဲ့။ တစ်နည်းပြောရရင် သူတို့တစ်တွေ စွမ်းအင်အသုံးချမှုကျဆင်းသွားတာ။ စွမ်းအင်ပြန်းတီးမှု လျော့နည်းသွားတာ၊ လောင်စာချွေတာပြီးဖြစ်သွားတာ၊ ဘာကြောင့်ပါလိမ့်။ အဖြေက. . . အုပ်ဖွဲ့ပျံတဲ့အခါ ရှေ့အကောင်ရဲ့ တောင်ပံခတ်မှုကြောင့် ဖြစ်ထွန်းလာတဲ့ လေဝဲတွေ၊ လေကတော့တွေကို နောက်ကအကောင် ဒါမှ မဟုတ် ဘေးကအကောင်က သူ့အတွက် အကျိုးရှိစွာ အသုံးချလိုက်ခြင်းကြောင့်ပါတဲ့။

ရှေ့ကပျံတဲ့အကောင်ရဲ့ တောင်ပံခတ်ခြင်းကြောင့် သူ့နောက်ကပ်ရက်မှာ အောက်ကို ဆွဲချတဲ့ လေဝဲ(စုပ်ဝဲ) ပေါ်တယ်။ အဲဒီနောက်မှာ အပေါ်တွန်းတင်တဲ့ လေဝဲ(မှုတ်ဝဲ) ပေါ်တယ်။ တောင်ပံစွန်းနားကပ်ရက်လေဝဲက မှုတ်ဝဲ။ ဌက်တွေက အုပ်စုထဲအတူ ပျံနေတဲ့အကောင်တွေရဲ့ အနေအထားနဲ့ နေရာယူထားပုံကို ကောင်းကောင်းသိသတဲ့။ မိမိဘယ်လိုနေရာယူမလဲ။ အုပ်စုရဲ့ အားကို မိမိအားဖြစ်အောင် ဘယ်လိုလုပ်မလဲ။ လေစီးကြောင်းမှာ မိမိကိုယ်ထည်ကို ဘယ်လိုထားမလဲ။ ဘယ်လောက်ဒီဂရီစောင်းထားမလဲ။ တောင်ပံကို ဘယ်လိုထားမလဲ။ လေထုရဲ့ ခုခံမှု မိမိအပေါ် အနည်းဆုံးသက်ရောက်အောင်တောင်ပံ အနေအထား အကွေ့အဆန့်ဘယ်လိုလုပ်မလဲ။ မိမိရှေ့ကအကောင် တောင်ပံခတ်တဲ့နရီနဲ့ မိမိတောင်ပံနရီ ဘယ်လိုညီမလဲ။ အုပ်စုအားက မိမိအားဖြစ်သွားသလို မိမိအားသည်လည်း အုပ်စုအတွက် အားတစ်ခုဖြစ်သွားခဲ့တာ ဒီကြိုးကြာတွေသိတာ အံ့သြစရာ။

ကြိုးကြာတွေ အုပ်ဖွဲ့ပျံသန်းရာမှာ လမ်းကြောင်းမှန်ရွေးချယ်မှုရဲ့ အရေးပါပုံကို အဠလီမောင်မောင် ဘယ်လိုကြိုသိခဲ့ပါလိမ့်။ ကျွန်တော်ပြောခဲ့တဲ့ အချက်အလက်တွေက ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းလောက်မှာမှ သုတေသီတွေ သေသေချာချာ ပြောနိုင်ခဲ့တာ။ လန်ဒန်တော်ဝင်တိရစ္ဆာန်ဆေးကုကောလိပ်ကလုပ်ခဲ့တဲ့ သုတေသနက အဖြေထုတ်ပေးခဲ့တာ။ ဦးဆောင်သုတေသနပြုခဲ့သူက Steven Portugal။ "V" ပုံစံ ပျံသန်းစဉ် အကောင်းဆုံးအနေအထား (the optimal position) ကို ကြိုးကြာတွေ ဘယ်လိုရယူခဲ့သလဲ။ ဒီအနေအထားကို သူတို့ ဘယ်လိုအကျိုးရှိရှိ အသုံးချခဲ့သလဲ။ ဒါတွေက ပညာရှင်တွေနှစ်ပေါင်းများစွာ ကြံဆသော်လည်း အဖြေရှာမရခဲ့တဲ့ ပုစ္ဆာတွေ။

ရှိသင့်တဲ့အားနဲ့မာန် ဟန်နိုင်မှ

"ဆုံးဖြတ်ချက် တစ်ခုချမယ်
အရှုံးနဲ့ အောင်မြင်ခြင်းဟာ
ရှိသင့်တဲ့အားနဲ့မာန် ဟန်နိုင်မှ"

ကြိုးကြာတွေ Vပုံစံပျံတဲ့အခါ ထိပ်စီးဦးဆောင်သူက အုပ်စု(လေ) အားကို မရရှာ။ သူကလေကြောင်းရှာရ၊ မျက်စိလျင်ရ၊ သက်လုံကောင်းရ၊ ပျံသန်းရင်းနွမ်းနယ်မှု (flight fatigue) ဆိုတာ ဘယ်သူ့ဆီမဆို မလွဲမသွေ ရောက်လာမြဲ။ ဘယ်လောက်သက်လုံကောင်းကောင်း သူငါတစ်လှည့်စီ နေရာပြောင်းရစမြဲ။ ဒီဌက်တွေက အချိန်မှန်မှန်စနစ်တကျ နေရာအပြောင်းအလဲ လုပ်သတဲ့။ သူတစ်လှည့်ထမ်းသတဲ့။ ငါတစ်လှည့်ရှန်းသတဲ့။ ဒါမှ အားနဲ့မာန် ဟန်နိုင်မှာ။ သင်းတို့တစ်တွေ ဌက်မှ ဟုတ်ပါသေးစ။

ရိုးမကိုဖြတ်ကျော်လွှားချိန်

"ရိုးမကို ဖြတ်ကျော်လွှားချိန်
စီးလမ်းလေကြောင်းလွှာထဲ
ချင်းနင်းဝင်ရောက်လာပြီးရင်
အားစိုက်မျှောလိုက်နဲ့
မိုင်ထောင်ချီ ပျံလေပြီ
ကြိုးကြာဌက်တို့ရဲ့ မိုင်ထောင်ချီ ခရီးစဉ်"

ကြိုးကြာတွေလိုပဲ ကျွန်တော်တို့ရဲ့ မိုင်ထောင်ချီခရီးစဉ် စတင်ခဲ့ပြီ။ ရိုးမကို စဖြတ်နေပြီ။ ဒီအချိန်မှာ "ကွေ့မယ် ကိုင်ထား"၊ "တစ်စင်းလုံးကွေ့မယ် မြဲမြဲကိုင်ထား"ဟု ကားစပယ်ယာတွေ အော်သလိုသာ အော်လိုက်ချင်ပါသည်။ ရိုးမဆိုတာသားရဲပေါသည်။ မာယာများသည်။ မထင်မှတ်ဘဲ ပြုန်းခနဲမုန်တိုင်းဆင်တတ်သည်။ သို့ပေမယ့် မိမိတို့တစ်တွေ အုပ်စုဖွဲ့ပျံနေသရွေ့၊ ဦးဆောင်သူစေရာ ယုံကြည်စွာ လိုက်နေသရွေ့၊ မိမိအင်အားကို အဖွဲ့အတွက် ပေးဆပ်နေသရွေ့၊ အဖွဲ့၏အင်အားကို မိမိအင်အားဖြစ်အောင် ကျွမ်းကျင်ပါးနပ်စွာ၊ မြော်မြင်စွာ အသုံးချနေသရွေ့ ရိုးမပေါင်းများစွာကို အောင်အောင်မြင်မြင် ကျော်လွှားနိုင်မည့်အကြောင်း ကိုမောင်မောင်က သူ့ကြိုးကြာသံမှတစ်ဆင့် တွေးတွေးဆဆ ပြောပြနေတာ ကျွန်တော်ကြားနေရပါကြောင်း။ ။

ရန်ကုန်မြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍာပ်ပြီးစီးနေသည်ကို တွေ့ရစဉ်။ (ခင်မောင်ဝင်း)

ရန်ကုန်ပြည်လမ်း အင်းလျားကန်ပေါင်အရှေ့ရှိ MPT ရေကစားမဏ္ဍာပ်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (ဌေးအောင်)

ရန်ကုန်ပြည်လမ်း အင်းလျားကန်ပေါင်အရှေ့ရှိ အဲပုဂံရေကစားမဏ္ဍာပ်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (ဌေးအောင်)

ပြည်တွင်းရေးရာ

နှင်းဆွတ်ရေတိုး... သင်္ကြန်မိုး

သူ့စာအမှန်က ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးဖြစ်သည်။

နှင်းဆွတ်ရေဆိုတာက သည်လထဲမှာ ထွက်သည့်ကျွန်တော့်ဝတ္ထုရှည်ပါ။

တကယ်တော့ ကိုယ့်ဝတ္ထုရှည်အကြောင်းကို ကိုယ်ပြန်မရေးသင့်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင်ပင်။ အဲဒီဝတ္ထုရှည်ထွက်ပြီး တစ်ပတ်အကြာမှ မရေးဘဲ မနေနိုင်လောက်သည့် ကိစ္စတွေကဖြစ်ခဲ့သည်။

ဝတ္ထုနာမည်ကပဲ စပါဦးစို့။

ဒီမိုကရေစီအသွင်ပြောင်းလဲရေး လှုပ်ရှားမှုဖြစ်နေသည့် နိုင်ငံတွေကို "နွေဦး" ဟု တင်စားခေါ်တာ လူတိုင်းကြားဖူးကြမည်။ "မြန်မာ့နွေဦး" ဆိုသည့် အသုံးအနှုန်းတွေပင်ရှိသည်။ အင်္ဂလိပ်ဘာသာနှင့်တော့ "Spring" တဲ့။ Spring ဆိုတာ စမ်းချောင်းဟုလည်း အဓိပ္ပာယ်ရသည်။ နှင်းခဲနေသော ဆောင်းဥတု 'Winter' ကနေ နှင်းတွေကျော်ကျပြီး စမ်းချောင်းလေးတွေစီးဆင်းကျလာနေသည့် ရာသီပါ။ အေးသည့်ဒေသက လူတွေက နွေဦးကိုမျှော်သည်။ နွေရာသီက သာယာတာကိုး။ ဆောင်းဦးကို "Fall" ဟုခေါ်သည်။ သစ်ရွက်တွေ အားလုံး ဝါဖန့်၍ ကြွေကျသွားသောကြောင့်ဖြစ်သည်။ သူတို့ဆီက လူတွေ မနှစ်သက်ကြသည့် ဆောင်းရာသီ၏ ရှေ့ပြေး။ တကယ်တော့ အဲသည်ရာသီကမှ ကျွန်တော်တို့နွေဦးနှင့် လာတူနေတာမဟုတ်ပါလား။ ကျွန်တော်တို့ဆီက လူတွေက ဆောင်းရာသီကိုပျော်ကြသည်။ ခရီးသွားကြသည်။ သည်တော့ မိုးအကုန် ဆောင်းအစ မိုးစက်တို့ထဲမှာနှင်းဝင်စွက်သည်။ နှင်းဆွတ်ရေတို့ကျခိုန်ကို မြန်မာ့ဒီမိုကရေစီအသက်ဝင်ချိန်နှင့် နှိုင်းသည်မှာပိုဆီလျော်မည်ထင်၍ ကျွန်တော့်ဝတ္ထုရှည်ကို နှင်းဆွတ်ရေဟု နာမည်ပေးခဲ့တာဖြစ်သည်။ အေးချမ်းတော့မည့် နိမိတ်ပေါ့။

၂၀၁၄ အကုန်တွင် နှင်းဆွတ်ရည်ကို ကျွန်တော်သရဖူမဂ္ဂဇင်းတွင် အခန်းဆက်အဖြစ် စရေးသည်။ ကျွန်တော်က ၁၉၆၁ ခုနှစ် အကုန်တွင် မွေးခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဆိတ်သုဉ်းခဲ့ကာ ၁၉၆၂ ခုနှစ် အစဆိုတော့ ကျွန်တော့်တစ်သက်လုံးမှာ ဒီမိုကရေစီအရသာကိုမသိခဲ့။

လွတ်မြောက်လာသည့် ကျောင်းသားလူငယ်လေးများက တချို့အိမ်ဖြောင့်ဖြောင့်တန်းတန်းမပြန်ဘဲ သပိတ်အမူအယာတွေဆက်လုပ်ပြနေ၍ လူကြီးတချို့ပင် စိတ်ပူနေတာတွေလည်း တွေ့ရသည်။ ကျွန်တော်ကတော့ သိပ်စိတ်မပူ။ မေတ္တာနှင့် စောင့်ကြည့်နေသည့် လက်ရှိလူကြီးတွေ အကြောင်း သဘောပေါက်လျှင် ခဏနှင့် ပြီးသွားမှာပါပဲ။

အထက်တန်းကျောင်းသားဘဝတစ်လျှောက်လုံးမှာတော့ ဆန္ဒပြမှုတွေနှင့် ကျောင်းပိတ်တာတွေကို ခဏခဏ ကြုံဖူးသည်။ သို့သော် ငယ်သေးတော့ဆန္ဒပြသူတွေ ဘာကြောင့်ပြနေကြမှန်းမသိ။

၁၉၈၈ ခုနှစ်မှာ ကျွန်တော်က စစ်မှုမထမ်းမနေရဥပဒေနှင့် ဆင့်ခေါ်ခံထားရသော ဆရာဝန်တစ်ယောက်ဖြစ်နေ၍ ရှေ့တန်းရောက်နေသည်။ ဆန္ဒပြပွဲတွေအကြောင်းကို ကတုတ်ကျင်းထဲမှာ ဓာတ်ခဲရေဒီယိုကလေးနှင့် နားထောင်ခဲ့ရသည်။ ဘယ်ဘက်ကပြောတာ ဘယ်လောက်မှန်မှန်းမသိရသေးသော်လည်း ကျောင်းသား ကျောင်းသူအရွယ် လူငယ်ကလေးတွေ အဖမ်းခံရတာတွေ။ အပစ်ခံရတာတွေကိုတော့မကြိုက်။ Minor ဟုခေါ်သော် လူမမယ်အရွယ်ကို ကျော်ခါစ ဘယ်သူ့ကိုမှ နစ်နာအောင် မလုပ်တတ်သေးသော၊ မလုပ်လည်း မလုပ်နိုင်သေးသော သည်လူငယ်အရွယ်ကလေးတွေကို ကိုယ့်ညီကလေးတွေ၊ ညီမလေးတွေလို ချစ်သည်။ သနားလည်းသနားသည်။ အယူအဆများ မတိုက်ဆိုင်သူတွေကြားထဲမှာပဲဖြစ်စေ၊ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတွေကြားထဲမှာပဲဖြစ်စေ၊ ခမ္မနှင့် အခမ္မကြားထဲမှာ ပဲဖြစ်စေ ပွတ်တိုက်မှုတွေဖြစ်ခဲ့လျှင် ဘယ်ဘက်ထဲမှာမှ မပါရသေးသော အဲဒီလူငယ်ကလေးတွေ၏ ဘဝနှင့် အသက်တွေထိပ်ကပါပါသွားခြင်းအတွက် အသက် (၂၇) နှစ်အရွယ် လူရွယ်ပေါက်စ ဘဝထဲက ကျွန်တော်စိတ်မချမ်းသာခဲ့။ ကိုယ်ကိုယ်တိုင်လူကြီးဖြစ်လာလျှင် ဘယ်ဘက်ကပါပါ အဲဒီလူငယ်ကလေးတွေမခံစားရအောင်တော့ တတ်နိုင်သမျှတားမည်ဟု ရင်ထဲအသည်းထဲက မှတ်ထားခဲ့သည်။

၁၉၉၆ မှာ ဆေးတက္ကသိုလ်မှာ ဆရာပေါက်စဖြစ်နေပြီဖြစ်သော အသက် (၃၅) နှစ်အရွယ်ကျွန်တော် ကိုယ့်တပည့်ကလေးတွေ ဆန္ဒပြ၍ ထိန်းသိမ်းခံရတာကို ကြုံဖူးပြန်သည်။ စိတ်မချမ်းသာလှသော်လည်း ဘာမှမတတ်နိုင်ဘဲ နိုင်ငံခြားပညာတော်သင်ခရီးထွက်ဖို့ သူတို့ကိုကျောခိုင်းခဲ့ရသည်။ သိပ်မကြာလိုက်ဘဲ လွတ်သွားကြသည်ဟုတော့ ကြားသည်။

၂၀၁၁ သည်ဘက်ပိုင်းမှာ စာပေလွတ်လပ်ခွင့်တွေ ရတန်သလောက် ရလာတော့ တစ်သက်လုံးရင်ထဲမှာ စွဲလာခဲ့သည့် အဲသည်ကိစ္စကိုဝတ္ထုရှည်အဖြစ် ချရေးဖို့ စိတ်ပြန်ပေါ်လာသည်။

အယူအဆမတူသူ၊ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူ၊ ခမ္မနှင့်အခမ္မ၊ ဘာကြားထဲ ပွတ်တိုက်မှုဖြစ်ဖြစ် လူငယ်လေးတွေ ဘေးမသီရန်မခရေး။

အဲဒီစေတနာက ခတ္တာဦးနှင့် သီတာဦးဆိုသည့် ဇာတ်ရုပ်နှစ်ခုကို မွေးထုတ်ပေးခဲ့သည်။

ခတ္တာဦးက ၁၉၈၈ တွင် ကျင်လည်ပြီး သီတာဦးက ၂၀၁၄ တွင် ကျင်လည်သည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းမှာ ကျောင်းသားသပိတ်တွေ ပြန်ပေါ်လာတော့ ကျွန်တော်ရင်တွေပြန်ပူခဲ့ရသည်။ လူငယ်တွေမှားတယ်။ လူကြီးတွေမှားတယ်။ သွေးထိုးလုံ့ဆော်သူတွေရှိတယ် စသည်ဖြင့် အယူအဆအမျိုးမျိုး ငြင်းခုံနေကြတာ ကျွန်တော်စိတ်မဝင်စားပေ။ ကျွန်တော်စိတ်ဝင်စားတာ အဲဒီကလေးတွေ၏ ဘဝနှင့် အသက်လုံခြုံရေးဖြစ်သည်။ ဘယ်သူမှားမှား ဘယ်သူမှန်မှန် သည်ကလေးတွေ ဒုက္ခမရောက်ကြစေချင်။

မန္တလေးကနေ ခြေကျင်ဆင်းလာကြသည် ကြားရတော့ ရင်တွေပူလိုက်တာ။ တကယ့်နွေခေါင်ခေါင်ကြီးလေ။ လက်ပံတန်းမှာ ထိပ်တိုက်ရင်ဆိုင်နေတုန်းကလည်း တတ်နိုင်ရင် အဲသည်နှစ်ဖွဲ့ကြားအလယ်က ရပ်တားချင်လှသည်။ 'မင်းတို့လည်း ပြန်ကြ၊ မင်းတို့လည်းပြန်' ဟု ပြောချင်လှသည်။

လက်တွေ့မှာ ဘာတွေဖြစ်ကုန်ကြသလဲတော့ အားလုံးအသိ။ ကျွန်တော့် စိတ်ဒဏ်ရာတွေကတော့ "နှင်းဆွတ်ရေ" ထဲ စီးမျောဝင်ကုန်သည်။

၂၀၁၆ ဇန်နဝါရီ ၄ ရက်မှာ ညည့်နက်သည်အထိ မျှော်သော်လည်း မပြည့်ဝသည့် ဆန္ဒတစ်ခုနှင့် ကျွန်တော် နှင်းဆွတ်ရေကို ဇာတ်သိမ်းခဲ့ရသည်။

ဟော. . . ပြည့်မည့်ပြည့်တော့ ၂၀၁၆ ဧပြီ ၈ရက်နေ့ သင်္ကြန်အကြိုကာလ ကြီးပါလား။

နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ရုံးက ပထမဦးဆုံး ထုတ်သည့် ကြေညာချက်က သည်ကလေးတွေအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့ သူဘယ်လိုဆောင်ရွက်မည်ဆိုတာဖြစ်ပြီး ၂၄ နာရီ မပြည့်ခင်မှာပင် တဖွဲဖွဲလွတ်မြောက်ကုန်ကြသည်။ ည ၁၀နာရီ ၁၁ နာရီလောက်မှာတော့ အဲသည်အုပ်စုအကုန်လွတ်သွားသည်။

အစိုးရဝန်ထမ်းပေါင်းစုံကလည်း ကိုယ့်ညီတွေကိုယ့်ညီမတွေ ကိုယ့်သားသမီးတွေလို သဘောထားပြီး သူတို့လွတ်မြောက်ဖို့ကို အားရဝမ်းသာလိုက်လုပ်နေကြတာတွေ့ရသည်။

တစ်ဖက်မှာလည်း ရှေ့တန်းပြန်စစ်သည်တွေကို ပြည်သူတွေလှိုက်လှိုက်လှဲလှဲ ကြိုဆိုနေသည့်သတင်း မြန်မာ့ရုပ်မြင်သံကြားမှာလာနေသည်။

ဒါ. . . နှင်းဆွတ်ရေတွေ ဖြိုင်ဖြိုင်ရွာသွန်းနေတာမဟုတ်ပါလား။

လွတ်မြောက်လာသည့် ကျောင်းသားလူငယ်လေးများက တချို့အိမ်ဖြောင့်ဖြောင့်တန်းတန်းမပြန်ဘဲ သပိတ်အမူအယာတွေ ဆက်လုပ်ပြနေ၍ လူကြီးတချို့ပင် စိတ်ပူနေတာတွေလည်း တွေ့ရသည်။ ကျွန်တော်ကတော့ သိပ်စိတ်မပူ။ မေတ္တာနှင့် စောင့်ကြည့်နေသည့် လက်ရှိလူကြီးတွေအကြောင်း သဘောပေါက်လျှင် ခဏနှင့် ပြီးသွားမှာပါပဲ။

သင်္ကြန်ကလည်း လာတော့မည်။

သည်သင်္ကြန်ကိုတော့ 'ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး' ဟု မတင်စားဘဲ 'နှင်းဆွတ်ရေတိုး၊ သင်္ကြန်မိုး' ဟုသာ ကျွန်တော် တင်စားလိုက်ချင်ပါသည်။

ဆန္ဒမွန်ဖြင့်
လက်ီာရည်ကျော်

တို့ရွာကလေးပြောင်းလဲနေပါပြီ

ciFarmifat;(rEÅv;)

ဇာတိမြို့သို့ နှစ်ပေါင်း ၇၀ ကျော်ကြာမှ တစ်ခါတစ်ခေါက် ပြန်လည်ရောက်ရှိလာသည့်အခါမူ အစစအရာရာသည် များစွာပြောင်းလဲနေခဲ့ပါပြီ။ ကျွန်တော့်အားမွေးဖွားခဲ့သော ကိန်းလမ်းကိုပင် ပြန်လည်ရှာဖွေမတွေ့ရှိတော့သည်အထိပင်။ အမှတ် (၄၃) ရှမ်းကုန်းပိုင်းရပ် ယခု ဦးဘချိုလမ်းထိပ်မှ ကျွန်တော့်အဘိုးနှင့်အဘွားတို့ နေထိုင်ခဲ့ကြသည့် အိမ်ကြီးအစား မီနီမားကတ်တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပြီ။

ပျဉ်ထောင်အိမ်များနေရာတွင် ခမ်းနားသော တိုက်တာများ နေရာယူထားကြသည်။ ခရိုင်မြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များနှင့် လျော်ညီစွာ လမ်းများကို တိုးချဲ့ထားသည်။ စျေးသစ်ကြီးဆောက်ထားသည်။ ဘဏ်တွေလည်း သုံးလေးခုမျှမကတော့။ မီနီမားကတ်၊ စူပါမားကတ်၊ စျေးဝယ်စင်တာများလည်း များမှများ။ ကြက်ပျံမကျ စည်ကားနေသည်ကို မျက်မြင်ကိုယ်တွေ့မို့သာ ယုံလိုက်ရသည်။ အခြားတစ်ပါးသူတစ်ယောက်ယောက်ကပြောလျှင် ယုံမိလိမ့်မည်မထင်ပါ။

ကျွန်တော်မှတ်မိသမျှ ကိန်းလမ်းထိပ်တွင် ညောင်ပင်ကြီး တစ်ပင်ရှိခဲ့ဖူးသည်။ ဟိုယခင်ရှေးက စေတီတစ်ဆူရှိခဲ့ရာ စေတီကိုညောင်ပင်က တစ်စတစ်စမျိုသွားသဖြင့် ညောင်မျိုဘုရားဟု ဘွဲ့တော်တပ်ကာ ခေါ်ဆိုခဲ့ကြသည်။ သို့သော် ယခုအချိန်မှာညောင်မျိုဘုရားကိုလည်း မတွေ့ရတော့ပါ။ ကျွန်တော်ပင်လျှင် အမှတ်မှားသဖြင့်လား။ နေရာရွှေ့ပြောင်းသွားသောကြောင့်ပင်လား မပြောတတ်တော့ပါ။ မည်သို့ပင်ဆိုစေကာမူ ဇာတိမြေ၏ ပြောင်းလဲနေခြင်းများကို သတိမထားမိဘဲ မနေနိုင်ပါ။

ဟုတ်ပါရဲ့။ နိုင်ငံတစ်ခုလုံး အုပ်ချုပ်သူအစိုးရပင် ပြောင်းလဲသွားမှတော့ ကျွန်တော်တို့ရွာကလေး ပြောင်းလဲနေသည်မှာ မဆန်းတော့ပါ။ တစ်မြို့လုံး ခွပ်ဒေါင်းနီနီ အရောင်တွေလွှမ်းခြုံနေသည်ကို အဝေးကပင် မြင်နိုင်ပါသည်။ "အမေစုက တို့မြောင်းမြကလေ။ ပိုလ်ချုပ်အောင်ဆန်းဇနီး ဒေါ်ခင်ကြည်က မြောင်းမြမြို့သူလေ။ အမှတ် (၄၃) ရှမ်းကုန်းပိုင်းလမ်းထိပ်က ဦးဖိုးညွှင်း၊ ဒေါ်ဖွားစုတို့ မွေးခဲ့တာပေါ့။"

ဟုတ်ကဲ့။ မြောင်းမြမြို့သားတွေ ဂုဏ်ယူမည်ဆိုပါလျှင်လည်း ဂုဏ်ယူသင့်ပါသည်။ ကောင်းမွန်သည့် အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဟု သင်္ကြန်အမြောက်လိုတဒိန်းဒိန်းဖောက်ကာ ကြွေးကြော်ခဲ့ကြသည့် အသံကောင်းဟစ်ခဲ့ကြသူတွေ၊ နိုင်ငံကို အမှန်တကယ်ချစ်ကြမည့်၊ နိုင်ငံအတွက် အစစ်အမှန် လုပ်ကျွေးသမျှပြုကြတော့မည့် ပြည်ချစ်ပုဂ္ဂိုလ်တွေ ရောက်လာကြပြီမဟုတ်ပါလား။

"တို့တစ်တွေကတော့ လှိုက်လှိုက်လှဲလှဲ နှစ်ထောင်းအားရ ကြိုဆိုနေကြတယ် သူငယ်ချင်းရေ။ အမေစုရဲ့ကနေ့အထိ လုပ်ဆောင်သွားတဲ့ လုပ်ဆောင်မှုတွေမှာ ကျေနပ်စရာတွေချည်းပဲဟေ့။ ရှေ့ဆက်လုပ်ပြဦးမယ့် လုပ်ရပ်တွေဟာလည်း မကြာမီလာတော့မည်။ မျှော်ပါဆိုသလို အကောင်းတကာ့ အကောင်းတွေပဲဆိုတာ တို့တစ်တွေ မမှိတ်မသုန် ယုံကြည်နေတယ် သူငယ်ချင်း" လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်က ကျောင်းနေဖက် သူငယ်ချင်း မြောင်းမြမြို့သား ကိုထွန်းကြည် ကျောင်းအုပ်ဆရာကြီး (ငြိမ်း)က အားပါးတရ တက်တက်ကြွကြွ ပြောပြသည်။

သူပြောသမျှ မုချမသွေ ဖြစ်ပေါ်လာချိမ့်မည်ဟု ကျွန်တော်ကိုယ်တိုင်လည်း ယုံကြည်နေမိသည်က အမှန်ပါ။ အနာဂတ်ခေါင်းဆောင် အမေစု၏ ခိုင်ကျည်သော စိတ်ဓာတ်၊ ထက်သန်သောအားမာန်၊ ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တိကျမှန်ကန်သော လုပ်ဆောင်ချက်များက ကျွန်တော်တို့၏ အိပ်မက်များကို အကောင်အထည်ပေါ်စေတော့မည် မုချဖြစ်ပါသည်။

အခြေခံကျသော နိုင်ငံသားအများစုတို့၏ ဘဝများ တိုးတက်မြင့်မားလာမည်ကို အစိုးရသစ်၏ ဝန်ကြီးများက လာဘ်လာဘမယူ အဂတိတရားကင်းစင်စွာ မိမိတို့ကွပ်ကဲသော ဌာနအသီးသီးတွင် ကွပ်ကဲဆောင်ရွက်သွားမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးထင်ကျော်က "မိမိအနေဖြင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရေး၊ အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေး၊ ပြည်သူ့ဘဏ္ဍာငြိုးခြံချွေတာရေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် ကျစ်လျစ်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ပြီးခဲ့သော ဧပြီလ ၁ ရက်နေ့မှစတင်ကာ နိုင်ငံတစ်ဝန်းလုံး ပြည်သူအပေါင်း လည်တဆန့်ဆန့်စောင့်ဆိုင်းမျှော်လင့်ကြိုဆိုနေကြမည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံကျသော ပြည်သူတို့၏ လူနေမှုဘဝတိုးတက်မြင့်တင်လာမည်ကို ဝန်ကြီးများ၏ ဂတိသစ္စာပြုချိန်တွင် ဝမ်းမြောက်ရွှင်လန်းဖွယ်ရာ မြင်တွေ့ကြရမည်ဟု အလေးအနက် ယုံကြည်ပါကြောင်း ကျွန်တော်ကိုထွန်းကြည်အား ပြောပြချင်ပါသေးသည်။

သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာလွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်/ ဓားလက်နက်များ ဝှက်သိမ်း ကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့် အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသောအစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ/မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ပြည်ထောင်စုဝန်ကြီး ရုံးလုပ်ငန်းများအား သွားရောက်စစ်ဆေး

ရန်ကုန် ဧပြီ ၉

ဘဏ်လုပ်ငန်းများ၊ ပြည်ပနိုင်ငံများနှင့် နိုင်ငံခြားဝင်ငွေလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ်သို့ လာရောက်ဆက်သွယ်ဆောင်ရွက်သည့် ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးရမည်ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းက ပြောသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းသည် ဧပြီ ၈ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်များသို့ သွားရောက်စစ်ဆေးစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မှန်ကန်မြန်ဆန်စွာ စေတနာထားဆောင်ရွက်ကြရန်၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစွာ ဆောင်ရွက်ကြရန်နှင့် ကုန်ပစ္စည်းများရှင်းလင်း ထုတ်ယူရာတွင် အမြန်ဆုံးထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အေးရှားဝေါဆိပ်ကမ်းတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများ စစ်ဆေးကြပ်မတ်လျက်ရှိသည့် အခြေအနေများ၊ X-Ray Scanning စက်ကိုအသုံးပြု၍ ကုန်သေတ္တာများ စစ်ဆေးနေမှု အခြေအနေများနှင့် ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငွေကြေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ သွားရောက်စစ်ဆေးပြီး မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ပေါက်လာသည့် စတော့အိတ်ချိန်းအားရေရှည်တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ Stock Market များဖြစ်ထွန်းပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။ **(ကြေးမုံ)**

ကျေးလက်ရေကန်များတွင် ရေခန်းခြောက်မှုလျော့နည်းရန် နည်းလမ်းသစ်ဖြင့် စမ်းသပ်မှုအောင်မြင်

တဲကြီးကန်(သောက်သုံးရေကန်)အား ရေခန်းခြောက်သက်သာစေရန် အမိုးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။

မန္တလေး ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျေးလက်ရေကန်များတွင် ရေသိုလှောင်ထိန်းသိမ်းခြင်း၊ လေလွင့်ဆုံးရှုံးမှုနည်းပါးရန်၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်နှင့် ရေခန်းခြောက်မှု လျော့နည်းစေရန် FLOATING ROOF ROR POND စနစ်သစ်ဖြင့် စမ်းသပ်တီထွင်ဆောင်ရွက်ရာ အောင်မြင်နေသည်ကို တွေ့ရသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ကျေးရွာအုပ်စု ၈၆ အုပ်စုနှင့် ကျေးရွာပေါင်း ၂၃၃ ရွာ ရှိသည်။ မြစ်သားမြို့နယ်တွင် ကျေးလက်ကန် ၆၀ ကျော်ရှိသည်။ ထိုကျေးလက်ကန်ငယ်များထဲတွင် တဲကြီးကန်လည်းပါသည်။ နှစ်ကာလကြာမြင့်လာသည်နှင့် အမှု တဲကြီးကန်သည် ကောလာခြင်း၊ ဆီမီးတိုင်ပင်များ ထူထပ်စွာပေါက်ရောက်လာခြင်း၊ သောက်သုံးရေမလုံလောက်ခြင်းတို့ကြောင့် ဆည်မြောင်းဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်ခဲ့သည်။

မြန်မာနိုင်ငံတွင် အယ်နီညိုရာသီ ဥတုဒဏ်ကြောင့် မိုးခေါင်ခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းတို့ကြောင့် ရေရရှိရေးအခွင့်အလမ်းများ နည်းပါးခဲ့သည်။ ထိုအထဲတွင် မြစ်သားမြို့နယ် ဝက်ထိန်းကျေးရွာအုပ်စုတွင်းရှိ တဲကြီးကန်လည်းပါဝင်သည်။ တဲကြီးကန်သည် အမြင့်ရှစ်ပေ၊ အလျား ၁၂၃၃ ပေ၊ တာပေါင်ထိပ်အကျယ် ၁၃ ပေ၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၁၅ ဧက၊ ရေသိုလှောင်မှုပမာဏ ၂ ဒသမ ၈၅ သန်းဂါလန်ရှိ၍ တဲကြီးရွာနှင့် အနီးရှိကျေးရွာများမှာ သောက်သုံးရေနှင့် တိရစ္ဆာန်များ သောက်သုံးရေအားထားနေရသော ကန်ကြီးဖြစ်သည်။ တဲကြီးကန်မှာ ကင်းတားလက်ဝဲမြောင်းမကြီး လက်တံ(၂၀-က)မှ ရေကူရေဖြည့်ပေးနေသော ကန်ကြီးဖြစ်သည်။ သဘာဝမိုးရေကိုလည်း သိုလှောင်ထိန်းသိမ်းထားသော ကန်ကြီးဖြစ်သည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက အယ်နီညိုရာသီတွင် ရေရရှိရန် အခွင့်အလမ်းနည်းပါးသော်လည်း ရရှိပြီး ရေသိုလှောင်ထိန်းသိမ်းခြင်း၊ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ဆောင်ရွက်ခြင်းဖြင့် လူနှင့် ကျွဲ၊နွားတိရစ္ဆာန် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန်နှင့် ရေခန်းခြောက်မှုလျော့နည်းပြီး ရေငွေ့ပြန် ဆုံးရှုံးမှုလျော့နည်းရန် FLOATING ROOF ROR POND စနစ်ဖြင့် တဲကြီးကန်ကြီးအား စမ်းသပ်တီထွင်ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်ခဲ့သည်။

ရေခန်းခြောက်မှုလျော့နည်းပြီး ရေငွေ့ပြန်ဆုံးရှုံးမှု လျော့နည်းစေရန် တဲကြီးကန်တစ်ခုလုံးအား ဝါးများဖြင့် ကန်ပတ်လည်အား ရေပြင်ပေါ်မှ လေးကွက်ကျား စိုက်ထူလိုက်သည်။ ဝါးများပေါ်မှ မိုးကာစများဖြင့် ကန်ပြင်တစ်ခုလုံးအား ဖုံးအုပ်ထားလိုက်သည်။ ဤနည်းဖြင့် ရေခန်းခြောက်မှုလျော့နည်းလာပြီး ရေငွေ့ပြန်ဆုံးရှုံးမှုလည်း သိသာစွာ ကျဆင်းလာသည်။ ဤကဲ့သို့ စမ်းသပ်တီထွင်မှုမှာ အထူးအောင်မြင်ခဲ့သည်။

တဲကြီးကန်အား ရေခန်းခြောက်မှုလျော့နည်းရန်နှင့်ရေငွေ့ပြန်ဆုံးရှုံးမှုလျော့နည်းရန်စမ်းသပ်တီထွင်ထားသဖြင့် တဲကြီးကျေးရွာရှိ အိမ်ထောင်စုပေါင်း ၅၀ မှ လူဦးရေ ၃၆၅ ဦးနှင့်ကျွဲ၊နွားတိရစ္ဆာန် အကောင် ၆၀၀ တို့မှာ ၂၀၁၆ ခုနှစ်မိုးရာသီအထိ သောက်သုံးရေဖူလုံစွာ ရရှိနေကြသဖြင့် ဝမ်းသာပျော်ရွှင်နေကြသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်က ရွှေမင်းဝံကျေးရွာအုပ်စု ရွှေမင်းဝံကျေးရွာငွေ့ကန်တွင်လည်း ယခုနည်းအတိုင်း တီထွင်စမ်းသပ်ခဲ့ရာ အထူးအောင်မြင်ခဲ့သည်။ ငွေ့ကန်မှ သောက်သုံးရေကို အိမ်ခြေ ၁၁၂၀ မှ လူများနှင့် နွားကောင်ရေ ၂၆၈၀ တို့မှာ သောက်သုံးရေဖူလုံစွာ ရရှိနေကြပြီဖြစ်သည်။ မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဘတ်ဂျက်ငွေပေါ် မူတည်၍ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအုပ်စု မကျီးကန်ကျေးရွာရှိ အိမ်ထောင်စု ၄၁၀ မှ လူဦးရေ ၁၆၇၀ နှင့်ကျွဲ၊ နွားတိရစ္ဆာန် အကောင် ၃၀၀ အတွက် မကျီးကန်ကိုလည်း ရေခန်းခြောက်မှုလျော့နည်းရန်နှင့် ရေငွေ့ပြန်ဆုံးရှုံးမှုနည်းပါးရန် နည်းသစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝက်ကုန်းကျေးရွာအုပ်စု တဲကြီးကန်အား ရေခန်းခြောက်မှုလျော့နည်းရန်နှင့် ရေငွေ့ပြန်ဆုံးရှုံးမှုလျော့နည်းအောင် တီထွင်စမ်းသပ်ထားသည့် FLOATING ROOF ROR POND စနစ်သစ်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်သည် ဧပြီ ၇ ရက်က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

မြင်း ပုံ

ခေါင်းအုံးကြီး ခေါင်းအုံးကြီး
မြင်းပုံလုပ်လို့ စီး။
မြင်းပုံစီးလို့ မိုးကိုပုံ
မိုးကခြင်ထောင် ခံ။
ခြင်ထောင်ခံလို့ မြေမှာပြေး
"ထိုက်ဟဲ့ ဇာနည်သွေး"။ ။
တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း ၁၉၄၁ ။
ဆရာ့ကဗျာထဲက
"ထိုက်ဟဲ့" ဆိုတာ
အာလပန ပါဠိလို . . .
မြန်မာလိုက "အာလုပ်"
အာလုပ်သံကြားရင်
ဘာ ဇာတ်ကောင်ထွက်ပြီဆိုတာ
သိခဲ့ကြတယ်
သိကြားအာလုပ်က. . .
အေး ဟေ တဲ့ . . .
ပြီးမှ သိကြားစာ ရွတ်ရတယ်
အေး ဟေ
ဆာရိပတ္တက
ရက္ခဆန်းပြား
ရှေ့ငွေတလင်း
မြဲကျောက်ရင်းမှာ
ခင်းကျင်းထားသည့်
မြသားပန္ရ
လဲဝါန
ယခုထူးလည်
ဘယ်အခင်းကြောင့်
မာတင်းသည်. . .
သည်လိုပါပဲ . . .
ရော
ဒါက မုဆိုးအာလုပ် . . .
ဘီလူးအာလုပ်က
"ထိုက်ဟဲ့ ထိုက် ထိုက် "
ဆရာ့
ကလေးကဗျာလေးက
တကယ့် နိုင်ငံရေး. . .
နယ်ချဲ့ဆန့်ကျင်ရေး
ကိုလိုနီဆန့်ကျင်ရေး
လွတ်လပ်ရေးအတွက်
ဇာနည်သွေး မျိုးဆက်သစ်လေးကို
လူပျော့ လူညံ့လေးမဖြစ်အောင်
ဘီလူးဇာတ်သွင်းခဲ့တာ. . .
တကယ့်နိုင်ငံရေးဖြစ်ပါတယ် . . .
ကျုပ်ဆရာဟာ
ဒီလိုဆရာခင်ဗျ. . .
တပည့်ကြီး ရိုသေစွာရှိခိုးလျက်

ကိုလေး(အင်းဝဂုဏ်ရည်)

မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာသောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြို့ဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မည်စ်နွမ်းစေရန် မိမိ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါးသုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေးအဖွဲ့အစည်းများထံ သတင်းပေးပို့တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များအနေဖြင့် ရိုးရာသင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလွှင်ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍာပ်တာဝန်ခံများက ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

❖

ပြည်တွင်းရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းတင်ပြ

ရန်ကုန် ဧပြီ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအား ဧပြီ ၈ ရက် ညနေ ၅ နာရီတွင် နတ်ချောင်းရပ်ကွက်ရှိ အားကစားကွင်း၌ လည်းကောင်း၊ ဧပြီ ၉ ရက် ညနေ ၅ နာရီတွင် ကျောက်မြောင်း အရှေ့ရပ်ကွက်ရှိ တာမွေရာမအားကစားကွင်း၌လည်းကောင်း တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထိုသို့ရှင်းလင်းစဉ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် တာမွေမဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှသိန်း၊ တာမွေမဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းမြင့်တို့ကလည်း လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ပြိုင်ပွဲဝင်တွေအနေနဲ့လည်း မြန်မာတစ်နိုင်ငံလုံးအနှံ့ အဆိုရှင်ပေါင်း ၈၀၀၀ ကျော် ယှဉ်ပြိုင်ရာကနေ အဆင့်ဆင့် ရွေးချယ်ခံခဲ့ကြရတာဖြစ်ပါတယ်။ အကဲဖြတ်ဒိုင်တွေဖြစ်တဲ့ တေးသံရှင် မေဆွို၊ ရဲလေးနဲ့ ချမ်းချမ်းတို့ သုံးဦးက လည်း တိုင်းဒေသကြီး၊ မြို့ကြီးတွေထိတိုင် လိုက်လံရွေးချယ်ခဲ့ကြရတာ ဖြစ်ပါတယ်။ အကဲဖြတ်ဒိုင်တွေ ကိုယ်တိုင်လည်း ပရိသတ်တစ်ပိုင်းဖြစ်ခဲ့တာကြောင့် ရှုံးထွက်သူတွေအတွက် မျက်ရည်ကျရပေါင်းလည်း မနည်းကြပါဘူး။

အပတ်စဉ် သောကြာနေ့ ညတိုင်း သတ်မှတ်ထားတဲ့ ခေါင်းစဉ်အပေါ်မူတည်ပြီး သီချင်းယှဉ်ပြိုင်ကြရတဲ့အပေါ်မှာ ည ၁၀ နာရီကနေ နောက်တစ်ရက် စနေနေ့ ညနေ ၆ နာရီအထိ vote လုပ် မဲပေးကြရပါတယ်။ သောကြာနေ့ရဲ့ ယှဉ်ပြိုင်မှုကို စနေနေ့ည မဲရေတွက်ပြီးတဲ့နောက် ကြေညာပေးပါတယ်။ နောက်ဆုံး Grand Final ယှဉ်ပြိုင်တဲ့ ဧပြီ ၉ ရက်မှာတော့ ပြိုင်ပွဲဝင် သုံးဦးအနေနဲ့ သီချင်းသုံးပုဒ်စီ သီဆိုယှဉ်ပြိုင်ရပြီး ပြိုင်ပွဲပြီးချိန်မှစလို့ သုံးနာရီအတွင်းမှာ vote လုပ်ကြရပြီး ရလဒ်ကို ကြေညာပေးတာ ဖြစ်ပါတယ်။

ဒေါ်နန်းမောက်လောဝ်ဆိုင်
ဥက္ကဋ္ဌ၊ ရွှေသံလွင် Media Co.(free to air)

Myanmar Idol ဖြစ်တည်လာဖို့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်အချိန် American Idol ကိုကြည့်ပြီးကတည်းက ကိုယ့်နိုင်ငံမှာလည်း ဒီလို Idol ရွေးချယ်ပွဲလေး လုပ်ခွင့်ရရင် လုပ်ချင်တယ်ဆိုတဲ့ ဆန္ဒလေးဖြစ်မိပါတယ်။ အဲဒီဆန္ဒကို လွန်ခဲ့တဲ့သုံးနှစ်ကျော်အချိန်ကစပြီး အကောင်အထည်ဖော်ဖြစ်အောင် ကြိုးပမ်းခဲ့ပါတယ်။ လုပ်ပိုင်ခွင့်ကို ရခဲ့တာတော့ တစ်နှစ်အပိုင်းအခြားလောက်ပဲ ရှိပါသေးတယ်။ ဒီလိုမြန်မြန်ဆန်ဆန် လုပ်ခွင့်ရမယ်လို့လည်း မမျှော်လင့်မိခဲ့ပါဘူး။ လုပ်ချင်တဲ့ Myanmar Idol ကို လုပ်ပိုင်ခွင့်ရတဲ့အတွက်လည်း သိပ်ကို ဝမ်းသာခဲ့မိပါတယ်။

Myanmar Idol စလုပ်ကတည်းကတော့ အခက်အခဲတွေက တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ရှိခဲ့ပါတယ်။ ဝမ်းသာရတဲ့အခါရှိသလို စိတ်ညစ်ရတဲ့အခါတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း အခက်အခဲတွေကို ကြိုးစားဖြေရှင်းရင်း၊ ကျော်ဖြတ်ရင်းနဲ့ ဒီနေ့လိုမျိုး Grand Final ကို ရောက်ခဲ့ပါတယ်။ ဒီအတွက်လည်း ဝမ်းသာမိပါတယ်။ ဒီလို Myanmar Idol Season One အောင်မြင်ခဲ့တဲ့အတွက်လည်း အခု Season Two ကို လုပ်ဖို့စီစဉ်နေပါပြီ။ ဆက်လုပ်တယ်ဆိုတော့လည်း ပထမလုပ်တဲ့ Season One မှာ ကြုံတွေ့ခဲ့တဲ့ လိုအပ်ချက်တွေ၊ အမှားတွေအပေါ်မှာ ပြန်လည်သုံးသပ်ပြီး ဖြည့်ဆည်းစီစဉ်သွားမှာ ဖြစ်ပါတယ်။

အခု Season One မှာ အဆိုရှင်ပေါင်း ၈၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီအထဲကမှ ၈၆ ယောက် ရွေးပါတယ်။ တစ်ခါ ၈၆ ယောက်ထဲကမှ အယောက် ၂၀၊ အယောက် ၂၀ ကမှ ၁၁ယောက်နဲ့ အခု အခြေအနေအထိရောက်အောင် အဆင့်ဆင့်ရွေးခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ Myanmar Idol ကို အားပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ဆက်ပြီးတော့လည်း ယုံယုံကြည်ကြည် စိတ်ချလက်ချနဲ့ အားပေးကြပါဦးလို့ ပြောလိုပါတယ်။

ရဲလေး (အကဲဖြတ်ဒိုင်)

ကျွန်တော်တို့ အကဲဖြတ်ဒိုင်တွေနဲ့ Host ကို Myanmar Idol ရွေးချယ်ရေးကော်မတီက ရွေးချယ်ကမ်းလှမ်းခဲ့တာ ဖြစ်ပါတယ်။

American Idol ကို မြန်မာနိုင်ငံအတွက် Myanmar Idol ဆိုပြီး Franchise လုပ်ငန်း လုပ်ပိုင်ခွင့်ရဖို့ ရွှေသံလွင်ကုမ္ပဏီအနေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ကြိုးစားခဲ့ကြတာပါ။ အခုလို လုပ်ပိုင်ခွင့်ရလို့ လုပ်ကြတော့လည်း ပရိသတ်တွေရဲ့အားပေးမှုကို တစ်ခဏက်ရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ တစ်ခုတော့ရှိပါတယ် ကြိုက်နှစ်သက်တဲ့ သူတွေရှိသလို မကြိုက်တဲ့သူတွေလည်းရှိမှာပါ။ ဒါကတော့ သဘာဝကျပါတယ်။ အရာအားလုံးကတော့ အကောင်းအဆိုး ဒွန်တွဲနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့သလို ပရိသတ်တွေအတွက်လည်း ရင်ခုန်လှုပ်ရှားခဲ့ရတဲ့ တီဗွီအစီအစဉ်လေးတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီနေ့ဆိုရင် ပရိသတ်ရဲ့အားပေးမှုက ပိုပြီး သိသာပေါ်လွင်ပါတယ်။

ကျွန်တော်တို့ ဒိုင်တွေအနေနဲ့ကတော့ အဆိုရှင်သစ်တွေကို မွေးထုတ်နိုင်ခဲ့လို့လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဂီတမျိုးဆက်သစ်တွေ ပေါ်ထွက်လာလို့လည်း ဂီတလောကအတွက် အားရမိပါတယ်။ ကျွန်တော်တို့ဘက်က ချို့ယွင်းအားနည်းချက်တွေရှိခဲ့ရင်လည်း ခွင့်လွှတ်ပါလို့ တောင်းပန်လိုပါတယ်။

ကျော်ထက်အောင် (Host)

ရုပ်မြင်သံကြားကို ကြည့်ရှုကြတဲ့ ပရိသတ်များအတွက် ပျော်ရွှင်ကြည်နူးစရာ အမှတ်တရလေးတွေကို ဖန်တီးပေးနိုင်ခဲ့သလို ဂီတလောကအတွက်လည်း အဆိုရှင်သစ်တွေ ပေါ်ထွက်လာအောင် Myanmar Idol က ပံ့ပိုးပေးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော့်ကို Host အဖြစ် တာဝန်ပေးရွေးချယ်ခဲ့တဲ့ ဒေါ်နန်းမောက်လောဝ်ဆိုင်နဲ့ Myanmar Idol ကော်မတီဝင်များ၊ ကျွန်တော့်ကို ရွေးဖို့အကြံပြုခဲ့တဲ့ ကိုဂျွန်လွင်ကိုပါ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

MPT လိုင်းတစ်မျိုးတည်း မဲပေးစနစ်နဲ့ မဲပေးခဲ့ကြလို့ Season One မှာ 'စောလားထော်ဝါး' ကတော့ Myanmar Idol ဖြစ်သွားခဲ့ပါပြီ။ Myanmar Idol အသစ်စက်စက်လေးကလည်း သူ့ကို Winner ဖြစ်အောင် အားပေးခဲ့ကြတဲ့ ပြည်တွင်း ပြည်ပ ပရိသတ်များရော အစီအစဉ်ဖြစ်မြောက်အောင်စီစဉ်တင်ဆက်ပေးတဲ့ ရွှေသံလွင်ကုမ္ပဏီက Free to Air President ဒေါ်နန်းမောက်လောဝ်ဆိုင်၊ ကိုစိုင်း၊ ကိုအယ်ဒီနဲ့ အဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက်တွေ အားလုံးကိုပါ အထူးကျေးဇူးတင်ကြောင်း အမှတ်တရ ပြောကြားခဲ့ပါတယ်။

Myanmar Idol Season One ကတော့ အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပါပြီ။ Myanmar Idol ဆုရှင်နဲ့အတူ လက်တွဲခဲ့ကြတဲ့ အဆိုရှင်များကိုလည်း ဂီတလောကရဲ့ ကြယ်ပွင့်သစ်များအဖြစ် မဝေးတော့တဲ့ကာလမှာ လင်းလက်တောက်ပလာကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတော့တယ်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျပ် ဘီလီယံ ၃၀၀ ကျော် အသုံးပြု၍ ကျေးလက်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းဆောင်ရွက်မည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး အစိုးရသစ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘဏ္ဍာငွေကျပ် ဘီလီယံ ၃၀၀ ကျော် အသုံးပြု၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်များ ဆောင်ရွက်ရန် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် အတည်ပြုဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဧပြီ ၈ ရက်တွင် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးတစ်ခုလုံးတွင် သုံးစွဲဆောင်ရွက်သွားရန်အတွက် ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်က ညှိနှိုင်းခွင့်ပြုထားသည့် ငွေကြေးပမာဏ ကျပ် ၃၃၆ ဒသမ ၂၁၈ ဘီလီယံ ဖြစ်ပြီး ယင်းတွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များလည်း ပါဝင်ကြောင်း သိရသည်။ ယင်းအပြင် ယခင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အထူးစီမံကိန်းအဖြစ် ဆောင်ရွက်မည့် တင်ပြထားခဲ့သော ခုံးကျော်တံတားနှစ်စင်း တည်ဆောက်ရန် လျာထားငွေကျပ် ၃၂ ဒသမ ၂၂ ဘီလီယံကို ယခုအစိုးရအနေဖြင့် တံတားနှစ်စင်း တည်ဆောက်ခြင်းအစား ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ပြင်ပ မြို့နယ်များ၊ ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးမှာ မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိပါတယ်။ ဒီ ၄၅ မြို့နယ်မှာ စည်ပင်ပြင်ပက ၁၂ မြို့နယ်လောက်ရှိပါတယ်။ ဒီမြို့နယ်တွေအားလုံးအတွက် သုံးစွဲနေတဲ့ စည်ပင်သာယာအဖွဲ့အစည်းပုံစံ နှစ်ခုရှိပါတယ်။ တစ်ခုက ရန်ကုန်စည်ပင်ကော်မတီဖြစ်ပါတယ်။ မြို့တော်ဝန် ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ စည်ပင်သာယာ ၃၃ မြို့နယ်အတွက် သုံးစွဲမယ့်ငွေကြေးပမာဏ ဖြစ်ပါတယ်။ ၃၃ မြို့နယ်မှာ သုံးစွဲမယ့်ငွေကြေးပမာဏဟာ ရန်ကုန်တစ်တိုင်းလုံးမှာ သုံးစွဲမယ့်ငွေကြေးပမာဏဖြစ်တဲ့ ကျပ် ၃၃၆ ဒသမ ၂၁၈ ဘီလီယံထဲကနေ ၂၂၇ ဒသမ ၇၂၁ ဘီလီယံကို ရရှိနေပါတယ်။ ရရှိတဲ့ ပမာဏဟာ အလွန်အင်မတန်ကို များပြားနေပါတယ်။ ဒါကြောင့်မို့ ရန်ကုန်တိုင်းဒေသကြီး မြေပုံပေါ်မှာ ကြည့်လိုက်မယ်ဆိုရင် စည်ပင်သာယာ မြို့ထဲနယ်မြေတွေနဲ့ ဆက်စပ်နေတဲ့ မြို့ပေါ်ဟာ တကယ့်ကို တိုးတက်ဖွံ့ဖြိုးနေပြီး စည်ပင်သာယာနယ်နိမိတ် ပြင်ပမြို့နယ်တွေမှာ လမ်းလည်းမရှိဘူး။ ဆက်သွယ်ရေးခက်ခဲနေတယ်။ ပညာရေး၊ ကျန်းမာရေးမှာလည်း အလွန်အင်မတန်ကို နိမ့်ကျနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးလို့ ပြောဖို့ရာခက်ခဲတဲ့ အခြေအနေမျိုးတွေရှိပါတယ်။ တော်တော့်ကို ဖွံ့ဖြိုးဖို့နောက်ကျခဲ့ပါတယ်။ အခု ဖွဲ့စည်းလိုက်တဲ့ အစိုးရသစ်ကတော့ မိုးများများရွာမယ်လို့ မိုးကောင်းတဲ့နေရာတွေကို ဒီလိုစဉ်းစားထားတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်တဲ့နေရာတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အစီအစဉ်မရှိဘူးလားဆိုတော့ အစီအစဉ်ရှိပါတယ်။ ရန်ကုန်မြို့တော်ကြီးဟာ စီးပွားရေးအချက်အချာ မြို့တော်ကြီးဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ကြီးဟာ နိုင်ငံတကာရဲ့ မျက်နှာစာမှာ ရှိနေတဲ့ မြို့တော်ကြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးနှလုံးသားနေရာမှာ ရှိပါတယ်။ နိုင်ငံတကာ မြို့တော်အဆင့် အတန်းအထိ တက်နိုင်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျေးလက်ဒေသတွေနဲ့ စည်ပင်သာယာ နယ်နိမိတ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကလည်း တစ်ပြေးညီ တိုးတက်လာနိုင်ဖို့အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူတွေရဲ့ဘဝကို စာနာဖို့ လိုပါတယ်။ သူတို့ရဲ့ သားသမီးတွေ ကျောင်းသွားတက်နိုင်ဖို့၊ သူတို့ရဲ့ ကျန်းမာရေးအတွက်သွားနိုင်ဖို့ လမ်းလေးတွေ လောက်တော့ ရှိသင့်ပါတယ်။ သူတို့ဟာ ရန်ကုန်မြို့တော်ကြီးရဲ့ အနီးနားမှာနေနေပြီး တော်တော့်ကို ဝေးလံခေါင်းပါးတဲ့ နေရာတစ်နေရာမှာ နေနေရသလိုမျိုး ဖြစ်တယ်ဆိုရင်တော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှာ အထူးတာဝန်ရှိပါလိမ့်မယ်။ နိုင်ငံတော် ဘတ်ဂျက်ငွေတွေကို အလေအလွင့်မဖြစ်အောင်၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနဲ့အညီ ညီညွတ်အောင် သုံးစွဲသွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်သွားရာတွင် စည်ပင်သာယာနယ်နိမိတ် အတွင်း၊ အပြင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပါအဝင် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန် ပွင့်လင်းမြင်သာမှုရှိရှိ အများပြည်သူသိရှိအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။ ရန်ကုန်စည်ပင်သာယာနယ်နိမိတ် ပြင်ပ ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် စည်ပင်နယ်နမိတ် ပြင်ပ လျာထားဘတ်ဂျက်ငွေမှာ ခြောက်ဘီလီယံကျော်သာရရှိသည့်အတွက် အထူးစီမံကိန်းဆောင်ရွက်မည့် ခုံးကျော်တံတားနှစ်စင်း တည်ဆောက်မည့် ဘတ်ဂျက်ငွေကျပ် ၃၂ ဒသမ ၂၂ ဘီလီယံကို အဆိုပါ စည်ပင်သာယာနယ်နိမိတ် ပြင်ပ မြို့နယ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားရန် လွှတ်တော်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ လက်ရှိအစိုးရအနေဖြင့် နေ့စဉ်ကြုံတွေ့နေရသည့် ရေရရှိရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်ပစ်စနစ်၊ မိလ္လာစနစ်၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ၊ လမ်းဘေးစျေးသည်များ ပြဿနာ စသည့် ကိစ္စရပ်များကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

(ဆုနှင်းလှဲ)

မူးယစ်ဆေးထဲမှာ အရက်ကိုထိပ်ဆုံးမှာထည့်ထားပါတယ်၊ မူးယစ်ဆေးဆို ဘယ်မူးယစ်ဆေးကိုမှ မသုံးစွဲပါနဲ့

တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ သန့်ဇင်ဝင်း

သင်္ကြန်သည် ကာလရွှေ့လျားလာရာမှ အရက်သင်္ကြန်၊ မူးယစ်သင်္ကြန်ပုံစံပြောင်းလဲသွားသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ရသည်။

ထိုပြင် လျှပ်ပေါ်လော်လီသင်္ကြန်၊ မလုံ့တလုံသင်္ကြန်၊ မပေါ့်တပေါ် သင်္ကြန်၊ သရုပ်ပျက်သင်္ကြန်၊ စီးပွားရေးသင်္ကြန်၊ ရန်ဖြစ်သင်္ကြန်၊ ကိလေသာ သောင်းကျန်းသင်္ကြန် စသည့် မြင်ကွင်းများကိုလည်း ရိုးရာယဉ်ကျေးမှုကို ခုံမင်သူများ၊ မိဘများ၊ အသက်အရွယ်ရင့်ကျက်လာသူများက ပင့်သက်တရှိုက်ရှိုက်၊ စိတ်မကောင်း၊ စိတ်ထိခိုက်စွာ ကြည့်နေရုံမှအပ မတတ်နိုင်ဖြစ်ခဲ့ရသည်။

အစိုးရသစ်သည် သင်္ကြန်ကို မူလလက်ဟောင်း မြန်မာ့ရိုးရာသင်္ကြန်စစ်စစ်အဖြစ် ပုံဖော်နိုင်ရန် နိုင်ငံတစ်ဝန်းစတင်ကြိုးပမ်းဆောင်ရွက်နေသည်။ သင်္ကြန်ကို ကိုယ်စီအသိစိတ်ဓာတ်ရှိရှိဖြင့် လူငယ်၊ လူလတ်၊ လူကြီး၊ ကျား၊ မ မရွေးက ထိန်းသိမ်းစောင့်ရှောက်သွားဖို့လိုသည်။

အရက်မူးယစ်သည်ကို၊ အရက်ပုလင်းများ ကိုင်ဆောင်သောက်စားနေသည်ကို အလွယ်တကူ သိမြင်နိုင်သော်လည်း မူးယစ်ဆေးဝါးများက အရွယ်အစားသေးငယ်ခြင်း၊ အနံ့မထွက်ခြင်း၊ သောက်သုံးထားသော်လည်း ပုံမပျက်သူများကို အတွေ့အကြုံမရှိသူဖြစ်ပါက ခွဲခြားသိရှိနိုင်ရန် ခက်ခဲခြင်းတို့ကြောင့် ထိန်းချုပ်ရန် မလွယ်ကူပေ။

သို့ဖြစ်၍ လူငယ်များမူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနိုင်စေရန်၊ ဆေးသုံးစွဲသူများကို အလွယ်တကူ ခွဲခြားသိမြင်နိုင်စေရန်နှင့် ဆေးဝါးသုံးစွဲသူ၊ ရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးအရေးယူနိုင်ရန် စသည်တို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီး ရွှေညာမောင်နှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)မှ စိတ်ကျန်းမာရေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မာသိန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှတို့အား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်-

(ယမန်နေ့မှအဆက်)

ဒေါက်တာခင်မာသိန်း
စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး
နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)

မေး။ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေရဲ့ လက္ခဏာကို သိလိုပါတယ်။ အဲဒီနေရာမှာ ဘိန်းအုပ်စုသုံးစွဲတဲ့ လက္ခဏာနဲ့ စိတ်ကြွဆေးအုပ်စုသုံးစွဲတဲ့ လက္ခဏာဆိုပြီး နှစ်မျိုးရှိတဲ့အထဲမှ ဘိန်းအုပ်စုသုံးစွဲတဲ့လူတွေဟာ ဘယ်လိုလက္ခဏာရှိတယ်၊ စိတ်ကြွဆေးအုပ်စုသုံးစွဲတဲ့ လက္ခဏာက ဘယ်လိုဆိုတာကို အများပြည်သူတွေသိအောင် ရှင်းလင်းအောင် ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ဘိန်းအုပ်စုမှာတော့ ဘိန်းဖြူ ဘိန်းမဲ၊ ဘိန်းဆီခဲဆိုပြီး တော့ရှိပါတယ်။ သူတို့တွေက အကြောဆေးထဲသွင်းပြီး တော့သော်လည်းကောင်း၊ ဒါမှမဟုတ်ရင် ဆေးလိပ်ထဲထည့်ပြီးတော့သော်လည်းကောင်း၊ ဒါမှမဟုတ်ရင် ခဲပြားပေါ်တင်ပြီး မီးရှို့ပြီးတော့ ပြောင်းထဲထည့်ပြီး အငွေ့ရှူပြီးတော့ အားဖြင့်သော်လည်းကောင်း အမျိုးမျိုးသုံးစွဲကြပါတယ်။ သုံးစွဲပြီးတဲ့အခါမှာ သူတို့ကမှိန်းပြီးတော့ ငိုက်မြည်းနေတယ်။ ဖီးလ်ဖြစ်နေတယ်၊ ရယ်နေမယ်။ ပျော်ရွှင်မှု၊ စိတ်ထဲမှာကြည်နူးမှုတွေ အဓိကခံစားနေမယ်။ အဲဒီလိုလက္ခဏာတွေ အဓိကတွေ့တယ်။ ဘိန်းဖြူ ဘိန်းမဲအုပ်စုကပါ။

မေး။ တကယ်လို့ ဘိန်းကပြတ်သွားပြီ၊ မရှိတော့ဘူးဆိုရင် ဘယ်လိုတွေများ လက္ခဏာတွေ ထပ်ပြပါသလဲခင်ဗျာ။

ဖြေ။ အဲအခါမှာ အာနိသင်ကုန်သွားပြီဆိုရင် သူကခွေးစေးတွေထွက်လာမယ်၊ နှာရည်တွေကျလာမယ်၊ မျက်ရည်တွေကျလာမယ်။ ပိုက်နာမယ်။ ပျို့မယ်၊ အန်မယ်။ ဝမ်းသွားချင်သလိုလို့နဲ့ ဝမ်းတွေသွားကုန်မယ်။ တချို့ကျတော့ လက်တွေတုန်လာမယ်။ အိပ်မရဘူး စတဲ့လက္ခဏာတွေ ဖြစ်ပါတယ်။ အဲဒါတွေတွေ့ရပါတယ်။ ပြီးရင် သူက ဘိန်းပြတ်လက္ခဏာတွေ သက်သာသွားဖို့အတွက် နောက်တစ်ကြိမ်ထပ်ရှူချင်ပါတယ်။ Drug ဆေးရဖို့အတွက် ဆေးကိုရှာတယ်၊ ဘိန်းရဖို့အတွက် နည်းမျိုးစုံကို သုံးပြီးတော့ ဘိန်းရှာပါတယ်။

မေး။ စိတ်ကြွဆေးလက္ခဏာလေးတွေက....

ဖြေ။ စိတ်ကြွရှူးသွပ်ဆေး နာမည်ထဲမှာကို အကုန်ပါပြီးပါပြီ။ စိတ်ကြွနေတယ်၊ စကားတွေများနေမယ်၊ သုံးစွဲတဲ့သူက ဘဝင်တွေမြင့်နေမယ်၊ လုပ်ချင်ကိုင်ချင်စိတ်တွေ အရမ်းများနေမယ်။ သွားချင်လာချင်၊ လုပ်ချင်ကိုင်ချင် မရပ်မနားပါ။ စကားကလည်း မရပ်မနားပြောမယ်။ လုပ်တာကိုင်တာတွေကကို မရပ်မနားလျှောက်ပြီး သွားပြီးတော့ အဓိပ္ပာယ်ရှိ

ဒေါက်တာခင်မာသိန်း

ဒေါက်တာသီတာလှ

တာတွေရော၊ အဓိပ္ပာယ်မရှိတာတွေရောမျိုးစုံပြီးရင် နားထဲမှာ အသံတွေကြားလာမယ်၊ သံသယစိတ်တွေရှိလာမယ်၊ ပိုက်မဆာဘူး။ လှုပ်ရှားမှုတွေများတဲ့အတွက် သူဟာ ဝိတ်ကျမယ်ပေါ့၊ လှုပ်ရှားနိုင်တယ်၊ တစ်နေကုန် အလုပ်လုပ်ရတဲ့ လူတွေ ဥပမာ dancer လေးတွေ၊ သီချင်းဆိုတဲ့ လူတွေ၊ တစ်ညလုံး၊ တစ်နေ့လုံး အလုပ်လုပ်ရတဲ့ တခြားနိုင်ငံသွားပြီး လုပ်တဲ့ကလေးတွေ၊ သူတို့တွေမှာဆိုရင်လည်း သူတို့အလုပ်ချိန်မှာ သူတို့အသုံးမပြု၊ သဘောမတူဘဲနဲ့ ထည့်ပေးတာလည်းကြုံဖူးပါတယ်။ ရေထဲထည့်ထားတာ၊ အအေးဘူးထဲထည့်ထားတာ၊ ပြီးတော့ သူတို့ကိုခိုင်းစေတာ ကြုံဖူးပါတယ်ရှင်။

မေး။ သင်္ကြန်ပွဲတော်ကြီးက နီးလာပြီဆိုတော့ စိတ်ကြွရူးသွပ်ဆေးတွေ သုံးစွဲထားတဲ့လူတွေကို ကျွန်တော်တို့သာမန်ပြည်သူတွေနဲ့ကြည့်ရင် ဘယ်လိုလက္ခဏာတွေမြင်ရင် သုံးစွဲထားတယ်လို့ အကြမ်းဖျင်းအားဖြင့် သိနိုင်ပါသလဲခင်ဗျာ။

ဖြေ။ တော်ရုံတန်ရုံကတော့ သိပ်မသိကြပါဘူးပေါ့။ ဒါပေမယ့် သူကနားထဲအသံတွေ ကြားလာတယ်။ ဒေါသတွေ အရမ်းကြီးလာမယ်၊ စိတ်မထိန်းနိုင်ဘဲ ဖြစ်လာမယ်ဆိုရင် သောင်းကျန်းတဲ့အဆင့်ရောက်ရင် သေချာတာပေါ့။ နည်းနည်းပဲသုံးထားရင် သိပ်မသိသာဘူး။ များတဲ့လူမှ စိတ်ပိုင်းဆိုင်ရာ လက္ခဏာတွေပေါ်လာရင်တော့ သိသာတာပေါ့၊ အထူးသဖြင့် သောင်းကျန်းလာတယ်၊ ဒေါသထွက်လွယ်တယ်။ အစပိုင်းက ပျော်နေတာ၊ ပျော်တာကနေ ပမာဏများလာတော့ ဒေါသတွေကြီးလာမယ်၊ နည်းနည်းလေးကို သည်းမခံနိုင်ဘူး၊ သောင်းကျန်းသွားမယ်၊ စိတ်လှုပ်ရှားပြီး အထိမခံဖြစ်ပြီးတော့ သူများကိုရန်လိုတဲ့အပြုအမူတွေရှိလာတယ်။

မေး။ သင်္ကြန်ပွဲတော်ကာလအတွင်းမှာ ဒီလိုလူမျိုးတွေများ ကျွန်တော်တို့ပြည်သူတွေက တွေ့ခဲ့မယ်ဆိုရင် ဘယ်လို ထိန်းသိမ်းသင့်တယ်ဆိုတာကို အမြင်လေးပြောပြပေးပါခင်ဗျာ။

ဖြေ။ သူကိုယ်တိုင်ဝန်ခံမှပဲ ကျွန်မတို့ကသိမှာပေါ့။ ဒါမှမဟုတ် ဘိန်းဖြူအကြောဆေးသွင်းရင်တော့ ဆရာတို့က အပ်တန်းလန်းနဲ့တွေ့တာတို့၊ ရှူနေတာလေး တွေ့တာတို့ ဆိုရင်တော့ ငြိမ့်နေတာဆိုရင်သိသာတာပေါ့။ တော်ရုံတန်ရုံ ပျော်ရုံလောက်အဆင့်ပဲသုံးထားရင်တော့ သိဖို့က မလွယ်ဘူး၊ ခဲယဉ်းတယ်။ ပျော်တဲ့အဆင့်တွေပဲရှိနေတာ၊ စိတ်ပိုင်းဆိုင်ရာလက္ခဏာပေါ်လာမှပဲ ဆေးရုံကို ရောက်လာကြတာ၊ သောင်းကျန်းတဲ့အဆင့် သောင်းကျန်းရင်တော့ အများစုက ဆေးရုံခေါ်လာကြတယ်၊ တချို့ကလည်း အပ်တန်းလန်းနဲ့တွေ့ရင်တော့ ရဲအကြောင်းကြားတော့ ရဲက ကျွန်မတို့ဆီလာမယ်။ ပြီးတော့ မူးယစ်ဆေးဝါးသုံးစွဲထားခြင်းရှိ၊ မရှိ စစ်ဆေးပေးပါ။ စစ်ဆေးလို့ ဘိန်းဖြူ အကြောဆေးသွင်းရင်တော့ လက်မှာအပ်ရာတွေ တွေ့ရမယ်၊ သားငယ်အိမ်ကျဉ်းနေမယ်၊ ဆေးပြတ်တဲ့လက္ခဏာတွေတွေ့တယ်။ အဲ့ဒါဆိုရင် သူတို့ကို ဆီးယူပြီးတော့ ဓာတုဗေဒဝန်ကို ပို့ပြီးတော့ စစ်ပေးပါတယ်။ တွေ့နေကျဆိုတော့ သူတို့ဆေးပြတ်တဲ့ လက္ခဏာတွေ့တယ်ဆိုရင်တော့ ဆေးကိုသက်သာအောင်လို့ ဆေးကုသမှုကို တစ်ခါတည်းပေးလိုက်ပါတယ်။

မေး။ သင်္ကြန်ကာလအတွင်းမှာ လူငယ်တွေက ဘယ်လို ဆေးဝါးတွေသုံးစွဲတတ်သလဲ။ ဘယ်လိုဆေးဝါးသုံးစွဲတတ်တဲ့လူတွေ ဆရာမကြီးတို့ဆီရောက်လာသလဲ။ အဲဒါလေးလည်း ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ လေးနှစ်အတောအတွင်းမှာ သင်္ကြန်တွင်းတော့ သိပ်မတွေ့ရပါဘူး။ တော်ရုံတန်ရုံပဲသုံးစွဲထားတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ အလွန်အကျွံသုံးစွဲတဲ့အဆင့် မရောက်တဲ့အတွက် ဆေးရုံရောက်တာတော့ ဒီလေးနှစ်အတောအတွင်းမှာ ရှားပါတယ်။

မေး။ သင်္ကြန်ကာလမှာ လူငယ်တွေက ဘယ်လိုဆေးမျိုးတွေ သုံးစွဲတတ်ကြတာလဲ။

ဖြေ။ နေပြည်တော်ခရိုင်အတွင်းမှာအများဆုံးသုံးစွဲကြတာကတော့ ဘိန်းဖြူ ဘိန်းမဲ၊ စိတ်ကြွဆေးအများဆုံးဖမ်းမိပါတယ်။ ဆေးခြောက်ကတော့ တစ်ခါတလေမှဖမ်းမိပါတယ်။ ဘိန်းဖြူ ဘိန်းမဲနှင့် စိတ်ကြွဆေးကိုပဲ အများဆုံးသုံးပါတယ်။ အများစုကတော့ သူတို့အချင်းချင်း နည်းနည်းလေးတို့ချင်တဲ့သဘောမျိုး၊ အဲဒီလိုဆိုသိတဲ့သူက အကြောင်းကြားပြီးတော့ တချို့ကောင်းတဲ့စိတ်နဲ့ ကုသစေချင်တယ်။ ဆေးရုံကိုပို့စေချင်တဲ့အနေနဲ့ သူတို့ချင်း မပြေလည်တာတွေလည်း တစ်ခါတလေ တွေ့ဖူးပါတယ်။

မေး။ အဲဒီလိုဆေးတွေပဲသုံးစွဲတတ်ကြတာပေါ့လေ။ ဒီလိုသုံးစွဲတဲ့လူတွေကို ဆရာမတို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုတွေ ထိန်းသိမ်းစောင့်ရှောက်ပေးနေတယ်ဆိုတာကိုလည်း သိပါရစေ။

ဖြေ။ သူတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဖြတ်ချင်ပါတယ်ဆိုပြီးတော့သော်လည်းကောင်း ရောက်လာပါတယ်။ ကလေးတွေပါ။ ဟိုတစ်နေ့ကဆို ၁၅ နှစ်သားလေးပဲရှိပါသေးတယ်။ မိဘကိုယ်တိုင်ကလည်း ခေါ်တယ်၊ သူကိုယ်တိုင်ကလည်း ဖြတ်ချင်ပါတယ်ဆိုပြီးလာတယ်။ သူတို့ကိုယ်တိုင်လာမှလည်း ကျွန်မတို့က ပိုပြီးကူညီ ဆောင်ရွက်ပေးလို့ ရပါတယ်။ နောက် သူ့မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းကနေ ခေါ်လာတယ်ဆိုရင် ကျွန်မတို့က ဖြတ်ပေးပါတယ်။

နောက်ပြီးတော့ ရေရှည်ဖြစ်တဲ့အတွက် မိဘတွေ၊ မိသားစုတွေ ပူးပေါင်းဆောင်ရွက်မှပဲ ကျွန်မတစ်ယောက်တည်းနဲ့ စိတ်ရောဂါအထူးကုအနေနဲ့တော့ မရဘူးပေါ့။ ခြောက်လကနေ နှစ်နှစ်အတွင်း ဘိန်းဖြတ်ပေးရပါတယ်။ ဆေးပြတ်တဲ့ လက္ခဏာတွေ သက်သာဖို့၊ အဲဒါကတော့ ပထမနှစ်ပတ်လောက်၊ တစ်လလောက်ဆို တော်တော်များများ ခုနကပြောတဲ့ ပြတ်တဲ့အပြင် ယင်းထဝတ့်လက္ခဏာကတော့ တစ်ပတ်၊ နှစ်ပတ်အတောအတွင်းမှာ သက်သာပါတယ်။ သို့သော်လည်း အဲဒါက လွယ်တယ်။ အဲဒီလက္ခဏာပြတာ သက်သာဖို့ကလွယ်တယ်။ ရေရှည်မှာ သူတို့က ဆက်မသုံးဖို့အတွက် ကျွန်မတို့က တစ်ချိန်လုံး တစ်ပတ်တစ်ခါ တစ်လ၊ ပြီးရင် နှစ်ပတ်တစ်ခါသုံးလ၊ ပြီးရင်တစ်လတစ်ခါ၊ အဲဒီလိုမျိုးနှစ်နှစ်လောက်ထိ သူတို့လာရင် လာသလို ဆောင်ရွက်ပေးပါတယ်။

မေး။ ဒါကတော့ နေပြည်တော်အတွင်းမှာဆောင်ရွက်ပေးတာပေါ့။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ဘယ်လို ထိန်းသိမ်းဆောင်ရွက်ပါသလဲ၊ ဆရာမ သိသလောက်လေး ပြောပြပေးပါ။

ဖြေ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် မူးယစ်ဆေးစွဲ၊ ဆေးဖြတ်တဲ့ဌာနတွေဆိုပြီးတော့ရှိပါတယ်။ ဆေးဖြတ်တဲ့ဌာနကြီး (၂၀)ကျော်နဲ့ ဆေးဖြတ်တဲ့ဌာနငယ် (၄၀)ကျော် ရှိပါတယ်။ အခုဆိုရင် တဖြည်းဖြည်းပိုပိုပြီး ချဲ့လာပါပြီ။ အဲ့ဒီမူးယစ်ဆေးစွဲတဲ့လူ ဆေးဖြတ်ပေးတဲ့ဌာနတွေ ရှိပါတယ်။

အဲဒီဌာနတွေမှာ သူတို့တွေက သူတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဒါမှမဟုတ် ရပ်မိ၊ ရပ်ဖ၊ မိဘဆွေမျိုးတွေက သော်လည်းကောင်း ဆက်သွယ်လာရင် ကျွန်မတို့တွေက ဆေးဖြတ်ပေးပါတယ်။ ခုနကပြောသလိုပဲ အရှေ့ပိုင်းမှာ ယင်းထဝတ့် လက္ခဏာတွေကို ဆောင်ရွက်ပေးပါတယ်။ နောက်ပိုင်းကျတော့ ပြန်မသုံးစွဲရအောင်လို့ အဲ့ဒါကို ဆေးရော Psychodraphy ဆိုတဲ့ Counselling Psychodraphy စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးတယ်၊ ဆွေးနွေးပေးတယ်။ သူ့ရဲ့ ခံစားချက်တွေ၊ မကြိုက်တာတွေ၊ မကျေနပ်တာတွေ၊ ဖိစီးမှုတွေ ဒါတွေကို ကျွန်မတို့က နားထောင်ပြီးတော့ ဖြေရှင်းနိုင်တဲ့ နည်းလမ်းလေးတွေ ဆောင်ရွက်ပေးခြင်းအားဖြင့် သူဟာ ရေရှည်မှာ ဘိန်းဖြတ်ဖို့အတွက် နှစ်နှစ်လောက်အထိ ဆောင်ရွက်ပေးပါတယ်။

စိတ်ကြွရူးသွပ်ဆေးကလည်း ဒီအတိုင်းပါပဲ။ သူကတော့ တစ်ခါတလေကျရင် စိတ်ပိုင်းဆိုင်ရာ လက္ခဏာပြင်းထန်ရင်၊ လိုအပ်ရင် ဆေးရုံကို တင်ပြီးကုပေးရပါတယ်။ တချို့သောင်းကျန်းတဲ့အဆင့်ဆိုရင် ဆေးရုံမှာ တစ်ပတ်သော်လည်းကောင်း၊ နှစ်ပတ်သော်လည်းကောင်း၊ လိုအပ်ရင်တစ်လနီးပါးအထိ တင်ပြီးတော့ ကုသပေးပါတယ်။ ရေရှည်ကိုတော့ခြောက်လကနေ နှစ်နှစ်အထိ ဆေးသောက်ခိုင်းပါတယ်။ သို့သော်လည်း တချို့လည်းလာတယ်၊ တချို့လည်း မလာဘူးဆိုတော့ ကျွန်မတို့ဘက်ကလည်း ခက်ခဲတာပေါ့။ ကိုယ်ကကုသဆောင်ရွက်ပေးချင်တယ်။ ဒါပေမယ့်လည်း ကျွန်မတို့ ဒီလေးနှစ်အတွင်း အတွေ့အကြုံအရဆိုရင် တချို့လည်း မိဘကိုယ်တိုင်အပ်နှံပြီးတော့ နှစ်နှစ်ပြည့်တဲ့အထိလာတဲ့သူလည်းရှိပါတယ်။

မေး။ ဆေးဝါးတွေနဲ့ပတ်သက်ပြီးတော့ ဘယ်ဟာတွေက အိမ်သုံးဆေးဝါး၊ ဘယ်ဟာကတော့ မူးယစ်ဆေးဝါးတွေ အဖြစ် သုံးစွဲနိုင်တယ်၊ သုံးစွဲလို့ရတယ်၊ ဘယ်ဟာကမူးယစ်ဆေးဝါးအဖြစ်သတ်မှတ်လို့ရတယ်ဆိုတာကို ဆရာမကြီး အမြင်လေးလည်းပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ အဓိကကတော့ မူးယစ်ဆေးထဲမှာ အရက်ပါပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မူးယစ်ဆေးထဲမှာ အရက်ကို ထိပ်ဆုံးမှာထည့်ထားပါတယ်။ ဘိန်းဖြူ ဘိန်းမဲပါမယ်။ စိတ်ကြွဆေး၊ ဆေးခြောက်၊ ဟယ်လူဂျီနီဆင်ဆိုတဲ့ နားထဲအသံတွေ ထင်ယောင်ထင်မှားဖြစ်စေတဲ့ ဆေးတွေ ပါပါမယ်။ အဲဒီထဲမှာ အကိုက်အခဲပျောက်ဆေးဆိုတဲ့(ထရာမက်ဒေါ)တွေလည်းပါပါတယ်။

အခုနောက်ပိုင်းဆိုရင် ဒါတွေကို ပြောင်းလဲပြီးတော့ သုံးစွဲနေတာကိုလည်း တွေ့ဖူးပါတယ်။ ဒါပေမယ့်လည်း အဲဒါတွေက ဘိန်းဖြူတွေ၊ စိတ်ကြွဆေးတွေမရမှဘဲ သုံးတာပါ။ နောက်ပြီးတော့ အိပ်ဆေးတွေ အလွန်အကျွံသုံးစွဲတာ (ဒိုင်ရာဇီပင်)၊ နောက် (ပက်ဒက်တင်း) ဆိုရင် ဘိန်းအမျိုးအစားထဲပဲ။ သို့သော်လည်း သူကတော့ နည်နည်းတော့ရှာရခက်တယ်။ ဒါတွေကတော့ Border Line တွေမှာ တွေ့ရပါတယ်။ (ပက်ဒက်တင်း) ထိုးဆေးတွေ နယ်စပ်ဒေသတွေမှာ တွေ့ရပါတယ်။

သို့သော် တချို့ကလေးတွေကျတော့လည်း ဘိန်းတွေ ရှာရခက်သွားပြီဆိုရင် စိတ်ပိုင်းဆိုင်ရာဆေးတွေကို ပြောင်းလဲပြီးသုံးစွဲတာ တွေ့ရပါတယ်။ ကျွန်မတို့ ဆေးတွေဆိုရင် အာဒိန်း၊ အက်တီပင်၊ အယ်ဆိုလင်၊ ဒိုင်ရာဇီပင် အဲဒါတွေကတော့ ဆရာဝန်ကခွင့်ပြုချက်နဲ့မှ သုံးရမယ့်ဆေးတွေပေါ့။ သို့သော်လည်း အဲဒါတွေကို အစားထိုးပြီးတော့ သူတို့ဆေးမရခင်မှာ ဒါတွေကို သုံးပြီးတော့ ငြိမ့်နေတာတွေကိုလည်းတွေ့ဖူးပါတယ်။

မေး။ သင်္ကြန်ကာလ ဒီပွဲတော်အတွင်းမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေကို ဒီမူးယစ်ဆေးဝါးဆိုင်ရာနဲ့ပတ်သက်ပြီးတော့ ဆရာမကြီးအနေနဲ့ ဘာတွေများမှာကြားချင်ပါသလဲ။

ဖြေ။ မူးယစ်ဆေးဆို ဘယ်မူးယစ်ဆေးကိုမှ မသုံးစွဲပါနဲ့။ လုံးဝမတို့နဲ့၊ မထိပါနဲ့၊ စလိုက်လို့ မစွဲဘူးဆိုတာ မရှိပါဘူး။ မစတာကတော့ အကောင်းဆုံးပါပဲ။ စလိုက်မိရင်တော့ စွဲသွားတတ်တာပဲ။ စွဲသွားပြီဆိုရင်တော့ ဖြတ်ရတာ ခက်ခဲပါတယ်။ သူ့ရောဂါသဘာဝကိုက ပျောက်လိုက်၊ ပြန်စွဲလိုက်၊ ပြန်သုံးလိုက်၊ ပြန်စွဲလိုက်နဲ့ အဲဒီလိုဖြစ်ပါတယ်။ ဆောင်ရွက်ရတာ ကုသရခက်တဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။

အခုနောက်ပိုင်းမှာ သူတို့တွေ မူးယစ်ဆေးနဲ့ ပတ်သက်လို့ ကြာနေပြီဆို မဖြတ်နိုင်တဲ့ကလေးတွေ တချို့က အကြောဆေးသွင်းတယ်၊ ငယ်တယ်။ တချို့က ငယ်ပေမယ့် HIV ရှိနေတယ်။ တချို့က ကိုယ်ဝန်နဲ့ဖြစ်နေတယ်။ မသုံးရလည်းမနေနိုင်ဘူး။ ဒါမှမဟုတ် ပြစ်မှုကျူးလွန်နိုင်တဲ့ ကလေးတွေ ဖြစ်နေမယ်ဆိုရင် WHO ရဲ့ခွင့်ပြုချက်နဲ့ မူးယစ်ဆေးဝါးကုသရေးဌာနကနေ မက်သဒေါဆိုတဲ့ ဆေး အမျိုးအစားနဲ့

စာမျက်နှာ ၁၁ သို့ ○

ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၁၀ မှ

အစားထိုးပြီးတော့ ကုပေးပါတယ်။ အဲဒီဆေးကို တရားဝင်သုံးစွဲပြီး တိုက်ကျွေးတဲ့ဌာနတွေကတော့ မြန်မာတစ်ပြည်လုံးအတိုင်းအတာနဲ့ဆို အများကြီးရှိနေပါပြီ။ အထူးသဖြင့် ရှမ်းပြည်နယ်တို့၊ ကချင်တို့မှာ အများဆုံး ဖွင့်လှစ်ပြီးတော့ ကုသပေးနေပါတယ်။

မေး။ ဆရာမကြီး လူငယ်တွေကို ဘာများထပ်ပြောချင်တာရှိပါသလဲ။

ဖြေ။ ကျွန်မအနေနဲ့ပြောချင်တာကတော့ မသုံးစွဲဖို့ မထိဖို့ဘဲပြောချင်ပါတယ်။ ထိသွားရင်တော့ ခက်ပါတယ်။ စွဲသွားပါမယ်။ စွဲသွားပြီးတော့ တစ်ခါဒီလိုမျိုးဘယ်မှာ ကုလို့ရလည်း မသိပါဘူး။ မူးယစ်ဆေးစွဲကုလို့ရတယ်ဆိုတာ မသိပါဘူး။ ရန်ကုန်က ကလေးတွေအများစုကတော့ သိပါတယ်။ ဒီမှာတော့ ကျွန်မဆီမှာ လာကုလို့ရတယ်ဆိုတာကို လာဖို့ကို ကြောက်နေတဲ့ ကလေးတွေ ရှိနေပါသေးတယ်။ လာလို့ရတယ်။ အဖမ်းမခံချင်ရင်လာ၊ အချိန်မရွေးလာ ဖြတ်လို့ရတယ်။ သူတို့ဘက်ကသာကြိုးစားမယ်၊ တောင့်ခံနိုင်မယ်ဆိုရင် ကျွန်မတို့ဘက်ကလည်း ကုသပေးပါတယ်။ ဖြတ်ပေးပါတယ်။ တချို့အောင်မြင်သွားတဲ့သူတွေလည်း အများကြီးရှိပါတယ်။ တချို့ကလေးတွေလည်း မူးယစ်ဆေးတော့ ပြတ်သွားတယ်။ အရက်ဘက်ကိုလည်သွားတဲ့သူတွေလည်း ရှိပါတယ်။ အဲဒီလိုကလေးတွေကိုလည်း အရက်ပါ ပြန်ဖြတ်ပေးရပါတယ်။ ဒါက ကလေးတစ်ယောက်တည်းနဲ့တော့ မရပါဘူး။ မိဘပြည်သူတွေ၊ ကျွန်မတို့တွေ ပူးပေါင်းဆောင်ရွက်မှရပါတယ်။

မေး။ မူးယစ်ဆေးဖြတ်ချင်ရင် ဘယ်ကိုဆက်သွယ်ရမလဲ။

ဖြေ။ နေပြည်တော်မှာဆို အရေးပေါ်ဌာနကို ဆက်သွယ်ပါ။ တစ်နိုင်ငံလုံးက မြို့နယ်အဆင့်တွေရော၊ တိုက်နယ်ဆေးရုံရော နောက်ဆုံးကျေးလက်ကျန်းမာရေးဌာနအထိ သားဖွားဆရာမအထိ ကျွန်မတို့တွေက အချိန်ရရင်ရသလို၊ အဆင်ပြေရင်ပြေသလို သင်ကြားပေးထားပါတယ်။ နောက်ပိုင်းမှာလည်း ဒီထက်ပိုပြီးတော့ WHO နဲ့ပူးပေါင်းပြီးတော့ သားဖွားဆရာမအထိ ဒီလိုကလေးတွေကိုတွေ့ရင် ဘယ်လိုဆောင်ရွက်ရမယ်၊ အကြမ်းဖျင်းကုတတ်အောင်လို့ သင်ပေးထားပါတယ်။ မြို့နယ်ကျန်းမာရေးဆရာမတွေကို သင်ပေးထားပါတယ်။ အခါအားလျော်စွာ မြို့နယ်ဆရာဝန်ကြီးတွေ၊ တိုက်နယ်ဆရာဝန်တွေ၊ နောက်သားဖွားဆရာမ၊ အခြေခံကျန်းမာရေးဝန်ထမ်းအထိ အရေးပေါ်ကုဖို့ သင်ကြားပေးထားပါတယ်။

မေး။ ဆေးခြောက်သုံးတဲ့လက္ခဏာကိုလည်း ပြောပြပေးပါဦး ဆရာမကြီး။

ဖြေ။ ဆေးခြောက်က သိပ်များလာတဲ့အခါကျတော့ ကြောင်သွားတယ်။ စိတ်ပိုင်းဆိုင်ရာဆိုရင် စိတ်ကစဉ်ကလျား အဆင့်အတန်းပေါ့။ ကြောင်သွားတယ်။ ဘေးကကြည့်ရင်တော့ အကောင်းလေးပဲ။ ဒါပေမယ့် သူဖောက်နေတာကိုမသိဘူး။ ဖောက်နေတဲ့အချိန်မှာ သံသယစိတ်တွေဖြစ်ပါမယ်။ သူ့သံသယစိတ်အတိုင်း ပြုမူဆောင်ရွက်တတ်ပါတယ်။ နားထဲအသံကြားတဲ့အတိုင်း လုပ်တာဖြစ်မယ်။ ယဉ်ယဉ်လေးပဲဖြစ်နေတယ်။ သူ့ရဲ့ လုပ်ရည်ကိုင်ရည်ကျလာမယ်။ ဝန်ထမ်းဆိုလည်း အလုပ်ကို စိတ်မဝင်စားတော့ဘူး။ သူတစ်ယောက်တည်းနေမယ်။ ချောင်ထဲကုပ်နေမယ်။ များသွားရင်တော့ စိတ်ရောဂါ အတိုင်းပဲ။ သောင်းကျန်းလည်း သောင်းကျန်းမယ်။ ဘေးကလူက သူ့ဘာသာနေလည်း သူ့ကို စော်ကားတယ်ပဲထင်ပြီး ဖြစ်နေမှာပဲ။ စစ်ဆေးကြည့်တဲ့အခါမှာ အများစုကတော့ ကျွန်မတို့မေးရင် အမှန်တိုင်းဝန်ခံကြပါတယ်။ ဘိန်းဖြူတွေ၊ စိတ်ကြွဆေးတွေမရမှ အိပ်ဆေးတွေ(ဒိုင်ယာစီပင်)တွေ သုံးလာကြတယ်။

မေး။ ။မူးယစ်ဆေးတွေ၊ အရက်တွေ ရောသောက်မိတဲ့အခါ ဘာဖြစ်တတ်ပါလဲ။

ဖြေ။ ။အဲဒီကျတော့ နှစ်ပင်လိမ်တယ်လို့ခေါ်တာပေါ့။ မူးယစ်ဆေးဝါးနဲ့ အရက်နဲ့ဆို နှစ်ပင်လိမ်တယ်ပေါ့။ နောက် မူးယစ်ဆေးဝါးနဲ့ ဆေးခြောက်၊ အိပ်ဆေး(ဒိုင်ယာစီပင်) နဲ့ဆို သုံးပင်လိမ်တယ်ပေါ့။ အဲဒီအခါကျရင် သောင်းကျန်းတယ်။ ဘာမှကို အရှက်မရှိတော့ဘူး။ ပုဆိုးကျွတ်လို့ ကျွတ်မှန်းမသိ။ ပေါ်လို့ပေါ်မှန်းမသိ၊ သောင်းကျန်းတဲ့ လက္ခဏာနဲ့ အဓိကဖြစ်လာတယ်။ တချို့ကျတော့ သူတို့နားထဲမှာ ကြားရင် ကြားတဲ့အတိုင်းပဲ လုပ်လာကြတယ်။

မေး။ မူးယစ်ဆေးဝါးဖြတ်ချင်တဲ့ ကလေးတွေကိုကော ဘာပြောချင်ပါသလဲ။

ဖြေ။ မူးယစ်ဆေးဖြတ်တဲ့ဌာနမှာ ဖြတ်ချင်ရင် မူးယစ်ဆေးဖြတ်ရမယ်။ မဖြတ်ဘူးဆိုရင်တော့ ထောင်ကျမှာပါ။ လာဖြတ်ရင်တော့ မဖမ်းပါဘူး။ လာဖြတ်တဲ့သူကိုတော့ ကျွန်မတို့က ရဲကိုအကြောင်းကြားပြီး မဖမ်းခိုင်းပါဘူး။ ကုသပေးပါတယ်။ မဖြတ်ဘူးဆိုရင်တော့ သုံးနှစ်ကနေ ငါးနှစ်အထိ ထောင်ကျနိုင်ပါတယ်။ တချို့က သိတဲ့သူတွေကတော့ တိုက်ရိုက် သူ့ဘာသူဆေးလာဖြတ်ကြတယ်။ သင်္ကြန်မှာ ဆေးလိပ်တို့၊ မူးယစ်ဆေးဝါးတို့ကို သတိထားဖို့၊ ရောင်းတဲ့လူက မသိမသာလေး ထည့်ထားတတ်တယ်။ စွဲသွားတဲ့အခါကျတော့ သူတို့ရဲ့သားကောင်တွေ ဖြစ်သွားနိုင်တယ်။

ဒေါက်တာသီတာလှ
ဆေးရုံအုပ်ကြီး
နေပြည်တော် ပြည်သူ့ဆေးရုံကြီး၊ ခုတင်(၁၀၀၀)

မေး။ သင်္ကြန်ကာလမှာ ဒေါ်ရာရတဲ့သူတွေ၊ မူးယစ်ဆေးသုံးစွဲလာတဲ့သူတွေကိုကုသဖို့ ဘယ်လိုပြင်ဆင်ထားပါလဲ။

ဖြေ။ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှာ ထူးခြားချက်ကတော့ Emergency Department ဆိုပြီးတော့ အရေးပေါ်ဆေးကုသမှုပညာဌာနဆိုတာ ရှိပါတယ်။ အဲဒီဌာနမှာ လာတဲ့လူနာတိုင်းကို ၂၄ နာရီ အရေးပေါ်လူနာတွေရောက်ရှိလို့ရှိရင် ကုသနိုင်အောင် ပြင်ဆင်ထားပြီးသားပဲဖြစ်ပါတယ်။ သင်္ကြန်ကာလရယ်လို့ မဟုတ်ပါဘူး။ အချိန်မရွေးပေါ့။ အဲဒါကတော့ ထူးခြားချက်ပါ။ လာတဲ့လူနာတိုင်းကို ကျန်းမာရေးအပေါ် ပြုစုကုသလို့ရအောင် စီစဉ်ထားပါတယ်။

မေး။ သင်္ကြန်မှာ လူငယ်တွေကို ဘာတွေများ မှာချင်ပါလဲ။

ဖြေ။ သင်္ကြန်ကတော့ လူတိုင်းပျော်ကြပါတယ်။ အစဉ်အလာမပျက်ဆင်ခဲ့တာပေါ့။ လူငယ်လူရွယ်တွေကတော့ ဒီနှစ်ဆိုလည်း အစိုးရသစ်လက်ထက်မှာ တော်တော်များများတော့ ပျော်လည်းပျော်ကြပါတယ်။ မြန်မာ့ရိုးရာသင်္ကြန်ကို အစဉ်အလာမပျက်ဆင်ခဲ့ဖို့ပေါ့။ အရက်သေစာ သောက်စားတာတွေ၊ မူးယစ်ဆေးဝါးသုံးတာတွေ၊ အထူးသဖြင့် မိန်းကလေးတွေ သင်္ကြန်မှာ မမှားသင့်တဲ့အမှားတွေ မမှားအောင် အဓိကထားမှာလိုပါတယ်။ မြန်မာ့ရိုးရာသင်္ကြန်ကိုလည်း မပျက်ပေါ့။ ရိုးရာကိုလည်း ထိန်းသိမ်းပါလို့ မှာချင်ပါတယ်။ အခုလို စိတ်ရှည်လက်ရှည်ဖြေကြားပေးကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

တက္ကသီလာမြကျွန်းသာ တက္ကသိုလ်ခင်မောင်ဇော် ကွယ်လွန်ရှာ

မြစ်ကျွန်းသာ. . ကံ့ကော်ရွာ. . ပန်းလှတော. . နံ့သာကျွန်း. . စသည်ဖြင့် နာမဝိသေသနအမျိုးမျိုး တင်စားခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ရန်ကုန် တက္ကသိုလ်နယ်မြေမှ အင်းလျားကန်၊ အထင်ကရ သစ်ပုတ်ပင်ကြီးနှင့် ကံ့ကော်၊ စိန်ပန်း၊ ငုဝါ၊ ရေတမာ၊ သစ်တို၊ သရက်၊ မရန်း၊ ကုက္ကို စသည့် အပင်တို့ဖြင့် စိန်းလမ်းစိုပြည် အလှဝေဆာပြီး မည်သည့်ဒေသနှင့်မှမတူ အေးမြသာယာလှပသော ဆွတ်ပျံ့ဖွယ်ရာ သီးခြားကမ္ဘာလေးသဖွယ် ရေးဖွဲ့သီကုံးခဲ့ကြသည့် စာရေးဆရာ၊ ကဗျာဆရာ၊ တေးရေးဆရာများတွင် တစ်ယောက်ပါဝင်သည့် တက္ကသီလာမြကျွန်းသာ ဆရာတက္ကသိုလ်ခင်မောင်ဇော်မှာ ကွယ်လွန်သွားရှာပြီဖြစ်သည်။

ဆရာကွယ်လွန်ပြီဖြစ်သော်လည်း မဂ္ဂဇင်း၊ ဂျာနယ်၊ လုံးချင်းစာအုပ်များစွာမှ ကံ့ကော်ရန်နံ့ဆွတ်ပျံ့ဖွယ်ရာ တက္ကသီလာမြကျွန်းသာ၊ ရေဒီယို အဆိုတော်များဘဝနှင့်ဂီတ၊ ဘယ်အခါမှ မရိုးသွားသောဦးရွှေရိုးအက၊ နှောင်းအတိတ်က မဟောင်းသောပုံရိပ်လွှာ စသည့် ဆရာရေးသားသီကုံးခဲ့သော စာမူများမှာ စာဖတ်သူတို့၏ နှလုံးသားဝယ် စွဲထင်ကျန်ရစ်နေဆဲ ဖြစ်သည်။

ဆရာသည် ရသစာပေသာမက သုတနှင့် အနုသုခုမစာပေတို့ကိုရေးသားနိုင်သလို သိပ္ပံစာပေ၊ လူငယ်စာပေများပါ ရေးသားနိုင်သူဖြစ်၍ စွယ်စုံရစာရေးဆရာဟု အသိအမှတ်ပြုရမည်ဖြစ်သည်။ တစ်ခေတ်က ထင်ရှားခဲ့သည့် ရွှေတူဂျာနယ်၌ အစားအသောက်၏အန္တရာယ် သိပ္ပံအသိပညာပေးဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် ကြေးမုံသတင်းစာနှင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတို့တွင် သိပ္ပံဆောင်းပါး ၁၂ ပုဒ်ခန့်ရေးသားပြီးသောအခါ စာရေးဆရာအဖြစ် လူသိများခဲ့သည်။

ထို့နောက် မြဝတီ၊ ငွေတာရီ၊ ဒို့ကျောင်းသား၊ လူငယ်ဂျာနယ်၊ ရှုမဝ၊ ပေဖူးလွှာ၊ စစ်ပြန်၊ သပြေတေး၊ ဂီတပဒေသာ၊ မြတ်လေး၊ မြို့တော်ရန်ကုန်၊ ရုပ်ရှင်မဂ္ဂဇင်း၊ ရုပ်ရှင်အောင်လံ၊ ဂျိုအီးစီ၊ ဇီဝက၊ ရုပ်ရှင်သတင်းစဉ်၊ ပလုတ်တုတ်ကလေးဂျာနယ် စသည့် ထိုခေတ်ထိုကာလက ထွက်သမျှမဂ္ဂဇင်းအားလုံးတွင် သိပ္ပံ၊ ဂီတ၊ ရုပ်ရှင်၊ နိုင်ငံတကာရေးရာဆောင်းပါးများအပြင် ကလေးများအတွက် ပုံပြင်၊ ဝတ္ထုတို၊ ဝတ္ထုရှည်များစွာတို့ကို ရေးသားနိုင်ခဲ့သဖြင့် ထူးခြားသောစွယ်စုံရ စာရေးဆရာတစ်ဦးဖြစ်သည်။ ဆရာသည် ပြောင်မြောက်သော စာပေလက်ရာများကိုရေးသားနိုင်ခဲ့သဖြင့် ၂၀၀၉ ခုနှစ်တွင် ပခုက္ကူဦးဘုန်းဖေစာပေဆုနှင့် ဆရာဝန်တင်ရွှေစာပေဆုတို့ကို ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် တက္ကသီလာမြကျွန်းသာ(ရန်ကုန်တက္ကသိုလ်သမိုင်း)ကို သုတ၊ ရသမြောက်အောင် ရေးဖွဲ့နိုင်သောကြောင့် အမျိုးသားစာပေဆု(စာပဒေသာ)ကို ရရှိခဲ့သည်။ ဆရာရေးသားခဲ့သော ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်အပုဒ်ရေမှာ ၁၀၀၀ ကျော်ရှိခဲ့ပြီး လုံးချင်းစာအုပ် ၂၇ အုပ် ရေးသားထုတ်ဝေနိုင်ခဲ့သည်။ ဆရာ၏ လက်ရာများမှာ မမေ့နိုင်ဖွယ်ဖြစ်သည်။

ဆရာကွယ်လွန်ချိန်အထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် သံလွင်လမ်း အမှတ် ၁၁၉(အီး)တွင် နေထိုင်ခဲ့ပြီး ဧပြီ ၉ ရက် နံနက် ၁ နာရီခွဲတွင် ရန်ကုန်မြို့၊ ဗဟိုစည်အထူးကုဆေးရုံတွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် (၈၅) နှစ်ရှိပြီး ဇနီးဒေါ်ငြေးငြေးနှင့် သမီးတစ်ဦးကျန်ရစ်ခဲ့သည်။ ဆရာအား လူပင်သေသော်လည်း နာမည်မသေသည့် ထင်ရှားသောစာရေးဆရာကြီးတစ်ဦးအဖြစ် ကြေးမုံက မှတ်တမ်းတင်ပါသည်။

အစအဆုံးအောင် မြတစ်လုံးတောင် သာသနာမြေလျှုဒါန်း

ဝမ်းတွင်း ဧပြီ ၉

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှ ကျေးရွာအုပ်စုအတွင်းရှိ တစ်မိုင်ပတ်လည် ကျယ်ဝန်းသော အစအဆုံးအောင် မြတစ်လုံးတောင် သာသနာမြေကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်အား သာသနာပြုရန်အတွက် ပင်းတလဲကန်ပတ်လည်၊ မြောင်းတော်လှ၊ ကုက္ကိုခါးလှ၊ ညောင်ပင်ကျေးရွာတို့မှ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းရှိ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက ရေစက်သွန်းချလျှုဒါန်းပွဲကို (၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၁ ရက်) ဧပြီ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် အောင်ဇမ္ဗူ တောရဓမ္မမိမာန်တော်၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် ပင်းတလဲရွှေစည်းခုံကြီးဆရာတော် ဘဒ္ဒန္တဦးသုဇာတက သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများကိုယ်စား သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သက်တော်(၈၈)နှစ်ရှိတော်မူပြီးဖြစ်သော စည်ကြီးစွဲ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူကာ ရပ်/ကျေးသံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တခေမိန္ဒဦးစီးလျက် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက မတ် ၂၉ ရက် ညနေ ၃ နာရီတွင် ညီနွှင်းတိုင်ပင်ခဲ့ကြကြောင်း၊ အားလုံးမှ အောင်ဇမ္ဗူဆရာတော်ကြီးအား သာသနာပြုနိုင်တော်မူရန်အတွက် လျှုဒါန်းကြရာ တညီတညွတ်တည်း ဆုံးဖြတ်တော်မူခဲ့ကြသဖြင့် ယနေ့ လာရောက်လျှုဒါန်းခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

အောင်ဇမ္ဗူဆရာတော်ကြီးကလည်း ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ၏ ဆန္ဒအတိုင်း သာသနာပြုသွားမည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားပြီး လျှုဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချလျှုဒါန်းကြကြောင်း သိရသည်။ **(ကြေးမုံ)**

ဒေသထွက်မြောက်ငိုသီး အရောင်းသွက်

တမူး ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမြို့တွင် ဒေသအခေါ် မြောက်ငိုသီးများကို တစ်ဖက်အိန္ဒိယနိုင်ငံရှိ မြို့များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် တမူး-အိန္ဒိယနယ်စပ် နန့်ဖာလုံစျေးအနီး၌ မြောက်ငိုသီး အတောင့် ၁၀၀ လျှင် ရူပီးငွေ ၅၀၀မှ ၇၀၀ ထိ မြန်မာကျပ်ငွေ ၈၅၀၀ မှ ၁၁၉၀၀ ထိ၊ အတောင့်လှလျှင် လှသလို စျေးကောင်းပေး၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

အေးသန်း(စိန်တုံးကြီး)

တော်လှန်ရေးအတွင်း ကျဆုံးခဲ့သည့် ၁ယ်မအတွက်ပြုလုပ်သော အခမ်းအနားတစ်ခုသို့ ကက်စထရိုတက်ရောက်

ဟာဗားနား ဧပြီ ၉

ကျူးဘားခေါင်းဆောင်ဟောင်း ကက်စထရိုသည် ကျူးဘားတော်လှန်ရေးအတွင်း ကျဆုံးခဲ့သည့် ၎င်း၏ခယ်မအားရည်စူးပြုလုပ်သော အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့ကြောင်း အန်တီဗွီရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါအခမ်းအနားအား ကျောင်းတစ်ခုတွင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ခယ်မ ဗီမာအက်စပန်သည် ဖူဂန်စီရိုဘက်တစ်ဆာ၏အစိုးရအားဆန့်ကျင် တိုက်ခိုက်ခဲ့ပြီးနောက် ကက်စထရိုး၏ညီဖြစ်သူ လက်ရှိသမ္မတ ရောလ်အား လက်ထပ်ခဲ့သည်။ ကက်စထရိုသည် အဆိုပါကျောင်းမှကျောင်းသားများ၊ ဆရာများနှင့်အတူ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

"ကျွန်တော်ပြောရရင် ဒီအခမ်းအနားကို ဗီမာမြင်ရင် ဝမ်းသာမှာအသေချာပဲ။ သူ့ဘဝကို ဘာကြောင့်ပေးဆပ်ခဲ့သလဲဆိုတာကို သိမြင်နိုင်ပါတယ်။ တော်လှန်ရေးမှာ ကျဆုံးခဲ့သူတွေရဲ့ စွမ်းဆောင်ရည်တွေကို တွေ့မြင်နိုင်ပါတယ်"ဟု ကက်စထရိုက ပြောကြားသည်။

ရုပ်မြင်သံကြားမှပြသရာတွင် ၎င်းက အဆိုပါကျောင်းမှ ကျောင်းသားများနှင့် ဆရာများအား နှုတ်ဆက်ပြီး ပညာရေး၊ကျန်းမာရေး အသိပညာများ ပြောခဲ့ကြောင်း သိရသည်။

ဆင်ဟွာ။

ကမ္ဘာ့ဝင်ရိုးစွန်းဒေသ စူးစမ်းလေ့လာရေး တရုတ်နှင့် ထိုင်း ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း ဧပြီ ၉

ကမ္ဘာ့ဝင်ရိုးစွန်းဒေသ စူးစမ်းလေ့လာရေး သိပ္ပံသုတေသနလုပ်ငန်းတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နှင့် ထိုင်းနိုင်ငံတို့ သဘောတူညီလိုက်ကြောင်း တရုတ်ပင်လယ်သမုဒ္ဒရာစီမံခန့်ခွဲရေးဌာန၏ ကြေညာချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ဝင်ရိုးစွန်းသုတေသနသိပ္ပံနှင့် ထိုင်းနိုင်ငံမှ အမျိုးသားသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးအေဂျင်စီ၊ ချူလာလောင်ကွန်းတက္ကသိုလ်၊ ဖူရာဖာတက္ကသိုလ်၊ အမျိုးသားဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲရေးတက္ကသိုလ်၊ အမျိုးသားနက္ခတ္တဗေဒသုတေသနသိပ္ပံတို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝင်ရိုးစွန်းအဏ္ဏဝါဇီဝဗေဒ၊ ပင်လယ်သမုဒ္ဒရာလေ့လာရေး၊ ကမ္ဘာ့လေထုလွှာနှင့် နက္ခတ္တဗေဒလေ့လာရေး၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒနှင့် အခြားသိပ္ပံသုတေသနနယ်ပယ်တို့တွင် နှစ်နိုင်ငံမှ သုတေသီများ ပူးပေါင်းဆောင်ရွက်သွားကြရန် အဆိုပါနားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသည်။

ဝင်ရိုးစွန်းသိပ္ပံဆိုင်ရာ အာရှဖိုရမ်၏ မူဘောင်သဘောတူညီချက်နှင့်အတူ တရုတ်နှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အန္တာတိကဒေသရှိ တရုတ်နိုင်ငံ၏ သုတေသနစခန်းများတွင် ပူးတွဲအလုပ်လုပ်ကိုင်ရန် ထိုင်းသိပ္ပံပညာရှင်ငါးဦးကို ဖိတ်ခေါ်ခဲ့သည်။

ဆင်ဟွာ။

အာဖဂန်အစိုးရတပ်ဖွဲ့များအား အချိန်ဇယားနှင့်အညီ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာတွင် အခက်အခဲများကြုံ

ကဘူး ဧပြီ ၉

၂၀၁၅ ခုနှစ်အတွင်း တာလီဘန်တို့၏ တိုက်ခိုက်မှုများ ပိုမိုများပြားလာခြင်းကြောင့် အာဖဂန်အစိုးရတပ်ဖွဲ့များအား အချိန်ဇယားနှင့်အညီ စစ်ရေးလေ့ကျင့်သင်ကြားပေးမှုပြုလုပ်ရာတွင် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နေတိုးတပ်ဖွဲ့၏ အမေရိကန်တပ်မှူးသစ် ဗိုလ်ချုပ်ကြီး ဂျွန်နီကိုဆန်က ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အကယ်၍ အာဖဂန်နစ္စတန်နိုင်ငံမှ တပ်ဖွဲ့ရုပ်သိမ်းမှုကို အမေရိကန်အစိုးရအဖွဲ့က အစီအစဉ်အတိုင်း အကောင်အထည်ဖော်မည်ဆိုပါက အာဖဂန်အစိုးရတပ်ဖွဲ့များအား စစ်ရေးလေ့ကျင့်မှုလုပ်ငန်းမှာ ပြီးဆုံးတော့မည်ဖြစ်ကြောင်း ဟယ်လ်မန်ပြည်နယ်သို့ စစ်ရေးလေ့ကျင့်ပေးရန် ရောက်ရှိနေသော အမေရိကန် စစ်ရေးအကြံပေးအဖွဲ့ခေါင်းဆောင်ဒုတိယဗိုလ်မှူးကြီး ဂျိုနသန်ချန်းက ပြောကြားသည်။

ဟယ်လ်မန်ပြည်နယ်သို့ အမေရိကန်စစ်ရေးအကြံပေးအဖွဲ့ ဖေဖော်ဝါရီလတွင် ရောက်ရှိခဲ့ပြီး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သော်လည်း အခက်အခဲများနှင့် တွေ့ကြုံနေရဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ကို ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းထက်နောက်မကျဘဲ လက်ရှိအင်အား ၉၈၀၀ မှ ၅၅၀၀ အထိ ထက်ဝက်နီးပါးလျှော့ချရန် ကနဦးအစီအစဉ်တွင် ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်ရေး လက်ရှိအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် လိုအပ်နေကြောင်း ဒုတိယဗိုလ်မှူးကြီး ဂျိုနသန်က ပြောကြားသည်။

ရိုက်တာ။

ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရန် ဂျပန်စီစဉ်

တိုကျိုး ဧပြီ ၉

ဂျပန်နိုင်ငံဟီရိုရှီးမားမြို့တွင် နှစ်ရက်ကြာကျင်းပမည့် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် တရုတ်နိုင်ငံ၏ စစ်အခြေစိုက်စခန်းများနှင့်ပတ်သက်ပြီး ဆွေးနွေးရန် ဂျပန်နိုင်ငံက စီစဉ်လျက်ရှိကြောင်း အင်နန်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါအစည်းအဝေးကို ဧပြီ ၁၀ ရက်တွင် ဟီရိုရှီးမားမြို့၌ နှစ်ရက်ကြာကျင်းပမည်ဖြစ်သည်။

အစည်းအဝေးနောက်ဆုံးနေ့တွင် ထုတ်ပြန်ကြေညာမည့် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်နှင့်ပတ်သက်ပြီး ဂျပန်အစိုးရတာဝန်ရှိသူများက မူကြမ်းများ ရေးဆွဲလျက်ရှိသည်။

ယင်းမူကြမ်းများတွင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ ကာကွယ်ရေး လုပ်ဆောင်ချက်များ မြှင့်တင်နေသည်နှင့်ပတ်သက်ပြီး ဦးစားပေးဖော်ပြမည့်အပြင် တောင်တရုတ်ပင်လယ်ဒေသအတွင်း တင်းမာမှုများမြင့်တက်လာခြင်းနှင့် တရုတ်နိုင်ငံ၏ တစ်ဖက်သတ်လုပ်ဆောင်ချက်များအပေါ် ဂျီ-၇ နိုင်ငံများ၏စိုးရိမ်ပူပန်မှုများကို ထည့်သွင်းဖော်ပြမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက သည်ဟိတ်မြို့ရှိ ခုံသမာဓိတရားရုံးတစ်ခုတွင် တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံ၏ နယ်မြေချဲ့ထွင်မှုအပေါ် တရားမျှတစွာ စီရင်ချက်ချပေးရန်တောင်းဆိုခဲ့ခြင်းကြောင့် အထက်ပါကိစ္စရပ်များဆွေးနွေးရန် ဂျပန်အစိုးရက စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အထက်ပါအကြောင်းများ ဆွေးနွေးမည့် ဂျပန်နိုင်ငံ၏အစီအစဉ်ကို တရုတ်နိုင်ငံက ဆန့်ကျင်လျက်ရှိသည်။

ယခုလနှောင်းပိုင်းတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယို ကီရှိဒါက တရုတ်နိုင်ငံသို့ နှစ်နိုင်ငံရင်းနှီးမှု ဆက်လက်တည်တံ့ရေးအတွက် အလည်အပတ်သွားရောက်မည့်အခါ တရုတ်နိုင်ငံက မည်သို့တုံ့ပြန်မည်ကို စောင့်ကြည့်လေ့လာသူများက စိတ်ဝင်စားလျက် ရှိကြသည်။

အင်နန်အိတ်ချ်ကေ။

ဂျာမနီ၌ ခိုလှုံခွင့်တောင်းခံသူဦးရေ ယခုနှစ် ပထမသုံးလပတ်တွင် စံချိန်တင်မြင့်တက်

ဘာလင် ဧပြီ ၉

ဂျာမနီနိုင်ငံ၌ ခိုလှုံခွင့်တောင်းခံသူဦးရေမှာ ယခုနှစ် ပထမသုံးလတာကာလအတွင်း ၁၈၁၄၀၅ ဦးအထိ စံချိန်တင်ရောက်ရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျာမနီနိုင်ငံ၌ ခိုလှုံခွင့်ရရှိရန် လျှောက်ထားသူဦးရေမှာ ၂၀၁၅ခုနှစ်၏ ပထမ သုံးလတာကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

လွန်ခဲ့သည့်နှစ်က ဂျာမနီနိုင်ငံသို့ ဆိုက်ရောက်လာခဲ့ကြသော ရွှေ့ပြောင်းအခြေစိုက်သူ တစ်သန်းကျော်အနက် အများစုမှာ ခိုလှုံရေးစခန်းများတွင် နေထိုင်ခွင့်ရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သည့်နှစ် နွေရာသီကာလအတွင်း ဒုက္ခသည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုရှိခဲ့ပြီးနောက် ဥရောပအရှေ့တောင်ပိုင်းကို ဖြတ်သန်းသော ဘော်လ်ကန်လမ်းကြောင်းကို ပိတ်ခဲ့ရသည်။

ရိုက်တာ။

ဇာတ်ရှိန်မြင့်လာတဲ့ ယူရိုပါလီဂ်ရဲ့ နောက်ဆက်တွဲအသံများနဲ့ အကြိုပိုလ်လုပွဲကို ဘယ်အသင်းတွေ တက်ရောက်နိုင်မလဲ

ယူရိုပါလီဂ်ကွာတားဖိုင်နယ်(ပထမအကျော့)ပွဲစဉ်ကစားပြီးနောက် သက်ဆိုင်သူတွေရဲ့ ဝေဖန်သံတွေ၊ ချီးကျူးသံတွေ အမျိုးမျိုးထွက်ပေါ်လာခဲ့ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာ စပိန်ကလပ်သုံးသင်းဖြစ်တဲ့ ဆီဗီလာ၊ ဗီလာရီးယဲလ်နဲ့ ဘီဘာအို၊ အင်္ဂလန်ကလပ် လီဗာပူး၊ ယူကရိန်းကလပ် ရှက်တာဒိုးနက်ခ်၊ ဂျာမနီကလပ်ဒေါ့မွန်၊ ချက်ကလပ် စပါတာပရပ်ဂ်နဲ့ ပေါ်တူဂီကလပ် ဘရာဂါတို့ ဒီပြိုင်ပွဲမှာ ဆက်လက်ပါဝင်ခွင့်ရနေဆဲ အနေအထားပါ။ ဆီဗီလာနဲ့ ရှက်တာဒိုးနက်ခ်တို့အဝေးကွင်းမှာ ပြိုင်ဘက်အသီးသီးကို အနိုင်ကစားခဲ့သလို ဒေါ့မွန်နဲ့ လီဗာပူးတို့ တစ်ဖက်တစ်ဂိုးစီသရေ၊ အိမ်ရှင် ဗီလာရီးယဲလ်က ဧည့်သည် စပါတာပရပ်ဂ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားခဲ့တာကိုတွေ့ရပါတယ်။

ဒေါ့မွန် ၁-၁ လီဗာပူး

ဒေါ့မွန်နဲ့ လီဗာပူးတို့ပွဲမှာတော့ လီဗာပူးနည်းပြ ဂျာဂန်ကလော့ဂ အသင်းဟောင်းဒေါ့မွန်ကို အကောင်းဆုံးစီမံခန့်ခွဲမှုတွေနဲ့ ရင်ဆိုင်ခဲ့တာကို တွေ့ရပါတယ်။ လီဗာပူးအသင်းမှ အော်ရီဂီက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒေါ့မွန်နောက်ခံလူ ဟမ်းမဲလ်က ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးခဲ့လို့ တစ်ဂိုးစီသရေရလဒ်နဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ ဒေါ့မွန်နည်းပြ တက်ရှဲလ်ကတော့ ဒီခြေစွမ်းဟာ ဒေါ့မွန်အတွက် အကောင်းဆုံးစွမ်းဆောင်ရည်မဟုတ်ဘဲ ဒုတိယအကျော့မှာ ပိုပြီးတောက်ပြောင်တဲ့ ခြေစွမ်းတွေနဲ့ အကြိုပိုလ်လုပွဲတက်ရောက်ဖို့ အားထုတ်သွားမယ်လို့ ကတိပြုခဲ့ပါတယ်။

ဒါပေမယ့် လီဗာပူးဟာ အဝေးကွင်းမှာ သရေကစားနိုင်ရင် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တာ အစဉ်အလာတစ်ရပ်ဖြစ်နေခဲ့ပြီး စုစုပေါင်း ၁၂ ကြိမ်မှာ ၁၁ ကြိမ်အထိ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့မှတ်တမ်းကြောင့် လီဗာပူးနည်းပြ ဂျာဂန်ကလော့ကတော့ အခုလို အဝေးကွင်း သရေရလဒ်ဟာ လီဗာပူးအတွက် ရလဒ်ကောင်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် လီဗာပူးအနေနဲ့ ၂၀၀၅ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဥရောပအောင်မြင်မှု ပြန်လည်ရယူနိုင်မလား စောင့်ကြည့်ချင်စရာကောင်းနေပါတယ်။

ဗီလာရီးယဲလ် ၂-၁ စပါတာပရပ်ဂ်

ဗီလာရီးယဲလ်နည်းပြ မာစီလီနိုကတော့ ချက်ကလပ်စပါတာပရပ်ဂ်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့သာ အနိုင်ရကာ အဝေးဂိုးတစ်ဂိုးပေးခဲ့ရပေမယ့် ရလဒ်ပိုင်းနဲ့ပတ်သက်ပြီး ကျေနပ်တယ်လို့ ဆိုပါတယ်။ ဗီလာရီးယဲလ်အသင်းဟာ ဂိုးကန်သွင်းမှု ၂၇ ကြိမ်အထိရခဲ့ပြီး အဲဒီထဲကမှ ၁၂ ကြိမ်ဟာ အပိုင် အခွင့်အရေးရခဲ့တာပါ။ ဒါပေမယ့် နှစ်ကြိမ်သာ ဂိုးအဖြစ်ပြောင်းနိုင်ခဲ့ပြီး ပြိုင်ဘက်ပင်နယ်တီဧရိယာအတွင်း ဂိုးသွင်းခွင့်တွေဖြုန်းတီးခဲ့ပေမယ့် ရလဒ်ပိုင်းအပေါ် ကျေနပ်တယ်ဆိုတာက အံ့အားသင့်စရာပါ။ ဗီလာရီးယဲလ် နောက်ခံလူ မာရီနိုကတော့ ကလပ်အသင်းအနေနဲ့ နောက်နှစ် ချန်ပီယံလီဂ်ဝင်ခွင့်ရဖို့ ကြိုးစားနေသလို ယူရိုပါလီဂ်မှာ အောင်ပွဲရဖို့ကလည်း အရေးကြီးတယ်လို့ ဆိုပါတယ်။

စပါတာပရပ်ဂ်ကတော့ ဒီနှစ်ယူရိုပါလီဂ်ပြိုင်ပွဲအတွင်း မထင်မှတ်တာတွေလုပ်ပြနေတဲ့ အသင်းဖြစ်ပြီး(၁၆) သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာ အီတလီကလပ်လာဇီယိုကို အဝေးကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ကစားပြီး ဒီအဆင့်ကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ဗီလာရီးယဲလ်ရဲ့ ခြေစွမ်းကို ယှဉ်မကစားနိုင်ပေမယ့် အဖိုးတန် အဝေးဂိုးတစ်ဂိုးရခဲ့တာ၊ အဆုံးသတ်ပိုင်းသေချာတဲ့ တိုက်စစ်မှူးတွေပိုင်ဆိုင်ထားတာ၊ အိမ်ကွင်းမှာ အားကုန်ရုန်းကစားနိုင်တာတွေကြောင့် အကြိုပိုလ်လုပွဲအဆင့်ကို စပါတာပရပ်ဂ်သာ တက်ရောက်သွားရင်လည်း အံ့ဩစရာ မရှိပါဘူး။

ဘရာဂါ ၁-၂ ရှက်တာဒိုးနက်ခ်

ယူကရိန်းကလပ်ရှက်တာဒိုးနက်ခ်နဲ့ ပေါ်တူဂီကလပ် ဘရာဂါတို့ရဲ့ ပွဲစဉ်မှာတော့ အခွင့်အရေးပေါင်းမြောက်မြားစွာ ဖြုန်းတီးခဲ့တဲ့ ဘရာဂါဟာ အိမ်ကွင်းမှာတင် နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့လို့ အိမ်ကွင်း ၁၃ ပွဲ ဆက်တိုက် ရှုံးပွဲမရှိ စံချိန်လည်း ကျိုးပျက်သွားခဲ့ပါတယ်။ ရှက်တာဒိုးနက်ခ်အတွက်တော့ အခုနိုင်ပွဲက ဒီနှစ်ဘောလုံးမှာ အကြီးကျယ်ဆုံးသောအောင်ပွဲဖြစ်ပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်း ယူရိုပါလီဂ်မှာ ယူကရိန်းကလပ်တွေ ပြန်လည်ပိုလ်စွဲဖို့ ကြိုးပမ်းသွားမယ်လို့ ရှက်တာနည်းပြ လူကပ်စ်ဆူက ဆိုပါတယ်။

ဘရာဂါကတော့ အိမ်ကွင်းပွဲစဉ်တွေမှာ မာကျောတဲ့ ခြေစွမ်းကို ပြသနိုင်တဲ့အသင်းဖြစ်ပြီး ဘင်ဖိကာ၊ စပို့တင်းလစ္စဘွန်းနဲ့ ပေါ်တိုတို့လို ပေါ်တူဂီရဲ့ ထိပ်တန်းအသင်းတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အခုအိမ်ကွင်းရှုံးပွဲနဲ့ အတူ နောက်တစ်ဆင့်တက်ရောက်ဖို့ဆိုတာကတော့ အခွင့်အရေး အတော်နည်းသွားပြီလို့ ယူဆရပါတယ်။

ဘီဘာအို ၁-၂ ဆီဗီလာ

ဘီဘာအိုနဲ့ ဆီဗီလာတို့ စပိန်ကလပ်အချင်းချင်း အားပြိုင်ခဲ့တဲ့ပွဲမှာ ဆီဗီလာက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူနိုင်ခဲ့တဲ့အတွက် ဒါဟာ ဆီဗီလာရဲ့ ယူရိုပါလီဂ်သမ္ဘာကြောင့်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘီဘာအိုက ခြေစွမ်းပိုင်းပိုကောင်းနည်းပြဗယ်ဗာဒီကတော့ သူတို့အသင်းက ဆီဗီလာထက် ခြေသာခဲ့ပြီး ရှုံးပွဲကြုံရတာ စိတ်ပျက်မိပေမယ့် နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးတွေရှိနေသေးကြောင်း တုံ့ပြန်လိုက်ပါတယ်။

ဘီဘာအိုအနေနဲ့တော့ စပိန်ကလပ်သုံးသင်းထဲမှာ အားအနည်းဆုံး အသင်းတစ်ခုလို့ သတ်မှတ်နိုင်ပြီး (၁၆) သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာလည်း ဗလင်စီယာကို အဝေးဂိုးစနစ်ကြောင့်သာ အသာရပြီး ကွာတားအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်းကတော့ ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၄ နဲ့ ၂၀၁၅ ခုနှစ်တွေမှာ ဗိုလ်စွဲထားတဲ့အသင်းဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်တိုင်း ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်တဲ့ အသင်းပါ။ ဒါကြောင့် ဘီဘာအိုအနေနဲ့ ကွာတားအဆင့်နဲ့သာ ကျေနပ်ရဖို့ရှိနေပြီး ဆီဗီလာသာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မယ်လို့ မျှော်လင့်ရပါတယ်။

ရွှေ့ဝင်ယန်ဟေဒင်

အားကစားလောက သတင်းတိုများ

- ချယ်လ်ဆီးနည်းပြသစ်ဖြစ်လာမည့် ကွန်တီက ချယ်လ်ဆီးအသင်းသို့ ပထမဦးဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်အတွင်း တိုက်စစ်မှူးကော်စတာအား ကလပ်အသင်းတွင် ဆက်ရှိနေစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ကော်စတာသည် လန်ဒန်တွင်နေထိုင်ရသည့် ကာလများမှာ သူ့အတွက်ခက်ခဲသဖြင့် စပိန်မြေသို့သာ ပြန်လည်အခြေချရေးကြိုးပမ်းနေသူဖြစ်သည်။
- ချယ်လ်ဆီးအသင်းသည် ဆားဘီယားဂိုးသမား ဘီဂိုဗစ်အား လက်ကျန်ဘောလုံးရာသီ ပွဲစဉ်များတွင်လည်း ပထမဂိုးသမားအဖြစ်သာ အသုံးပြုသွားမည်ဖြစ်ပြီး ဘယ်လ်ဂျီယံဂိုးသမား ကော်တိုးရစ်ကိုမူ လာမည့်ရာသီတွင် မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ရောင်းချလိမ့်မည်ဖြစ်ကြောင်း ဒေးလီမေးလ်က ဖော်ပြသည်။
- ပီအက်စ်ဂျီတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်အား ပရီမီယာလီဂ်ကလပ်များဖြစ်သည့် အာဆင်နယ်နှင့် မန်ယူ အသင်းများမှ ချိတ်ဆက်နေသော်လည်း ကာတာကလပ် အသင်းတစ်ခု၏ ပေါင်သန်း၅၀ဖြင့် ကမ်းလှမ်းမှုကို လက်သင့်မခံမီ လက်ရှိကလပ်ပီအက်စ်ဂျီနှင့် စာချုပ်သက်တမ်း တစ်နှစ်ထပ်မံတိုးမြင့်ခဲ့ကြောင်း သိရသည်။
- ဂွါဒီယိုလာမှာ မန်စီးတီးအသင်းအတွက် အနည်းဆုံးကစားသမားသစ် ရှစ်ဦးခန့်ခေါ်ယူသွားရန် စီစဉ်နေပြီး အလိုရှိဆုံးကစားသမားစာရင်းတွင် ဂျွန်စတုန်းနှင့် လာပေါ်တီတို့ ပါဝင်နေသည်။
- တူရကီကလပ်ဖီနာဘာချီအသင်းသည် ဘိုင်ယန်မြူးနစ် တောင်ပံတိုက်စစ်မှူး ရီဘာရီအား ခေါ်ယူရန် စောင့်ကြည့်နေပြီး ယခုနှစ်ခွေစျေးကွက်တွင် ဘိုင်ယန်မှထွက်ခွာရန် မျှော်လင့်နေကြောင်း သိရသည်။
- ဂျူဗင်တပ်အသင်းသည် ပီအက်စ်ဂျီကစားသမားများဖြစ်သည့် ကာဗာနီ၊ ရာဘီရော့ဘ်နှင့် ပက်ထရော့တို့အား တစ်ပြိုင်နက်တည်း ခေါ်ယူနိုင်ရန် ကြိုးပမ်းနေပြီဖြစ်သည်။
- ရီးယဲလ်မက်ဒရစ်အသင်းသည် ဝုဖ်ဘတ်အား မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီးနောက် ချန်ပီယံလီဂ်ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခွာခဲ့ရလျှင် လက်ရှိနည်းပြ ဇီဒန်းနေရာတွင် နည်းပြဟောင်း မော်ရင်ဟိုအား အဆင်သင့်ခေါ်ယူနိုင်ရန် ချိတ်ဆက်မှုများပြုလုပ်နေကြောင်း ဒေးလီးမေရာအွန်လိုင်းမီဒီယာက ဖော်ပြသည်။ ရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌပီရက်ဇီက ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဘင်နီတက်ဇီနေရာတွင် မော်ရင်ဟိုအား အစားထိုးရန် ကမ်းလှမ်းခဲ့သော်လည်း မော်ရင်ဟိုကငြင်းပယ်ခဲ့၍သာ ဇီဒန်းအား ခန့်အပ်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

ဂျေမီဗာဒီနှင့် ဟယ်ရီကိန်းတို့ထက် ဝိန်းရွန်းနီ ပိုမိုကောင်းဆဲဟု သက်သေပြရန် ဗန်ဟားလ်လိုလား

ယခုနှစ် ဘောလုံးရာသီတွင် ဂျေမီဗာဒီနှင့် ဟယ်ရီကိန်းတို့ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်သော်လည်း ဝိန်းရွန်းနီသာ အကောင်းဆုံးတိုက်စစ်မှူးအဖြစ် ဆက်လက်ရှိနေဆဲဟု ယုံကြည်ကြောင်း မန်ယူနည်းပြ ဗန်ဟားလ်က ပြောကြားလိုက်သည်။ ဟယ်ရီကိန်းနှင့် ဂျေမီဗာဒီတို့သည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုးနှင့် ၁၉ ဂိုး အသီးသီး သွင်းယူထားကြပြီး ဝိန်းရွန်းနီ ဒဏ်ရာပြဿနာ ကြုံတွေ့နေသည့် ကာလအတွင်းမှာပင် အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြကစားထားနိုင်ကြသည်။

သို့သော် ဗန်ဟားလ်က ၎င်းအတွက်မူ ဝိန်းရွန်းနီသာ အကောင်းဆုံးတိုက်စစ်မှူးအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဟယ်ရီကိန်းနှင့် ဗာဒီတို့ခြေစွမ်းပြနေသော်လည်း ဒဏ်ရာကင်းစင်မည်ဆိုလျှင် ဝိန်းရွန်းနီသာ အဆုံးသတ်ပိုင်း ပိုမိုကောင်းမွန်သည့် တိုက်စစ်မှူးဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် ရွန်းနီ၏ ပုံစံကောင်းတစ်ရပ်ပျောက်ဆုံးနေပြီး မိနစ် ၆၀ လောက်သာ ဝင်ရောက်ကစားပေးနိုင်မည့် အခြေအနေတွင်သာ ရှိနေကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဝိန်းရွန်းနီက အင်္ဂလန်၏ တိုက်စစ်ပိုင်းအတွက် ဂျေမီဗာဒီ၊ ဟယ်ရီကိန်း၊ ဝဲလ်ဘတ်၊ ဝဲလ်ကော့၊ စတားရစ်ချ်တို့ရှိနေသော်လည်း သူ၏ခြေစွမ်းပိုင်းနှင့် ပတ်သက်၍ အမြဲတမ်းယုံကြည်မှုရှိသောကြောင့် စိုးရိမ်မှုမရှိကြောင်း ပြောကြားခဲ့သေးသည်။ ရွန်းနီသည် အင်္ဂလန်အသင်းအတွက် ထာဝရ အများဆုံးဂိုးသွင်းထားသူလည်း ဖြစ်သည်။

ဘိန်းဖြူနှင့် စိတ်ကြွရှူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၉

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက်က နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးဌ မိုင်းချစ်သူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရန် ရပ်တန့်ခိုင်းစဉ် ၎င်းမှ အရိုးအသွား ၁၂ လက်မရှိ စတီးဓားဖြင့် ပြန်လည်ခုခံသဖြင့် ထိန်းသိမ်းပြီး ရှာဖွေရာ ဆိုင်ကယ်ရှေ့ခြေကြားရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက်(အလေးချိန် ၅၂၈ ဂရမ်)ကို သိမ်းဆည်းရမိသဖြင့် မိုင်းချစ်သူ(၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဧပြီ ၇ ရက်က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မှော်ကျေးရွာ အဲဗားဝင်းနားမြေစာပုံအနီးရှိ ပျံကျတဲနေ မအိဖြူ၏ နေအိမ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အတွင်းခံအင်္ကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ အိပ်ခန်းအောက်ရှိ ဝါးလုံးခေါင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့နောက် ဧပြီ ၆ ရက်က အေးသာယာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အေးသာယာမြို့သစ်ရပ်ကွက်(၅) နယ်မြေ(၄) အမှတ်(၈၄)နေ မချိုဝင်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ သန်းစိုးထွေး၊ ကျော်ရဲအောင်၊ မဝေမာလတ်နှင့် မချိုမာသင်းတို့အား တွေ့ရှိပြီး အိပ်ခန်းကြမ်းခင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၅ ပြား သိမ်းဆည်းရမိသဖြင့် သန်းစိုးထွေး(ခ)ကုလား (၁၉)နှစ်၊ ကျော်ရဲအောင် (၂၃)နှစ်၊ မဝေမာလတ်(ခ)အသေးလေး (၂၈)နှစ်၊ မချိုမာသင်း (၃၆)နှစ်နှင့် မချိုဝင်း (၃၇)နှစ် (ဖမ်းမမိသေး)တို့ ငါးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ (ကြေးမုံ)

■

တရားမဝင်သစ် သယ်ဆောင်သူ အရေးယူ

နေပြည်တော် ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ချောင်းမသစ်တောဦးစီးဌာနမှဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက် ည ၁၀ နာရီ မိနစ် ၃၀ ခန့်က တရားမဝင်သစ်များသယ်ဆောင်လာကြောင်းသတင်းအရ မုံရွာ-ယာကြီး-ကလေးဝကားလမ်း (၁၆)မိုင်အနီးဌ သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် စိုင်တဲရွာဘက်မှ ရွှေဘိုမြို့နယ် ကျောက်မြောင်းရွာနေ ကျော်ကျော်ထွန်း(၄၅)နှစ်မောင်းနှင်လာသော YGN 5C/--- Elgrand အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင်ပိတောက်သစ်ခွဲသား ရှစ်ချောင်း (သုည ဒသမ ၆၃၁၆)တန် တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ကနီမြို့မရဲစခန်းက(ပ)၄၅/၂၀၁၆၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

ညောင်လေးပင်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် လူနေအိမ်များ မီးလောင်ဆုံးရှုံး

နေပြည်တော် ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့နယ် ညောင်လေးပင်ရွာတွင် ဧပြီ ၇ ရက် ညနေ ၃ နာရီ မိနစ် ၃၀ က မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ မိုးညှိုမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများက ပိုင်းဝန်းဖြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါရွာနေ ဒေါ်ကြေ(၅၀)နှစ်က နောက်ဖေး နွားတင်းကုပ်အနီး စွန့်ပစ်ထားသည့် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုကြောင့် နွားတင်းကုပ်တစ်လုံးနှင့် လူနေအိမ် ၁၅လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဒေါ်ကြေ့အား မိုးညှိုမြို့နယ် ဆင်မနိုင်နယ်မြေရဲစခန်းက (ပ)၆/၂၀၁၆၊ ပြစ်မှု ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

လူသွားလမ်းပျောက်နေသော ဆင်မင်းလမ်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်း ရပ်ကွက်ရှိ ဆင်မင်းလမ်းသည် ပုံတွင်မြင်တွေ့ရသည့်အတိုင်း လူသွားလမ်း (ပလက်ဖောင်း)ပေါ်နှင့် လမ်းမပေါ်တို့တွင် စျေးသည်များ စျေးရောင်းချနေပါသဖြင့် ခရီးသွားပြည်သူများမှာ လမ်းပေါ်မှသွားလာနေကြရသည်။

ထို့ကြောင့် လူအန္တရာယ် ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် အဆိုပါလမ်းပေါ်နှင့် လူသွားလမ်းပေါ်တွင် စျေးရောင်းချနေသူများအား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးစေလိုကြောင်း ဧပြီ ၉ ရက် နံနက်ပိုင်းက ခရီးသွားပြည်သူများ ပြောကြားနေကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

■

ဒလမြို့နယ်တွင် စည်းကမ်းမဲ့ အရက်ဆိုင်များ ဖမ်းဆီးအရေးယူ

ဒလ ဧပြီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဧပြီ ၇ ရက် ည ၁၁ နာရီက မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ နယ်မြေအတွင်း လိုင်စင်မဲ့ အရက်ရောင်းချခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ စည်းကမ်းမဲ့ရောင်းချနေသော အရက်ဆိုင်များကို တွေ့ရှိ၍ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

နယ်ထိန်းရဲတပ်ကြပ်ကြီး မင်းဇော်ဦး၊ တပ်ကြပ်မောင်ဝင်းတို့အဖွဲ့သည် အဆိုပါ အချိန်က သက်သေများဖြစ်သော ဆာပါချောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်တို့အဖွဲ့နှင့်အတူ နယ်မြေအတွင်း စုံစမ်းခဲ့ရာ အမှတ် (၁၁၆) ပြဟ္မစိုလမ်း ဆာပါချောင်နေသူ မစန်းစန်းမြင့် (၄၁)နှစ်၏ ဈေးဆိုင်အတွင်းမှ လိုင်စင်စည်းကမ်းနှင့် မညီဘဲ MYANMAR ဘီယာပုလင်း ၃၈ လုံးကိုလည်းကောင်း၊ ထိုနေ့ည ၁၁နာရီ ၁၅ မိနစ်တွင်လည်း ဆာပါချောင်ကျောင်း စုရပ်ကွက် စိတ္တသုခလမ်း အမှတ် (၁၀၉) နေ ဦးကျော်ရွှေ (၄၄)နှစ်၏ ဈေးဆိုင်၌ ပလတ်စတစ်ပုံးအဖြူဖြင့် ထည့်ထားသည့် အရက်ဖြူ ၁၂လုံးကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သဖြင့် သိမ်းဆည်းဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သန်းဌေး(ဒလ)

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၅ လမ်း ၇၃×၇၄ လမ်းကြားနေ ဦးထွန်းအောင်ကျော် (ဘ) ဦးတော်ဆိုက် [၁၃/လရန (နိုင်) ၁၂၆၆၈၅] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။

STARBUCKS COFFEE

မှတ်ပုံတင်စာချုပ်အမှတ- ၃၀၄၅ / ၂၀၁၅

အထက်ဖော်ပြပါ "☆STAR BUCKS☆" COFFEE အမည်ရှိ **"ကော်ဖီအမျိုးမျိုး နှင့် စားသောက်ကုန်အမျိုးမျိုး"** ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှနေ့ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ်- **၃၀၄၅/ ၂၀၁၅** အရ တစ်ဦးတည်းမူပိုင်အဖြစ် ကျွန်ုပ်တို့၏ အမှုသည်က မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်သားဖြင့် **"ကော်ဖီအမျိုးမျိုး နှင့် စားသောက်ကုန်အမျိုးမျိုး"** တို့ကို ထုတ်လုပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ဖြိုးရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ ယူးတွဲဖော်ပြပါ ကျွန်ုပ်တို့၏ အမှုသည်တစ်ဦးတည်း မူပိုင်ဖြစ်သော "☆STAR BUCKS☆" COFFEE အမည်ရှိ **"ကော်ဖီအမျိုးမျိုး နှင့် စားသောက်ကုန်အမျိုးမျိုး"** ကုန်အမှတ်တံဆိပ်ကို တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ ပုံသဏ္ဌာန်တူအောင် တုပခြင်းမပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ အကယ်၍ ဆင်တုယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာ လိုက်ပါသည်။

ဒေါ်နောင်နောင်ဆေး(M.Res) (စဉ်-၃၂၅၂၂) | **ဦးညထ်ဝင်းအောင် (LL.B, D.I.R, D.P.S) (စဉ်-၄၄၄၂၇)** | **ဒေါ်ဖြူဖြူဝင်း (LL.B) (စဉ်-၂၅၃၀၇)**

အ ထက် တန်း ရှေ့ နေ များ

။ ၀၉-၄၀ ၂၅၀၄၄၄ ၊ ၀၉-၂၅၀ ၂၇၂ ၊ ၀၉-၄၃၀ ၁ ၁ ၄ ၄ ၄ ၆ ၆ ၆

ဧရာတိက အနာထပိဏ် ဂုဏ်သိန်မြင့် ယောကျ်း သူလိုလူ ဧမ္ဘာတစ်လွှား တုဘက်ပြိုင်ရှား

à ကိုရင်ညြ

သတင်းစာသမားများ၏ ဖော်ကောင်လုပ်ဖွင့်ချမှုကြောင့် ကမ္ဘာတစ်လွှားရှိ အကျော်ဇေယျ နိုင်ငံရေးသမားများ လောကနှင့် စီးပွားရေးသမားများ လောကတို့အတွင်း တီကိုဆားနှင့်တို့သလို ထွန့်ထွန့်လူးသွားရသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရလေသောအခါ "သတင်းသမားတို့ မျက်စောင်း အကြောင်းသုံးပါး မရွေး" ဟု၍ ဆိုစမှတ်ပြုရမလို တွေးတော မိပါသတည်း။

နဲမိသည့်ဌက် ကြိုးဝိုင်ကြက်လို

ပနားမားနိုင်ငံအခြေစိုက် ဥပဒေအကျိုးဆောင်ကုမ္ဗဏီတစ်ခုဖြစ်သော 'မော့ဆက်ဖွန်ဆီကာ' ၏ ထိပ်တန်းလျှို့ဝှက်စာလွှာ၊ စာတမ်းများ ပေါက်ကြားရာမှ ကမ္ဘာတစ်ခွင် ပြပြိုစင်အောင် သတင်းသမားများက ဖွဲ့ခဲ့ကြရာ 'နဲမိသည့်ဌက် ကြိုးဝိုင်ကြက်လို' အကျော်ဇေယျ ပုဂ္ဂိုလ်ကြီးများ ယက်ကန်ယက်ကန် အရှက်သန္ဓာလန် ဖြစ်ကြရသည်ဟု ကျွန်ုပ် သိရှိရလေသည်။ နဲမဟူသည် 'နဲကော' ကို ဆိုလိုပြီး ဌက်ကျော့ကွင်းဟု အဓိပ္ပာယ်ရလေသည်။

ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့သတင်း မျက်နှာစာတွင် ဖွဲ့မီးလို တင့်ဝေ့ဝေ့ လောင်ကျွမ်းနေသော ဖြစ်စဉ်တစ်ရပ်မှာ လူပုံက ပတ်ကလားနှင့် နတ်စကားထွက်သူ သတင်းသမားများ၏ ဖွင့်ချမှုကြီးဖြစ်၏။

ကမ္ဘာတစ်လွှားရှိ သတင်းစာတိုက်ပေါင်း ၁၀၀ ကျော်မှ သတင်းစာဆရာများ ပါဝင်သော အုပ်စုတစ်စုသည် နိုင်ငံတကာ စုံစမ်းလေ့လာ သတင်းပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဖွင့်ချမှုကြီးတစ်ရပ်ကို တစည်းတရုံးတည်း ပြုလုပ်ခဲ့ကြလေရာ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများမှာ တလူးလူးတလဲလဲ မဖြေဆည်နိုင်ဘဲ ဖြစ်ရလေ၏။

ဘောဂနေ အရှုပ်တော်ပုံ

သူတို့ ဖွင့်ချပုံမှာ သဝေချာလည်နေသော ဘောဂနေ အရှုပ်တော်ပုံကြီးဟူ၍ ကမ္ဘာတွင်လေသည်။

ပနားမားနိုင်ငံရှိ ဥပဒေအကျိုးဆောင် မော့ဆက်ဖွန်ဆီကာ ကုမ္ဗဏီ၏ လျှို့ဝှက်စာလွှာစာတမ်းများ ပေါက်ကြားမှုနှင့်အတူ ကမ္ဘာ့နိုင်ငံပေါင်း ၇၈ နိုင်ငံမှ မီဒီယာအဖွဲ့စည်း ၁၀၇ ခုတို့က ဖော်ကောင်လုပ် ရေးဖွဲ့မှုကို စုပေါင်းပြုလုပ်ကြရာ "ပနားမားစာလွှာစာတမ်းများ" (Panama Papers) ဟု ကမ္ဘာကျော်ဟိုးဖြစ်ရသော အရှုပ်တော်ပုံကြီးမှာ အိုးမလုံအုံ့ပွင့်ရသည့်ပမာ မဖုံးနိုင်မဖိနိုင်အောင် ဘူးပေါ်သလို ပေါ်ခဲ့ရလေသည်။

ပနားမားတူးမြောင်းသည် ပစိဖိတ်နှင့် အတ္တလန္တိတ် သမုဒ္ဒရာကို ဆက်သွယ်ပေးသည့်ပုံအသွင် ကမ္ဘာ့အရှေ့ဖျားနှင့် အနောက်ဖျား၊ တောင်ဖျားနှင့် မြောက်ဖျားကို ပေါင်းကူးပေးသူ သတင်းသမားများက မှန်ရာကို သံတော်ဦးတင်လိုသည့် စိတ်ဇောအပုန်ဖြင့် တက်ကုန်ဖွင့် ရွက်စုံလွှင့် ဖွင့်ချလိုက်သည့်အခါ ကမ္ဘာ့စာနယ်ဇင်းသမိုင်းတွင် အကြီးကျယ်ဆုံးသော ဖွင့်ချမှုကြီး အဖြစ် ပြောစမှတ်ပြုကြရလေပြီ။

မော့ဆက်ဖွန်ဆီကာ ကုမ္ဗဏီ၏ လျှို့ဝှက်သတင်း အချက်အလက်များကို မည်သူ မည်ဝါ မသိရသူတစ်ဦးက ဂျာမနီနိုင်ငံရှိ ဆုဒတ်ရှဲဇိုင်းထွန်း အမည်ရှိ သတင်းစာတိုက်သို့ ဗွေဆော်ဦး ပေါက်ကြားစေခဲ့ပြီး ထိုမှတစ်ဆင့် ကမ္ဘာတစ်ဝန်းရှိ သတင်းစာတိုက်များနှင့် သတင်းဌာနများသို့ ဆက်လက် ပေါက်ကြားခဲ့ရာမှ ကမ္ဘာကျော်နိုင်ငံရေးသမားများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအား အရှိုက်ထိုးနိုင်ခဲ့သော ဘောဂနေ အရှုပ်တော်ပုံကြီးပေါ်ထွန်းလာရသည်ဟု ကျွန်ုပ်လေ့လာသိရှိရလေသည်။

မော့ဆက်ဖွန်ဆီကာ ကုမ္ဗဏီသည် ၎င်း၏ ဖောက်သည်များအား ငွေကြေးခဝါချနိုင်အောင်၊ စီးပွားရေး ဒဏ်ခတ်မှုမှ ရှောင်လွှဲနိုင်အောင်၊ အခွန်ဆောင်ရခြင်းမှ ရှောင်ရှားနိုင်အောင် အားပေးကူညီခဲ့သည်ဟု သတင်းစာဆရာကြီးများက တစ်သံတည်း ဖွင့်ချခဲ့ကြလေရာ ကမ္ဘာ့နိုင်ငံများအတွင်း ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့ရလေသည်။

ပိုင်ဆိုင်သော ဘောဂနေများကို လူသိမခံဘဲ တိုင်းတစ်ပါး၌ ဖွက်ထားနိုင်စေရန် လည်းကောင်း၊ ပေးသင့်ပေးအပ်သော အခွန်အတုပ်များကို မပေးဆောင်ဘဲ ရှောင်လွှဲနိုင်စေရန်လည်းကောင်း မော့ဆက်ဖွန်ဆီကာကုမ္ဗဏီက ဝန်ဆောင်ပေးခဲ့သည်ဟု စွပ်စွဲသံ သောသောညံပေါ်ထွက်ခဲ့ရာ သတင်းလောကကြီးထဲ ရွှစိရွှစိဖြစ်ကြရကုန်၏။

ကုမ္ဗဏီ၏ သက်တမ်း နှစ်ပေါင်း ၄၀ ကာလအတွင်း သမ္မာအာဇီဝ အလုပ်ကိုသာ လုပ်ခဲ့ပါသည်ဟု ထိုကုမ္ဗဏီက လျှောက်လဲလင့်ကစား မပြေးသော်ကန်ရာရှိ သံသယ၏ သားကောင်ဘဝ ရောက်ရသည့်ဖြစ်အင်ဟု ရှုမြင်ရလေသည်။

ကမ္ဘာကို ကိုင်လှုပ်လိုက်သော ဖွင့်ချမှုကြီးက မီးမောင်းထိုးပြလိုက်သည်မှာကား ကမ္ဘာ့နိုင်ငံရေး လူမှုလိုင်တို့ အခွန်ရှောင်တတ်ကြပုံနှင့် အဂတိလိုက်စားတတ်ကြပုံတို့ပင်တည်း။ 'အီးလစ်' (ခေါ်) လူမလိုင်လွှာမှာ အခွင့်ထူးခံ လူတန်းစားပင်လျှင် ဖြစ်ပြီး အာဏာရရှိစဉ်အတွင်း မတော်မဖြောင့် ရရှိထားသော ဘောဂနေများကို လူသိမခံလို၊ ပြည်သူသိမခံလိုသဖြင့် ပြည်ပ၌ တိတ်တဆိတ် ဖွက်ထားတတ်ကြလေကုန်၏။

အဆိပ်ပင်ရေလောင်း လူမိုက်အားပေး

ပနားမားတည်းဟူသော နိုင်ငံငယ်လေး အတွင်း အခြေစိုက်ကာ ကမ္ဘာနှင့်ချီ၍ ငွေကြေးခဝါချမှု အကျိုးရလဒ်ပါ တစ်ပြိုင်တည်း ခံစားရရှိနိုင်လေသည်။

စုံစမ်းလေ့လာ သတင်းစာဆရာတို့က ကမ္ဘာ့နိုင်ငံများ၌ အကျင့်ပျက်ခြစားမှုများ လက်ရဲဇက်ရဲဖြစ်ပေါ်နေပုံကို ရဲရဲတင်းတင်း ဖွင့်ချခဲ့ကြရာ 'ဖွတ်မြီးနှင့် ဖွတ်ကို ချည်' ဘိအလား မဟုတ်တာလုပ်ထားသူများ မပြေးသာ မလွတ်သာ ဖြစ်ရလေသည်။

ဤတွင်ရွေ့ကား ကာလဝိပါက် နောက်ပိုးတက် အကျိုးပေးတတ်ပုံကို ကျွန်ုပ်တို့ သင်ခန်းစာယူသော် ရအံ့လောက်ပေသည်။ မိမိပြုသော ကံသည် ဘဝမခြားဘဲ လက်ရှိဘဝမှာပင် ထက်ကြပ်မကွာလိုက်၍ အကျိုးပေးနိုင်ပုံကို ဆင်ခြင်ကြကုန်ရာ၏။

စုံစမ်းလေ့လာ သတင်းပညာ

အဂတိလိုက်မှု အမိုက်ဇာတ်လမ်းများကို ကမ္ဘာသားတို့ သိရှိကြရလေအောင် ဖွင့်ချပေးနိုင်သော သတင်းပညာသည်ကား စုံစမ်းလေ့လာသတင်းပညာ' (Investigative Journalism) ဖြစ်သတည်း။

'မှန်ရာကို သစ္စာဆို၍ ပြည်သူ့ဦးတင်ပါမည်' ဆိုသော သန္ဓိဋ္ဌာန်ပြုချက်နှင့်အညီ ပြည်သူ့ဘက်တော်သားဖြစ်ကြကုန်သော သတင်းသမားတို့သည် လောကဇာတ်ခုံ ဤလူ့ဘုံအတွင်း မတော်မတရား ပြုမူမှုများ၊ ဥပဒေဘောင်ကျော်လွန်၍ လုပ်ဆောင်မှုများ၊ ရွာလွန်ရွက်တိုက် အမူအကျင့်များ၊ ငွေကြေးခဝါချမှု အကျိုးရလဒ်ပါ တစ်ပြိုင်တည်း ခံစားရရှိနိုင်လေသည်။



စုံစမ်းလေ့လာ သတင်းစာဆရာတို့က ကမ္ဘာ့နိုင်ငံများ၌ အကျင့်ပျက်ခြစားမှုများ လက်ရဲဇက်ရဲဖြစ်ပေါ်နေပုံကို ရဲရဲတင်းတင်း ဖွင့်ချခဲ့ကြရာ 'ဖွတ်မြီးနှင့် ဖွတ်ကို ချည်' ဘိအလား မဟုတ်တာလုပ်ထားသူများ မပြေးသာ မလွတ်သာ ဖြစ်ရလေသည်။

ဤတွင်ရွေ့ကား ကာလဝိပါက် နောက်ပိုးတက် အကျိုးပေးတတ်ပုံကို ကျွန်ုပ်တို့ သင်ခန်းစာယူသော် ရအံ့လောက်ပေသည်။ မိမိပြုသော ကံသည် ဘဝမခြားဘဲ လက်ရှိဘဝမှာပင် ထက်ကြပ်မကွာလိုက်၍ အကျိုးပေးနိုင်ပုံကို ဆင်ခြင်ကြကုန်ရာ၏။

စုံစမ်းလေ့လာ သတင်းပညာ

အဂတိလိုက်မှု အမိုက်ဇာတ်လမ်းများကို ကမ္ဘာသားတို့ သိရှိကြရလေအောင် ဖွင့်ချပေးနိုင်သော သတင်းပညာသည်ကား စုံစမ်းလေ့လာသတင်းပညာ' (Investigative Journalism) ဖြစ်သတည်း။

'မှန်ရာကို သစ္စာဆို၍ ပြည်သူ့ဦးတင်ပါမည်' ဆိုသော သန္ဓိဋ္ဌာန်ပြုချက်နှင့်အညီ ပြည်သူ့ဘက်တော်သားဖြစ်ကြကုန်သော သတင်းသမားတို့သည် လောကဇာတ်ခုံ ဤလူ့ဘုံအတွင်း မတော်မတရား ပြုမူမှုများ၊ ဥပဒေဘောင်ကျော်လွန်၍ လုပ်ဆောင်မှုများ၊ ရွာလွန်ရွက်တိုက် အမူအကျင့်များ၊ ခန့်စစ်ကုန်းတစ်ကော့ ဆောင်ရွက်မှုများ၊ အာဏာအလွဲသုံး၍ ကိုယ်ကျိုးရှာမှုများ၊ အတ္တအကျိုးစီးပွားအတွက် ကျိတ်ကြိတ်ကျိတ်လုပ်မှုများ၊ နှုတ်ကဘုရား လက်က ကားရားပြုကျင့်မှုများ၊ ဆင်သေစီးသည့် ကျီးမိုက်လုပ်ရပ်များ၊ ဇာတ်ပျက်ပုဏ္ဏား အစားမဆင်ခြင်သည့် အမူအကျင့်များ စသည်စသည် အလွဲအစောင်းများနှင့် ပတ်သက်၍ သဲလွန်စတစ်ခုကို အကြောင်းပြု၍ နောက်ခံ အကြောင်းခြင်းရာများကို အချိန်ယူ လေ့လာစူးစမ်းပြီးလျှင် ပြည်သူ့တို့ သိရှိနိုင်စေရန် ဖွင့်ချ ဖွင့်ဟရသည့် အတတ်ပညာသည်ကား စုံစမ်းလေ့လာ သတင်းပညာပင် မဟုတ်ပါလော။

ချစ်သူကိုသာစေ၊ မုန်းသူကို နာစေ မဖြစ်စေဘဲ သတင်းသမားတို့ စောင့်ထိန်းလိုက်နာအပ်သော သိက္ခာပုဒ် ကျင့်ဝတ်များ၊ ပညတ်တော်များကို မြဲမြဲစေလျက် ဘီလူးဆိုင်းတီးကာ ဖွင့်ချလိုက်သော အရှုပ်တော်ပုံကြီးတွင် ထိမှန်သူများမှာ နိုင်ငံတကာမှ နိုင်ငံရေးသမား ၁၄၃ ဦး၊ ၎င်းတို့၏ မိသားစုဝင်များ၊ ဆွေမျိုးဥာတကာများ၊ တပည့်သားမြေးများဖြစ်သည်ဆိုတော့။

ပင်လယ်ရပ်ခြား နိုင်ငံများ၌ ပုဂ္ဂလိက ဓနဥစ္စာများကို သိုဝှက်ထားမှုတွင် နိုင်ငံခေါင်းဆောင် ၁၂ ဦး ပါဝင်ပတ်သက်နေသည်ဟု စုံစမ်းလေ့လာ သတင်းစာဆရာများက ဖွင့်ချလေသည်။

အရှုပ်တော်ပုံအတွင်း နှံ့နစ်ရသည့် နိုင်ငံခေါင်းဆောင်များတွင် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှာရစ်၊ အီရက်ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်းနှင့် ဒုတိယသမ္မတဟောင်း အေယီအလာဝီ၊ ယူကရိန်းသမ္မတ ပီထရိုး ပိုရိုရှန်ကို၊ အီဂျစ်သမ္မတဟောင်း ၏သား အလာမူဘာရက်၊ အိုက်စလန်ဝန်ကြီးချုပ် ဒေးဗစ်ဂန်လန်ဆန်တို့ ပါဝင်ကြပြီး ဗြိတိန်နိုင်ငံမှ အမတ်ခြောက်ဦး၊ ကွန်ဆာဗေးတစ် အမတ်ဟောင်းသုံးဦး၊ ဗြိတိန်နိုင်ငံရေးပါတီများသို့ ငွေကြေးလှူဒါန်းခဲ့သူ လူဒါဇင်ပေါင်းများစွာ စသူတို့မှာလည်း ပင်လယ်ရပ်ခြား၌ ဓနဥစ္စာများ ဖွက်ထားသည်ဟု စွပ်စွဲခံလြကရလေသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းအာဏာပိုင် အဖွဲ့ဖြစ်သော ပေါ်လစ်ဗျူရို၏ လက်ရှိနှင့် လက်ဟောင်းအဖွဲ့ဝင် ရှစ်ဦး၏ မိသားစုဝင်များသည်လည်း ပယ်လယ်ရပ်ခြားတွင် ဓနဥစ္စာများကို သိုဝှက်ထားသည်ဟု ဖွင့်ချထားလေသည်။

ၛင်းအပြင် မြောက်ကိုရီးယား၊ ဇင်ဘာဘွေ၊ ရုရှား၊ အီရန်နှင့် ဆီးရီးယားအစိုးရအဖွဲ့များကို အားပေးထောက်ခံမှုဖြင့် စီးပွားရေးဒဏ်ခတ်ခံထားရသူများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ အထင်ကရကော်မတီဝင်တစ်ဦးတို့မှာလည်း မော့ဆက်ဖွန်ဆီကာ ၏ ဖောက်သည်များဖြစ်ကြသည်ဆို၏။

အနာထပိဏ် သူဌေး၏ စိတ်ဓာတ်ကို စံပြုကြလော့

ပုပ်မှပေါ် ဟုတ်မှကျော်လာသည့် ကမ္ဘာ့အရှုပ်တော်ပုံကြီးကို ကျွန်ုပ်ဖတ်ရှုရပြီးသကာလ အနာထပိဏ်သူဌေး၏ ပုံရိပ်လွှာကို ကျွန်ုပ် နိမိတ်ပုံရှုမြင်မိလေသည်။

'အနာထပိဏ်' ဟူသော အနွတ္တသညာတွင်ရစ်သူ ဇောတိကသူဌေးကြီးသည် ပရဟိတစိတ်ဓာတ် ရင့်သန်သူတည်း။ ကေန်မူကား အနာထပိဏ်ဟူသည် သူနာမည်ရင်းမဟုတ်၊ သူ၏ ပရစိတ်ဓာတ် သူ့ဗျုပ္ပတ်နှင့် ကိုက်အောင် ဂုဏ်ပြုခေါ်ဝေါ်ခြင်းသာဖြစ်၏။ အနာထ = အားကိုးရာမဲ့သူတို့အား၊ ပိဏ္ဍိက = အစားအစာပေးကမ်းသူဟု အဓိပ္ပာယ်ရ၏။

အနာထပိဏ်သည် အလျှုဒါနပြုရာတွင် ရဲရင့်လှ၏။ 'အလောဘ' စိတ်ဖြင့် လျှုဒါန်းသူဖြစ်၏။ အဆင့်အတန်းမရွေး အလျှုခံပုဂ္ဂိုလ်တိုင်းကို လျှုဒါန်းသူဖြစ်၏။ ဘောဂသမ္ပတ္တိ၊ ဘဝသမ္ပတ္တိတို့ကို မတောင့်တဘဲ စေတနာဖြူစင်စွာ လျှုဒါန်းသူဖြစ်၏။ ပါရမီဦးစီးသော ဒါနပြုသူဖြစ်၏။

သူသည် အကျိုးလို၍ ညောင်ရေလောင်းသူမဟုတ်၊ ထောင်မြင်၍ ရာစွန့်သူမဟုတ်၊ မိမိ၏ ဥစ္စာဓနကို ဖွက်ထားသူမဟုတ်။

သူ၏ အမည်ရင်းကား 'သုဒတ္တ' ဖြစ်၏။ ကုန်သည်တစ်ဦးဖြစ်ကာ သမ္မာအာဇီဝရှာဖွေ၏။ ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ အလျှုရေစက် လက်နှင့်မကွာသူဖြစ်၏။

ကုသိုလ်လုပ်ဖို့ စီးပွားရှာသူ အနာထပိဏ်သည် သုစရိုက်တရားနှင့်အညီ စွန့်ကြဲပေးကမ်းမှု ဆင်းရဲသားတို့အပေါ် သနားကြင်နာမှုတို့ဖြင့် ဘဝကို ဖြတ်သန်းခဲ့ပုံမှာ ကျွန်ုပ်တို့ စံပြုရလောက်အဲ့ပေသည်။ သို့ဖြစ်ရကား "ဇောတိက အနာထပိဏ် ဂုဏ်သိန်မြင့် ယောကျ်း၊ သူ့လိုလူ ဇမ္ဗူတစ်လွှား တုဘက်ပြိုင်ရှား" ဟု၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ဆိုသည်မှာ

à သစ်တော်

"ရှာပုံတော်မင်းသားကြီး. . . မဏ္ဍာပ်တကာရောက်ခဲ့ပြီ. . . ဘယ်အရပ်သူဇာတိမှန်းလည်းမသိတော့ အခက်တွေ့ပြီ. . . မနှစ်ကပေးတဲ့ . . . မင်းလိပ်စာ ရေတွေ့စိုလို့ပျက်ကုန်ပြီ. . . မမှတ်မိတော့ အခက်သားလားဒေဝီ"။

သာယာသောနံနက်ခင်းလေးတစ်ခုနှင့်အတူ အနီးအနားရှိလက်ဖက်ရည်ဆိုင်လေးမှ ပျံ့လွင့်လာသော သင်္ကြန်သီချင်းသံလေးကြောင့် စာရေးသူတို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင် သင်္ကြန်ပွဲတော်ကြီး တစ်ကျော့ပြန်လည်၍ နီးကပ်လာသည်ကို သတိပြုလိုက်သည်။ ပြက္ခဒိန်ကိုလှန်ကြည့်မိလိုက်တော့ မြန်မာသက္ကရာဇ် ၁၃၇၇-၁၃၇၈ ခုနှစ်၊ သာသနာတော်နှစ် ၂၅၅၉-၂၅၆၀ ရောက်ပြီဖြစ်ကြောင်း အတိအကျသိလိုက်ရသည်။ မြန်မာသက္ကရာဇ် ၁၃၇၇ မှ ၁၃၇၈ သို့၊ သာသနာတော်နှစ် ၂၅၅၉ မှ ၂၅၆၀ သို့ ကူးပြောင်းတော့မည်ဖြစ်ကြောင်း စာရေးသူ သတိထားမိပြန်ပါသည်။

စာရေးသူတို့နေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို ဟိုးရှေးရိုးအစဉ်အဆက်ကပင် နှစ်စဉ်နှစ်တိုင်းခရစ်နှစ်သစ်၏ လေးလပိုင်းတွင်ကျရောက်သော ဧပြီလနှင့် မြန်မာနှစ်၏ တပေါင်း-တန်ဆူးလတို့တွင် ရိုးရာမပျက်ဆင်ခွဲနေကြသော ပွဲတော်ကြီးပင်ဖြစ်သည်။ ဘာသာရေးနှင့် တိုက်ရိုက်ဆက်နွယ်ခြင်းမရှိသော ပွဲတော်တစ်ခုဟုလည်း ဆိုနိုင်သည်။ မြန်မာသက္ကရာဇ်၏ နှစ်ဟောင်းအဆုံးတွင် ကျင်းပရသော ပွဲတော်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာနှစ်သစ်ကိုကြိုဆိုကြသော ပွဲတော်ကြီးတစ်ခုလည်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ရေသဘင်ပွဲတော်ကြီးသည် အခြေခံမဲ့စွာဖြင့် မှန်းရမ်း၍ ကျင်းပသော ပွဲတော်တစ်ခုမဟုတ်ပါ။ နက္ခတ်ဗေဒပညာရှင်များနှင့် ဖွဲ့စည်းထားသော ပြက္ခဒိန်အကြံပေးအဖွဲ့က တွက်ချက်၍ ပြက္ခဒိန်အသစ်များ မစတင်စဉ်ကပင် လပေါင်းများစွာကြိုတင်၍ နှစ်ရက်ဖြစ်ပြီး သင်္ကြန်ပွဲတော်ကာလမှာ ငါးရက်ဖြစ်သည်။) တွက်ချက်ပုံ၊ ဇာတာခွင် စသည်တို့ကို သင်္ကြန်စာများတွင် လေ့လာတွေ့မြင်နိုင်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကာလတွင် အစဉ်အလာအားဖြင့် မာယသိကြားမင်းသည် သင်္ကြန်အကျနေ့တွင် တာဝတိ်သာနတ်ပြည်မှ လူ့ပြည်သို့ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ မာယသိကြားမင်းသည် လူ့ပြည်သို့ တစ်ရက် (သို့) နှစ်ရက်နေပြီး အတက်နေ့တွင် လူ့ပြည်မှ တာဝတိ်သာနတ်ပြည်သို့ ပြန်တက်သည်ဟုမှတ်သားရသည်။ မာယသိကြားမင်း လူ့ပြည်၌ မည်မျှကြာကြာနေမည်ကို နက္ခတ်ပညာရှင်တို့က မိနစ်၊ စက္ကန့်အတိအကျ အမှန်တွက်ထားပြီး သင်္ကြန်စာများတွင် ဖော်ပြထားသည်ကို လေ့လာမိသည်။ အဆိုပါပညာရှင်တို့သည် မဇ္ဈိမတိုင်း အိန္ဒိယရှေးဟောင်း နက္ခတ်တဗေဒကျမ်းများဖြင့် တွက်ချက်ထားကြပြီး ခေတ်မီအာကာသ လေ့လာရေး မှန်ပြောင်းကြီးတို့ဖြင့် ယနေ့ဂြိုဟ်အနေအထားတို့နှင့် တိုက်ဆိုင်စိစစ်၍ တွက်ပေးထားကြခြင်းဖြစ်ကြောင်း မှတ်သားဖူးပါသည်။

စာရေးသူတို့ မြန်မာလူမျိုးများသည် သင်္ကြန်ကာလ မတိုင်မီကပင် မြေအိုးလေးများ(အတာအိုး)များ ကြိုတင်ဝယ်ယူထားကြပြီး နံသင့်ပန်း ခုနစ်မျိုး (နေ့နံ ခုနစ်မျိုး)တို့ကိုဝယ်၍ အတာအိုးလေးတွင်ထိုးကာ သင်္ကြန်အကြိုနေ့မှ စတင်၍ မိမိတို့၏ အိမ်ရှေ့များတွင် ထားကြပြီး သိကြားမင်းအား ကြိုဆိုကြလေ့ရှိပါသည်။ အဆိုပါအစဉ်အလာမှာ သိကြားမင်း လူ့ပြည်သို့ ဆင်းသက်လာသည်ဟူသော အယူအဆကို အခြေခံ၍ ပေါ်ပေါက်လာသော ဓလေ့တစ်ခုဖြစ်ပါသည်။

ရေသဘင်ပွဲတော်ကြီး၏ အနှစ်သာရမှာ အမှန်အားဖြင့် နှစ်ဟောင်းမှ မကောင်းမှုတို့ကို ဆေးကြောခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟတို့အား ရေကဲ့သို့ အေးစေလိုသော ဆန္ဒဖြင့် အတာရေဖျန်းပတ်ခြင်း၊ မြန်မာ့နှစ်သစ်ကို ကြိုဆိုခြင်း၊ လူ့ပြည်သို့ဆင်းသက်လာသော သိကြားမင်းကြီးအား ကြိုဆိုခြင်းစသည့် အနှစ်သာရများ ပါဝင်ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကြီးကို ခရစ်သက္ကရာဇ်၏ (၄)လပိုင်းဖြစ်သော ဧပြီလ ၁၃ရက်တွင် ပွဲတော်စတင်သည်ဟု ဆိုသော်လည်း ပွဲတော်အတွက် ပြင်ဆင်မှုများကို အစောပိုင်းကပင် ကြိုတင်၍ ပြုလုပ်ထားလေ့ရှိကြပါသည်။ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များစသည့် အဖွဲ့အစည်းအမျိုးမျိုးတို့ ပါဝင်ဆင်နွဲ့ကြသောကြောင့် ပါဝင်ဆင်နွဲ့ရန် နည်းလမ်းနှစ်သွယ်ဖြင့် စီစဉ်ကြလေ့ရှိပါသည်။ ရေပက်ခံမဏ္ဍာပ်တည်ဆောက်ခြင်းနှင့် ရေပက်ခံယာဉ်တို့ဖြင့် လှည့်လည်၍ ရေပက်ခံခြင်းတို့ဖြစ်ပါသည်။

ရေပက်ခံမဏ္ဍာပ်များကိုလည်း ရန်ကုန်မြို့ရှိ ကမ္ဘာအေးဘုရားလမ်းနှင့် ကန်တော်ကြီးပတ်လမ်းတို့တွင် အများဆုံးတည်ဆောက်ကြလေ့ရှိပါသည်။ မြို့နယ်တိုင်းတွင်လည်း မိသားစုမဏ္ဍာပ်ငယ်လေးများဖြင့် ဆင်နွဲ့ကြလေ့ရှိပါသည်။ မဏ္ဍာပ်များကို လမ်းဘေးလူသွားစင်္ကြံန်ပေါ်များတွင် တည်ဆောက်ကြပြီး တစ်ခါတစ်ရံ လမ်းပေါ်သို့ အစွန်းထွက်အောင်တည်ဆောက်ကြလေ့ရှိပါသည်။ မဏ္ဍာပ်များပေါ်တွင်လည်း ရေစည်ပိုင်းများ၊ ရေကျပိုက်များဖြင့် လှပအောင် ဖန်တီးထားကြပါသည်။ အမျိုးသမီးများက တူညီဝတ်စုံဝတ်ကာ သီချင်းများ သံပြိုင်သီဆိုရင်း၊ သင်္ကြန်အကများဖြင့်ကရင်း၊ ပက်ရင်းဖြင့် ရေကစားကြပါသည်။ အချို့က သင်္ကြန်အခါတော် ရေသည်လူတို့အား ကျန်းမာဘေးကင်းစေသည်ဟုလည်း ယုံကြည်ကြပါသည်။ အတာရေများအား ရေခဲတုံးများဖြင့် အေးကျင်နေအောင် လုပ်ထားကြပြီး တစ်ခါတစ်ရံ အမွှေးနံ့သာများထည့်၍ ပက်ဖျန်းကြလေ့ ရှိပါသည်။

ရေသဘင်ပွဲတော် ဆင်နွဲ့လိုသော လူငယ်များက ပိုက်ဆံများစုရှာ ကားများငှားကြကာ ကားပေါ်များတွင်း ဝါး၊ ပျဉ်၊ သံဘောင်၊ ကြိုးများတန်း၍ မိမိတို့၏ စိတ်ကူးများအတိုင်း တည်ဆောက်ကြပါသည်။ ပြီးလျှင်ထိုကားများဖြင့် တစ်မြို့လုံး လှည့်ပတ်၍ ရေပက်ခံကြ၊ ရေပက်ကစားကြကာ အတာရေသဘင်ပွဲတော်အား ပျော်ရွှင်စွာ ဆင်နွဲ့ကြပါသည်။ စိတ်တူကိုယ်တူ လူငယ်အချို့ကလည်း အကအစမ်း လေ့ကျင့်ကြ၊ သီချင်းများစပ်ကြ၊ တီးလုံးများ စပ်ကြပြီး ရေသဘင်သီချင်းများကိုလည်း ရိုးရာနှင့်ခေတ်အလိုက် ပေါင်းစပ်ထားကြကာ သံချပ်များတွင်လည်း အမြင်မတော်သည့်ကိစ္စများကို မီးမောင်းထိုး၍ စပ်ဆိုထားကြလေ့ရှိပါသည်။

ဤကဲ့သို့ အတာသင်္ကြန်ကာလတွင် အဆက်မပြတ် ကခုန်အော်ဟစ်ဆင်နွဲ့ကြပြီး ဧပြီလ ၁၆ရက်နေ့၏ နေဝင်ချိန်တွင် ရေသဘင်ပွဲတော်ကြီးမှာ တရားဝင်ပြီးဆုံးသွားပါသည်။ ဧပြီလ ၁၇ ရက်နေ့သည် နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် အေးဆေးတည်ငြိမ်ပြီး ကျက်သရေမဂ်လာ အပေါင်းနှင့် အလွန်ပြည့်စုံသောနေ့တစ်နေ့လည်းဖြစ်ပါသည်။ ထိုနေ့တွင် ဘာသာရေး၏ အနှစ်သာရများပါဝင်လာပါသည်။ လူကြီးသူမများနှင့် အရွယ်စုံတို့သည် မိမိတို့နီးစပ်ရာ ဘုရားပုထိုးများ၊ ဘုန်းကြီးကျောင်းများသို့ သွားရောက်ကြပြီး (၁၀)ပါးသီလ၊ (၈)ပါးသီလ၊ (၅)ပါးသီလ စသည်ဖြင့် မိမိတို့နိုင်သလို သီလများ ဆောက်တည်ကြပါသည်။ အိမ်ထောင်ရှင်တို့မှာလည်း ဇနီးမောင်နှံနှင့်အတူတကွ နှစ်ဖက်သောမိဘများထံ သွားရောက်ကန်တော့ကြပါသည်။ ကန်တော့ကြရာတွင်လည်း စားကောင်းသောက်ဖွယ်များ၊ မျက်နှာသုတ်ပဝါများ၊ ဆပ်ပြာခဲစသည့် အသုံးအဆောင်ပစ္စည်းတို့ဖြင့် ကုသိုလ်ယူကန်တော့ကြပါသည်။ ဤကဲ့သို့ကန်တော့ခြင်းအားဖြင့် မိမိတို့အိမ်ထောင်ရေးများအဆင်ပြေကြောင်း၊ မိဘနှင့် လူကြီးသူမများ စိတ်ချမ်းသာစေကြောင်း၊ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ ပြေစေကြောင်းနှင့် ကုသိုလ်တရားများ ပွားများနိုင်စေကြောင်းစသည့် ရည်ရွယ်ချက်များဖြင့် ကန်တော့ကြခြင်းဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ၏ တစ်မူထူးခြားသော ဘာသာရေးနှင့် ပတ်သက်သည့်ပွဲတော်များ၊ မပတ်သက်သည့် ပွဲတော်များအား တခမ်းတနားဖြင့် အနှံ့အပြားကျင်းပလျက်ရှိကာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော တိုင်းတစ်ပါးမှ နိုင်ငံခြားသားများ၏ အလယ်တွင် ကမ္ဘာမှာ မြန်မာတော့ဟု ဂုဏ်ယူစွာမော်ကြွားဟစ် ကြွေးနိုင်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ကာလတွင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ မူးရစ်ရမ်းကားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ အမျိုးသမီးများအား ဂုဏ်သိက္ခာထိခိုက်မည့်အပြုများစသည်တို့အား ရှောင်ရှား၍ အတာသင်္ကြန်ရေသင်္ကြန်ပွဲတော်ကြီး၏ အခါသယမတွင် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းအနေဖြင့် ဂုဏ်သိက္ခာရှိစွာနှင့် ပါဝင်ဆင်နွဲ့၍ မြန်မာ့နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုဆင်နွဲစေလိုပါကြောင်း ဆုတောင်းရင်း. . . .

(မြန်မာ့နှစ်သစ်တွင် မြန်မာပြည်သူများ သာယာ ပျော်ရွှင်ကြပါစေ)

ရည်ညွှန်း-မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့နှင့် မြန်မာ့ရှုခင်း(ဦးသန်းဖေ)

ကနီမြို့နယ်တွင် မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများတွင်ကျယ်စွာစိုက်ပျိုး

ကနီ ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် သရက်ပင်ကျေးရွာကွင်းအမှတ်(၁၂၈၃)(ဂ) ကွင်း၌ နှစ်စဉ်လေးလက်မပိုက်တွင်းများဖြင့် ရေများတင်ကာ မိုးကြိုမြေပဲနှင့် ပဲတီစိမ်းများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သရက်ပင်ကျေးရွာကွင်းအမှတ် (၁၂၈၃) (ဂ) ကွင်းဟာ ချင်းတွင်းမြစ်ရေကြီးချိန်တွင် ရေများဝင်ရောက်ပြီး ရေကျချိန်မှစ၍ မြေပဲ၊ ပဲအမျိုးမျိုးနှင့် သီးနှံမျိုးစုံကို တောင်သူအများစု စိုက်ပျိုးကြပြီး ပဲပင်များကြားတွင် နေကြာ၊ သကြားပြောင်းနှင့် စီပီကြက်စာပြောင်းများကို သီးညှပ်အဖြစ် စိုက်ပျိုးကြပါတယ်" ဟု တောင်သူဦးကျော်ခိုင်ဝင်းက ပြောသည်။

ဆောင်းသီးနှံများ ရိတ်သိမ်းပြီးချိန်မတ်လကုန်နှင့် ဧပြီလဆန်းမှစတင်၍ ယခင်နှစ်က မိုးကြိုမြေပဲနှင့် ရေဆင်း(၁၁) ပဲတီစိမ်းများကို ရေတင်ကာ တောင်သူအားလုံးနီပါး စိုက်ပျိုးကြပြီး ဒီနှစ် ကျွန်တော်တို့ရွာမှာ ၂၈၂ ဧကရှိတဲ့ ကိုင်းကျွန်းမြေများပေါ်တွင် ရေဆင်း(၁၁)၊ ရေဆင်း(၁၄)နဲ့ အိန္ဒိယ ပဲတီစိမ်းများအပြင် အချိန်တိုတွင်းဝင်ငွေများပြီး အထွက်တိုးတဲ့ နွေမတ်ပဲကို စမ်းသပ်စတင်စိုက်ပျိုးကြပါတယ်။ အခု ကျွန်တော်တို့ မိုးကြိုစိုက်ပျိုးရန်အတွက် မြေပြင်ရာတွင် တစ်ဧကကို ဓာတ်မြေသြဇာ တစ်အိတ်နှင့် သဘာဝမြေသြဇာ နွားချေးသုံးစီးအထိ ထည့်ကျွေးထားပြီး စိုက်ပျိုးကြခြင်းလည်းဖြစ်ပါတယ်" ဟု ယင်းက ဆက်လက်ပြောသည်။

"ကနီမြို့နယ် ချိုင်ကျေးရွာအုပ်စု၊ သရက်ပင်ကျေးရွာမှာ ကျွန်တော်တို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်ကာ မြို့နယ်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးအတွက် ရေမြေသဘာဝနှင့် ကိုက်ညီသော စံပြကွက်များစိုက်ပျိုးပညာပေးခြင်းများ ဆောင်ရွက်ပါတယ်။ ဒီနှစ်နွေသီးနှံစိုက်ပျိုးမှုမှာ အယ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေလုံလောက်မှုရှိစေရေး၊ စိုက်ပျိုးသီးနှံများ အောင်ရေရရှိစေရေးအတွက် တောင်သူတွေကို ကူညီဆောင်ရွက်နိုင်ရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးသီးနှံများ၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနိုင်ရေးတို့ကိုကျွန်တော်တို့ စိုက်ပျိုးရေးဝန်ထမ်းတွေက ပညာပေးဟောပြောပွဲတွေတောင်သူများနှင့် တွေ့စုံဆွေးနွေးမှုတွေဆောင်ရွက်လျက်ရှိပါတယ်။ အခုတောင်သူတွေ ဈေးကွက်ရပြီး စိုက်ပျိုးရလွယ်ကူတဲ့ ရေဆင်း(၁၁)၊ ရေဆင်း(၁၄)နှင့် အိန္ဒိယ ပဲတီစိမ်းမျိုးယှဉ်ပြိုင်စမ်းသပ်စံပြစိုက်ကွက် (၁၀)ကေကို စမ်းသပ်စိုက်ပျိုးထားပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိကပြောသည်။

သန်းဌေးအောင်(ကနီ)

သာစည်မြို့နယ် ဇေယျသုခ ရေလှူအသင်းကြီးသို့ ရေသယ်ယာဉ်တစ်စီးနှင့် ရေရှစ်ဂါလန်ဝင်ပလတ်စတစ်ပုံးများ ပေးအပ်လှူဒါန်း

သာစည် ဧပြီ ၉

သာစည်မြို့ ဇေယျသုခ ရေလှူအသင်းကြီးသို့ CANTER အမျိုးအစား ရေသယ်ယာဉ်နှင့် ရေဂါလန် ရှစ်ဂါလန်ဝင် ပလတ်စတစ်ပုံး ၂၇၀ ပုံး ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၆ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ ဇေယျသုခရေလှူအသင်းကြီး၏ အကျိုးဆောင်နာယက ဦးဟန်ခင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် အလှူရှင်များကိုယ်စား သာစည်မြို့အမှတ်(၄)ကျောင်းကြီးရပ်ကွက်နေ ကိုမင်းမင်းနှင့် ကိုအုန်းရွှေတို့က လှူဒါန်းမှုပစ္စည်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဇေယျသုခ ရေလှူအသင်းကြီး၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။

ယခုလှူဒါန်းသည့် CANTER အမျိုးအစား ရေသယ်ယာဉ်ကားကို ရန်ကုန်မြို့မှ ဦးလှမောင်ရွှေ+ဒေါ်တင်တင်ဦး မိသားစုတို့က လှူဒါန်းခြင်းဖြစ်သည်။

ရေဂါလန် ရှစ်ဂါလန်ဝင် ပလတ်စတစ်ပုံး ၂၇၀ ပုံးကို ရန်ကုန်မြို့ ခိုင်မေတ္တာဖောင်ဒေးရှင်းနှင့် အလှူရှင်များက ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရခြင်းမှာ သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပူပြင်းသော နွေရာသီကာလ၌ သောက်သုံးရေ အခက်ခဲများနှင့် နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် ရေအခက်အခဲကို ဖြေရှင်းသောအားဖြင့် အလှူရှင်များက လူသားခြင်းစာနာသောစိတ်ဖြင့် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ဦးအုံးရွှေက ပြောသည်။

မောင်ကို (သာစည်)

သင်္ကြန်အကြိုကာလ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်

ကော့သောင်း ဧပြီ ၉

လာမည့် မြန်မာရိုးရာမဟာသင်္ကြန်ကာလ ပြည်သူများ အန္တရာယ်ကင်းစွာ သင်္ကြန်ပွဲတော်အား နွဲ့ပျော်နိုင်ရေး မြို့နယ်အတွင်း မှုခင်းများမဖြစ်ပေါ်ရေး ရည်ရွယ်၍ မြို့နယ်ပြည်သူရဲ့တပ်ဖွဲ့မှ မြို့အတွင်း ရပ်ကွက်များအနှံ့ မြို့ရွာအေးချမ်းတည်ငြိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးရှိစေရန် ညစဉ် လှည့်ကင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက် နံနက် ၁ နာရီက ညအချိန်မတော် အရက်သေစာ သောက်စားမူးယစ်နေသူ လူငယ်များအား ထိန်းသိမ်းပညာပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့၏အချက်အချာ အများပြည်သူ အနားယူအပန်းဖြေရာ ကမ်းနားလမ်းပန်းခြံအတွင်း ဧပြီ ၅ ရက် နံနက် ၁ နာရီတွင် လူငယ်အုပ်စုတစ်စုအရက်သေစာသောက်စားမူးယစ် ပျော်ပါးနေသည်ကို မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ ကင်းလှည့်ဆောင်ရွက်စဉ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများဖြင့် ပူးပေါင်းထိန်းသိမ်းကာ အရက်သေစာသောက်စားမူးယစ်ပြီး မလိုလားအပ်သည့် မှုခင်းပြဿနာများ မပေါ်ပေါက်စေရေး မိဘအုပ်ထိန်းသူများအား ခေါ်ယူအပ်နှံပြီးနောက် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများတွင် ယင်းကဲ့သို့ မပြုလုပ်ကြရန်နှင့် ထပ်မံကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း ပြန်/ဆက်)

အထူးလိုက်လဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အား ကုန်သည်စက်မှုအသင်းချုပ်မှ ပြည်သူလူထုတစ်ရပ်လုံးနှင့် အတူ လိုက်လဲစွာ ကြိုဆိုဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံသားများ လိုလားသည့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အသင်းချုပ်အနေဖြင့် ညီနောင်အသင်းများ၊ ပြည်နယ်တိုင်းဒေသကြီးကုန်သည်စက်မှုအသင်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန တင်ဒါ(Tender)ခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ကမ္ဘာဇရိပ်သာဝင်းအတွင်းရှိ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) မွမ်းမံခြင်းလုပ်ငန်းများအတွက် တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါ သည်-

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၂၁-၄-၂၀၁၆
တင်ဒါပိတ်မည့်ရက် - ၂၈-၄-၂၀၁၆
တင်ဒါပိတ်မည့်အချိန် - ၁၂၀၀နာရီ
တင်ဒါတင်သွင်းရန်နေရာ - အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်။
တင်ဒါဖွင့်မည့်ရက် - ၂၉-၄-၂၀၁၆

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဝန်းချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၀၃၇၊ ၀၆၇-၄၀၈၀၆၆ (အနုပညာဦးစီးဌာန)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၇-၄/ကျီတော်ကုန်း)၊ မြေကွက်အမှတ်(၃၃၆/၃၃၆+၃၈၆)၊ ဧရိယာစား(၀.၅၀၁)ဧကကို ဦးကြည်မောင်မှ မြေငှားဂရန် အသစ်လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါမြေကွက်သည် ခရိုင်ဗြိမ်ဝပ်ပြီးပြားမူတည်ဆောက်ရေးအဖွဲ့၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၏ ၂၃-၁၀-၁၉၉၂ရက်စွဲပါ စာအမှတ် ၁၀၄/၁ -၁၆/ခ၀တ(၁၈၅၄)ဖြင့် ဒေါ်တင်လှ အမည်ဖြင့်ချထားပေးသော မြေကွက်များဖြစ်သည်။ မြေနေရာချထားပေးခံရသူ ဒေါ်တင်လှနှင့် ဦးကြည်မောင်တို့ တရားရုံးတွင် တရားမကြီးအမှတ်(၈/၂၀၁၆)အရ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ တရားမဇာရီမှုအမှတ်(၆၈/၂၀၁၆)အရ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ရောင်းသူနေရာတွင် ခရိုင်တရားရုံးမှ (ဘီလစ်) ခန့်ထားပေးပါရန် လျှောက်ထားမှုအပေါ် တရားရုံးမှ အမိန့်(၂၁၊ ၇၂၊ ၃၇၊ ၄)အရ ဒုဦးစီးမှူးက (ဘီလစ်)အဖြစ်ခန့်ထားခဲ့ပြီး ဦးကြည်မောင် အမည်ဖြင့် မြေနှင့်အဆောက်အအုံ အပြီးအပိုင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် စာချုပ်စာတမ်းအမှတ်(၄၆၊ ၂၀၁၆)အရ မှတ်ပုံတင်ချုပ်ဆိုပြီး မြေငှားဂရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက မိမိတို့၏ ပိုင်ဆိုင်မှုအထောက်အထားနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့

ပြင်ဆင်ဖတ်ရှုပါရန်

၄.၆.၂၀၁၅ ရက်နေ့ ကြေးမုံသတင်းစာ ၏ စာမျက်နှာ ကြော်ငြာ (၂၉) တန်ဘွယ်မိုင် ကြောင်းကြော်ငြာ ဒုရဲဆိပ်တမ်း မြို့နယ် ဒေါ်တင်သန်း (၇/ထတပ (နိုင်)၀၁၂၈၀၈) ၏ ဝရန် သစ်တွင် အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်မြင့် ၀ယ်ယူသူ ဒေါ်တင်သန်း (၇/ထတပ (နိုင်) ၀၁၂၈၀၈) မှ ပါမစ် ဧရာတိ ဝရန်သစ်လျှောက်ဟု ပြည့်နှက်တော်မူပါရန်။

ကိုသန့်ဇင်
CAR RENTAL

ကားမီးစုံခဲစုံအချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ပြင်ဆင်ဖတ်ရှုပါရန်

၁-၃-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ ၏စာမျက်နှာကြော်ငြာ(၁၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်၁/(၃)ဒေါ်စီးစီးမြတ်၏အမည်ပြောင်းတွင်မြေကွက်လိပ်စာ ၁၃၇/ဂ၊ဟောဒေယျာဉ်(၁၇)လမ်း၊၇-ရပ်ကွက်လိုင်သာယာဟုအမှန်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းရ [၇/ယမပ (နိုင်)၀၀၆၇၄၂]၏ သင်္ဘောသားလုပ်သက် မှတ်တမ်းစာအုပ်အမှတ်-မန်း ၉၅/၁၉၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၀၁၁

ပြင်ဆင်ဖတ်ရှုပါရန်

ဗ.၆.၂၀၁၅ ရက်နေ့ ကြေးမုံသတင်းစာ ၏ စာမျက်နှာ ကြော်ငြာ (၂၉) တန်ဘွယ်မိုင် ကြောင်းကြော်ငြာ ဒုရဲဆိပ်တမ်း မြို့နယ် ဒေါ်တင်သန်း (၇/ထတပ (နိုင်)၀၁၂၈၀၈) ၏ ဝရန် သစ်တွင် အမည်ပေါက်ထံမှ အရပ်ကတိ စာချုပ်မြင့် ၀ယ်ယူသူ ဒေါ်တင်သန်း (၇/ထတပ (နိုင်) ၀၁၂၈၀၈) မှ ပါမစ် ဧရာတိ ဝရန်သစ်လျှောက်ဟု ပြည့်နှက်တော်မူပါရန်။

အမည်မှန်

ဆော့လော်မြို့နယ်၊ လန်ဆယ်လာချင်ကျောင်းမှ သတ္တမတန်းဖြေဆိုထားသော မောင်ဒိန်ခန်ဆင်ထော်[၁/ ဆလန(နိုင်)၀၀၄၂၅]၏ အမည်မှန်မှာ မောင်ဒိန်ခန်ဆင် ဖြစ်ပါသည်။

ပတ်စ်ပိုင့်ပျောက်

ကျွန်မ မအင်ဒရာ[၁၃/နခတ(နိုင်)၀၇၁၈၂]၏ ပတ်စ်ပိုင့်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၇၇၈၃၄

ပတ်စ်ပိုင့်ပျောက်

ကျွန်တော်မောင်ကြောင်စိုးဗီ (ခ) စိုးလေး [၁/မကန(နိုင်)၀၀၄၁၁၀၈]၏ ပတ်စ်ပိုင့်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၀၄၅၅၃၄

ပတ်စ်ပိုင့်ပျောက်

ကျွန်တော်ဦးငွေါ်ယော်ဝ[၁/ပတအ(နိုင်)၀၃၀၈၆၉]၏ ပတ်စ်ပိုင့်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၀ ၂၀၆၁၀

(၁-၄-၂၀၁၆) ရက်စွဲပါ ကြေးမုံသတင်းစာတွင် သာသနာ့ဘဏ္ဍာသားဖြစ်ကြောင်း ကြေညာခြင်းပါ ဖော်ပြသူများ မမှန်ကန်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာခြင်း

ဦးမျိုးသူရိန်ထွန်း (၁ ၂/ပဘတ (နိုင်) ၀၀၄၀၃၈) နှင့် ဒေါ်မိမိခိုင် (၁ ၂/ပဘတ(နိုင်) ၀၁၆၀၅၃) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

(၁-၄-၂၀၁၆) ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၃) တွင် ဖော်ပြထားသည့် ဒေါ်ခင်နန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာမှုများမှာ မှန်ကန်မှုမရှိပါ။ ဖခင်ဖြစ်သူ ဦးလှထွန်း မကွယ်လွန်မီကပင် ဦးမျိုးသူရိန်ထွန်းသည် မိသားစုနှင့် ဒီးတူဘောင်ဘက်စီးပွားရှာလေ့ရှိ မိခင်ဖြစ်သူ ဒေါ်ခင်စန်းရီကို ရှာဖေကျေးလွေးစောင့်ရှောက်ခဲ့သည်မှာ သက်သေအထောက်အထားပိုင်လုံစွာရှိပါသည်။ ဖခင်ကွယ်လွန်မိုးနောက် ပိုင်ဘဏ်လည်း ဦးမျိုးသူရိန်ထွန်း ဟုဟာရှိုးမာလေးပလောင်းသည့်အင်ဂြိုဟဒေမှတ်ပုံတင် မိခင်ဖြစ်သူကို အလျှော်အင်းသလိုပြန့် လည်ပောင့်ရှောက်ခဲ့ပါသည်။ ဦးမျိုးသူရိန်ထွန်းသည် မိခင်ပြစ်သူကို ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံ (၃) ပါးမြင့်ပြစ်မှားကျူးလွန်ခဲ့ဖူးခြင်းလည်းမရှိသကဲ့သို့ ဘဏ္ဍာရေးလည်း ပေးကူကူကဲ့ခြင်းမရှိသည်အပြင် စီတန်ဆင်းရဲကိုယ်ဆင်းချမ်းသောပြုမူမဲ့ခဲ့ခြင်းလည်း မရှိပါ။ ဒေါ်မိမိခိုင်မှ လည်း ထောက္ခမပြစ်သူအပေါ် စီတန်ဆင်းချင်ခြင်း ကိုယ်ဆင်းချင်ခြင်းဖြစ်သောင်ပြုလုပ်ခဲ့ဖူးခြင်း မရှိကြောင်းအမှာသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမြိုးထွန်း (LL.B) ဒေါ်ယင်ယင်ထိုက် (LL.B, D.B.L, D.I.L, D.A (Psy))
အထက်တန်းရှေ့နေ (စဉ်-၃၅၂၂) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၀၆)
အမှတ် (၁၀၆)၊ ပထမထပ်၊ ၃၇-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၂၄၇၆ ၊ ၀၉ ၇၃၀၈၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေကွက်အမှတ်-၇၂/ ၂၇၈(ခ)၊ ဧရိယာ ခန့်မှန်းခြေ ပေ(၂၀×၆၀) ကျယ်ဝန်းသော ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်ကို ဝယ်ယူရန် လက်ရှိနေထိုင်ပိုင်ဆိုင်သူဖြစ်သော ဦးအေးထွန်း[၁၂/ဗဟန(နိုင်)၀၀၇၃၉၀]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည်သူမရှိပါက ဖော်ပြပါအိမ်နှင့်မြေကို အရောင်းအဝယ်စာချုပ် ဆက်လက်ပြုလုပ်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ(စဉ်-၃၁၀၅)
BSc, DA, HGP, R.L,DBL,DML, DIL
ဦးဘိုဘိုထွန်း
LL.B(စဉ်-၄၃၃၈၉)
အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၂၅၀၁၂၂၇၃

ဦးသိန်းညွှန့်
BA, HGP, R.L, DBL, DML, DIL
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)
အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၅၀၁၃၁၃၀

ကိုယ်ပိုင်ရှင်များ ဆက်သွယ်ရန်

ကားမီးစုံ ခဲစုံ ကားငှားရမ်းခ

ကိုကိုမောင်
09-43117680, 09-5059821

ကားမည်/ရောင်းမည်

ဗဟန်း၊ တမာရွတ်၊ မရမ်းကုန်း . . . ရန်ကုန်မြို့တွင်း မြို့နယ်စုံ၊ လမ်းမတန်းနှင့် လမ်းသွယ်၊ မြေကွက်(သို့) အဆောက်အအုံပါ) Ph: 09-450044007

ကျွန်ုပ်ရောင်းမည့် ကားများ

ဗဟန်း၊ တမာရွတ်၊ မရမ်းကုန်း . . . ရန်ကုန်မြို့တွင်း မြို့နယ်စုံ၊ လမ်းမတန်းနှင့် လမ်းသွယ်၊ (မြေကွက်(သို့) အဆောက်အအုံပါ) Ph: 09-450044007

၂၉-၃-၂၀၁၆ ရက်စွဲပါ ကြေးမုံသတင်းစာမှ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန်းမြင့်နှင့်အဖွဲ့ဝင်များ၏ ကြေညာချက်အား ပြန်လည်အသိပေး အကြောင်းကြားကြေညာခြင်း

ကြေးမုံသတင်းစာမှ ၂၉-၃-၂၀၁၆ ရက်စွဲပါ ကြေညာချက်အား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်လွင်လွင်ထူး(ဘ)ဦးကံညွှန့်[၁ ၂/တမန(နိုင်)၀၅၁၀၃၈၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ဒေါ်လွင်လွင်ထူးသည် ရန်ကုန်မြို့၊ တမာရွတ်မြို့နယ်၊ ၄-ရပ်ကွက်၊ ၆-လမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်-၈၊ အခန်း-၂၀၃ အခန်းအား ၁၄-၈-၂၀၁၅ ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူပြီး လက်ရောက်ရယူနေထိုင်ခဲ့ပါသည်။ ထိုသို့ဝယ်ယူ၍ နေထိုင်နေကြောင်း ၁၉-၉-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ လာရောက်ကန့်ကွက်ခြင်းမပြုခဲ့ပါ။ လွှတ်လပ်သော လက်ရှိနေထိုင်မှုဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ တရားဝင်နေထိုင်ခဲ့သည်မှာ ယနေ့အထိဖြစ်ပါ၍ ဥပဒေမဲ့လုပ်ရပ်များ၊ တင်ပြမှုများအုပ်စုလိုက်ဖွဲ့၍ လိမ်လည်မှုပြုနေသူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း လုပ်ကြီးမင်းတို့နှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်လတ် B.A(LAW), LL.B **ဒေါ်ခင်သီရိထွန်း LL.B, Dip in IT**
(စဉ်-၄၂၈၃) **(စဉ်-၃၅၂၇၁)**
(တရားလွှတ်တော်ရှေ့နေ) **(အထက်တန်းရှေ့နေ)**
တိုက်(၁၀/ခ)၂)၊ အခန်း-၁၀၄(H)၊ ၃၅-လမ်းတို့၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၀၇၃၃၃ ၀၉-၄၄၈၀၄၇၀၉၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မြတ်လေးနွယ်လမ်း၊ အမှတ်(၁၄၈)နေထိုင်သူ ဦးခင်မောင်[၁ ၂/ဒပန(နိုင်)၀၄၁၆၅၈]မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက် အမှတ်-နွယ်အေး၊ မြေကွက်အမှတ်-၈၈/၃၂၂ မြေအမျိုးအစား-နှစ်(၆၀)မြေဌား ဂရန်စာချုပ် အမည်ပေါက်မှာ ဦးခင်မောင်ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက် ကိုမျှ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း မရှိဘဲ ကျွန်တော် ဦးခင်မောင် တစ်ဦးတည်း ယနေ့အချိန်ထိ တရားဝင်ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

ဤမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ပိုင်ရေးဆိုင်ခွင့်ကို ထိပါးလာသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူတိုင်ကြားသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးခင်မောင်[၁ ၂/ဒပန(နိုင်)၀၄၁၆၅၈]**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်သန်းသန်းမြင့်[၁ ၂/ကတတ(နိုင်)၀၀၇၃၀၈]၏ သားဖြစ်သူ မောင်အောင်ညီမင်းဇင်(ခ)အောင်သီဟသည် မိခင်နှင့်ဆွေမျိုးသားချင်းများအပေါ် စိတ်အနှောင့်အယှက်ဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့ကြော်ငြာပါသည့် နေ့မှစ၍ ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအ၀ဝအား လုံး၀တာ၀နဉ်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်သန်းသန်းမြင့်[၁ ၂/ကတတ(နိုင်)၀၀၇၃၀၈]

ကိုတ္ထိမသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ် ကျောင်းလမ်း၊ အမှတ်-၁၅၅ ၅-လွှာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမိမိ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

